မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၇၆)

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

၂၀၁၆ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိဘပြည်သူများသို့ ရေဒီယိုမှ မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဇူလိုင် ၇

မန္တလေးမြို့ ပဋိပက္ခနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ဇူလိုင် ၇ ရက် ည ၈ နာရီတွင် လည်းကောင်း၊ ဇူလိုင် ၈ ရက် နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့်ည ၈ နာရီတို့တွင်လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံသားအားလုံး အသိရှိရှိ၊ သတိရှိရှိနဲ့ ဉာဏ်အမြော်အမြင်ကြီးကြီးထားပြီး ပူးပေါင်းဆောင်ရွက်

မန္တလေးမြို့ ပဋိပက္ခနှင့်ပတ်သက်၍
နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်း
(၇-၇-၂၀၁၆)

မိဘပြည်သူများခင်ဗျား-

ကျွန်တော့်အနေနဲ့ အခုလို မိန့်ခွန်းပြောကြားရတဲ့ အကြောင်းအရင်းကတော့ လွန်ခဲ့တဲ့ရက်ပိုင်းအတွင်း မြန်မာ့ယဉ်ကျေးမှုမြို့တော်လို့ဆိုရမယ့် မန္တလေးမြို့မှာ အမှုအခင်းကိစ္စတစ်ခုကို အကြောင်းပြုပြီး မလိုလားအပ်တဲ့ ချဲ့ကားသွေးထိုးလှုံ့ဆော်မှုတွေကြောင့် ပြည်သူများစိတ်မချမ်းသာဖွယ်ရာ ဖြစ်ခဲ့ရတဲ့ ကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့အစိုးရရဲ့ ရပ်တည်ချက်ကို ပြောကြားလိုတဲ့အတွက်ပဲဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုကိုပျက်ပြားစေတဲ့ အဆိုပါ ဆူပူရမ်းကားမှုများကြောင့် အပြစ်မဲ့ ထိခိုက်ဒဏ်ရာရကြသူများနဲ့ သေဆုံးသူနှစ်ဦးအတွက်လည်း မိသားစုများနဲ့ထပ်တူ ဝမ်းနည်းမိပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရစတင်တာဝန်ယူစဉ်တည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရဲ့ အဓိကရည်မှန်းချက်ဟာ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒီမိုကရေစီအလေ့အထများ ထွန်းကားရှင်သန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်နိုင်ရေးပဲ ဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရဲ့ အဓိကအရေးအကြီးဆုံးဖြစ်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်နဲ့ ရေးသားခွင့်များရရှိလာပြီး အရှေ့တောင်အာရှမှာ မီဒီယာလွတ်လပ်မှု အမြင့်မားဆုံးနိုင်ငံများထဲက တစ်နိုင်ငံအဖြစ်ကိုလည်း ရောက်ရှိခဲ့ပါတယ်။ သို့သော်လည်း မီဒီယာလွတ်လပ်မှုကို တိုင်းပြည်အကျိုးဖြစ်စေမယ့် ရေးသားပြောဆိုမှုအစား နိုင်ငံတော်လုံခြုံရေးအတွက် အန္တရာယ်ပေးလာပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးတိုးတက်ပြီး ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ်

စာမျက်နှာ ၃ ကော်လံ ၁ ✽

> **❝ လက်ရှိမန္တလေးမှာဖြစ်ပွားခဲ့တဲ့ ပဋိပက္ခကို သင်ခန်းစာယူပြီး မြန်မာနိုင်ငံရဲ့ အခြားမည်သည့်နေရာဒေသမှာမှ ထပ်မံမဖြစ်ပွားဖို့နဲ့ တည်ငြိမ်အေးချမ်းမှုကိုပျက်ပြားစေမယ့် သွေးထိုးလှုံ့ဆော်မှုတွေကိုလည်း တရားဥပဒေနဲ့အညီ ပြတ်သားစွာ အရေးယူဆောင်ရွက်နိုင်ဖို့ ပြည်သူအားလုံးက အစိုးရနဲ့အတူ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်း ❞**

ယနေ့ မာတိကာ

ယူကရိန်းတပ်များ မြို့ကြီးလေးမြို့ကို ၂၄ နာရီအတွင်း ပြန်လည်ရယူ — စာ » ၄

စစ်တောင်းမြစ်ရေနည်းပါး၍ ယာယီမြစ်ကူးတံတားများ ဆက်လက်အသုံးပြုနေ — စာ » ၁၁

ဂျိုကိုဗစ်၏ အခက်ခဲဆုံးသော ဖလားလုပွဲ — စာ » ၁၄

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

အပေါင်ပစ္စည်းမလိုအပ်ဘဲ ငွေချေးနိုင်မည့် ချေးငွေအာမခံစနစ်ကို စမ်းသပ်မည်

သတင်းနှင့်ဓာတ်ပုံ ခင်ရတနာ

ရန်ကုန် ဇူလိုင် ၇

ချေးငွေအာမခံ ရရှိထားပါက အပေါင်ပစ္စည်းမလိုဘဲ ငွေချေးယူနိုင်ရန် စီစဉ်လျက်ရှိရာ ပြည်တွင်းအလတ်စား၊ အသေးစားလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများ တိုးလာနိုင်သော်လည်း အဆိုပါစနစ်ကို ပြည်တွင်း၌ အသုံးပြုနိုင်ရန်မှာမူ စိန်ခေါ်မှုအချို့ ရှိလာနိုင်ကြောင်း ဘဏ်လုပ်ငန်း အသိုင်းအဝိုင်းမှ သိရသည်။

ပြည်တွင်းလုပ်ငန်းရှင်များ လုပ်ကိုင်လျက်ရှိသော ပုဂ္ဂလိကဘဏ်တစ်ခု။ (ခရက်ဒစ်ဗျူရိုစနစ်အရဆိုလျှင် လုပ်ငန်းရှင်သည် အပေါင်ထားစရာမလိုဘဲ ဘဏ်တစ်ခုပြီးတစ်ခုမှ ငွေချေးယူနိုင်မည်)

အပေါင်မလိုဘဲ ငွေချေးနိုင်မည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ချေးငွေအာမခံကို မြန်မာ့အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ရောင်းချမည်ဖြစ်ပြီး ချေးငွေအာမခံရရှိထားပါက အသေးစားအလတ်စား စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်တွင် အပေါင်ပစ္စည်းမလိုဘဲ ငွေချေးနိုင်မည်ဖြစ်ကြောင်း အဆိုပါဘဏ်၏ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ငွေးက ပြောကြားသည်။

"အပေါင်ပစ္စည်း မလိုအပ်ဘဲ ငွေချေးနိုင်မယ့် အာမခံစနစ်ကို ပထမဆုံး တစ်နှစ်စမ်းသပ်လုပ်ကိုင်မှာ ဖြစ်ပါတယ်။ အောင်မြင်မှု အခြေအနေကို မူတည်ပြီးရေရှည်မှာ ဆက်လက်လုပ်ကိုင်သွားဖို့ ရှိပါတယ်။ အခက်အခဲတွေကတော့ အများကြီးရှိပါတယ်။ နိုင်ငံအနေနဲ့ မူဝါဒတစ်ခုကနေတစ်ခု၊ စနစ်တစ်ခုကနေတစ်ခုကို ကူးပြောင်းရတဲ့အတွက် စိန်ခေါ်မှုတွေကိုလည်း ထည့်သွင်း စဉ်းစားထားရပါတယ်။ ဒါပေမယ့် အာမခံဝယ်ယူထားပြီးဆုံးရှုံးမှုတစ်စုံတစ်ရာ ဖြစ်လာမယ်ဆိုရင် မြန်မာ့အာမခံလုပ်ငန်းအနေနဲ့ ၆၀ ရာခိုင်နှုန်းပေးလျော်ဖို့ စီစဉ်ထားပါတယ်"ဟု အာမခံကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။

လက်ရှိတွင် အသေးစား၊အလတ်စား စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်သည် ချေးငွေအာမခံမရှိသည့် လုပ်ငန်းများကို ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ ရိုးရိုးချေးငွေအတွက် အတိုးနှုန်း ၁၂ ရာခိုင်နှုန်းနှင့် အသေးစား၊ အလတ်စားလုပ်ငန်းရှင်များအတွက် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ချေးငွေများ ထုတ်ချေးလျက်ရှိပြီး ပစ္စည်းအပေါင်

စာမျက်နှာ ၁၀ ကော်လံ ၁ ✽

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြန်လည်နိုးထလာသော သမဝါယမ

ကျွန်ုပ်တို့နိုင်ငံတွင် အတိတ်ကာလတစ်ချိန်က သမဝါယမဆိုင်များ မြို့နယ်တိုင်း၊ ရပ်ကွက်၊ ကျေးရွာတိုင်း၌ ရှိခဲ့ဖူးပါသည်။ နို့ဆီ၊ သကြား၊ ဆပ်ပြာခဲမှအစ ဆန်၊ ဆီ၊ ဆား၊ ဆေးအစရှိသဖြင့် အခြေခံစားသုံးကုန်၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို သမဝါယမဆိုင်များက အိမ်ထောင်စုအလိုက် ခွဲတမ်းစနစ်ဖြင့် ရောင်းချပေးခဲ့ပါသည်။ ထိုခေတ် သမဝါယမလုပ်ငန်းများမှာ မူဝါဒအရ မဖြစ်မနေထူထောင်ခဲ့ကြခြင်းဖြစ်ပြီး သမဝါယမအခြေခံမှုများ အားနည်းခဲ့သည်ဟု ဆိုရပါမည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲလိုက်သည့်အခါ သမဝါယမလုပ်ငန်းများမှာ ယှဉ်ပြိုင်မှုများ မပြုနိုင်တော့ဘဲ ကျဆင်းသွားခဲ့ရပါသည်။ အကြောင်းသည်ကား ဈေးကွက်စီးပွားရေးစနစ်အရ ပြည်ပမှတင်သွင်းလာသော ကုန်ပစ္စည်းများသည် သမဝါယမဆိုင်များတွင် ရောင်းချသော ပစ္စည်းများထက် အရည်အသွေးလည်းကောင်း၊ ဈေးနှုန်းလည်း သက်သာပါသည်။ထိုမှစ၍ သမဝါယမဆိုင်များတွင် သွားရောက်ဝယ်ယူသူ နည်းပါးသွားခဲ့ပါသည်။ ထို့နောက်တွင် GEC ဆိုင်များ၊ ဝင်းသူဇာအရောင်းဆိုင်များ ပေါ်ပေါက်ခဲ့ပါသည်။ ထိုဆိုင်များသည် အစပိုင်းတွင် အောင်မြင်ခဲ့သော်လည်း နောက်ပိုင်း သမဝါယမဆိုင်များကဲ့သို့ ဖြစ်ခဲ့ရပါသည်။

ယခုတစ်ဖန် သမဝါယမလုပ်ငန်းများ ပြန်လည်နိုးထလာပြီဟုဆိုရပါမည်။ အကြောင်းသည်ကား အသေးစားချေးငွေလုပ်ငန်းကြောင့်ဖြစ်ပါသည်။ လယ်ထွန်စက်၊ အပ်ချုပ်စက်၊ ခြွေလှေ့စက် အစရှိသည်ဖြင့် တောင်သူလယ်သမားသုံးပစ္စည်းများကိုလည်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးပါသည်။ ထို့အပြင် မြို့ပြများတွင်လည်း ဝင်ငွေနည်းမိသားစုများအား အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများထုတ်ချေးသည့်အပြင် ဆိုက်ကားမှ တက္ကစီမော်တော်ယာဉ်များအထိ အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိပါသည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစပြီး ဇွန်လအထိ သမဝါယမဝန်ကြီးဌာနက ပြည်သူများ၏အရင်းအနှီးအတွက် ကျပ်သန်းပေါင်း ၁၄၅၈၁၅ သန်းကျော် ထုတ်ချေးထားပြီး တန်ဖိုးငွေကျပ်သိန်းပေါင်း ၅၄၂၄၅ ဒသမ ၉၁၅ သိန်းရှိသည့် စက်ကိရိယာအမျိုးမျိုးအရေအတွက်ပေါင်း ၂၇၆၅ ခုကိုလည်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးထားပြီဖြစ်ကြောင်း သိရသည်။ တောင်သူလယ်သမားများအတိုးနှုန်းသက်သာစွာဖြင့် အရင်းအနှီးရရှိရေးအတွက် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကို ၂၀၁၅ ခုနှစ်အကုန်တွင် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်အောင် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

ဤကဲ့သို့ အရင်းအနှီးများထုတ်ချေးခြင်း၊ စက်ကိရိယာအရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးတက်လာပြီး မိသားစုများ စီးပွားရေးချောင်လည်လာရန်ပင် ဖြစ်ပါသည်။ တစ်နည်း အားဖြင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် အထောက်အပံ့ ဖြစ်လာရန်ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းများမှ သားငါးကုန်ထုတ်ကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လုပ်ကိုင်လာနိုင်ရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဘက်တွင်လည်း ဆယ့်နှစ်ရာသီပတ်လုံး ပို့ကုန်အမယ်သစ်များ တီထွင်ကြံဆစိုက်ပျိုးထုတ်လုပ်တင်ပို့လာနိုင်မည်ဖြစ်ပါသည်။ သမားရိုးကျမွေးမြူရေး၊ သမားရိုးကျစိုက်ပျိုးရေးဖြင့် မအောင်မြင်နိုင်ပါ။ တီထွင်ကြံဆ အင်တိုက်အားတိုက် စိုက်ပျိုးမွေးမြူလုပ်ကိုင်နိုင်ပါမှ တိုးတက်ပါ မည်။ ချေးငွေများကို ထိထိရောက်ရောက် အကျိုးရှိအောင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားကြမည်ဖြစ်ပေသည်။ သို့မှသာ သမဝါယမချေးငွေစနစ် တိုးတက်မှုနှင့်အတူ ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပညာရှင်များဖိတ်ခေါ်ပြီး နိုင်ငံနှင့်လိုက်လျောညီထွေရှိသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့

နေပြည်တော် ဇူလိုင် ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇူလိုင် ၅ ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု၏ (Third Wave) တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ဆွေးနွေးပွဲတက်ရောက်၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုတတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များအား ဝန်ထမ်းများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်ရန် ကျင်းပသော ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရသည် ပြည်သူရွေးချယ် တင်မြှောက်သော အစိုးရအဖွဲ့အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပနိုင်ငံမှ ပညာရှင်များ ဖိတ်ခေါ်ဆွေးနွေးပြီး မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူလူထု၏ လိုအပ်ချက်များ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေး၍ ဆောင်ရွက်ပေးနိုင်သည်များကို အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်သူကိုဗဟိုပြု ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အတွေးအခေါ် အယူအဆများ ပြောင်းလဲပြီး ခေတ်နှင့်အညီ ကောင်းမွန်သော မှန်ကန်သည့်လမ်းကြောင်းပေါ်ရောက်ရှိရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဆွေးနွေးပွဲတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (စီမံကိန်း/အုပ်ချုပ်ရေး)(အငြိမ်းစား) ပညာရှင်များက နိုင်ငံတော်၏ တတိယအဆင့် အရှိန်မြှင့်တင်မှု(Third Wave) လုပ်ငန်းစဉ်များ ဆွေးနွေးတင်ပြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထူးစီမံကိန်းကြီး အဖွဲ့ (၅)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော ဘုရင့်နောင်တံတား အမှတ် (၂) တည်ဆောက်ရေး စီမံကိန်းရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ အထူးစီမံကိန်းကြီးအဖွဲ့(၅) အင်ဂျင်နီယာမှူးကြီးက ဘုရင့်နောင်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်းတွင် သံပေါင်များ တပ်ဆင်ပြီးစီးမှု၊ ဆက်လက်၍ သံပေါင်တပ်ဆင်မည့် အစီအစဉ်များ၊ သံပေါင်နှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိမှု၊ နေ့ဆိုင်း/ညဆိုင်းများဖြင့် တည်ဆောက်ရေး လျာထားစီမံချက်များကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေးလုပ်ငန်းများ သံပေါင်တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေပေးမြောင်းအတွင်း စွန့်ပစ်အမှိုက်များ ပိတ်ဆို့လျက်ရှိ

မိတ္ထီလာမြို့ ပြည်သာယာမြောက်ပိုင်းရပ်ကွက်(၁)လမ်းအနီးရှိ စိုက်ပျိုးရေပေးမြောင်းအတွင်း စွန့်ပစ်အမှိုက်များ ပိတ်ဆို့လျက်ရှိကြောင်းသိရသည်။

ယခုအချိန်တွင် သီးနှံစိုက်ပျိုးရာသီဖြစ်ရာ သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနမှ ဒေသခံတောင်သူများ စိုက်ပျိုးရေရရှိစေရေးအတွက် ချောင်းမြောင်းများမှတစ်ဆင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည်။ ထိုသို့ပေးဝေရာတွင် စိုက်ပျိုးရေပို့လွှတ်သည့်ချောင်းမြောင်းများ ပျက်စီးယိုယွင်းမှုကြောင့်လည်းကောင်း၊ ချောင်းမြောင်းများအတွင်း အနီးပတ်ဝန်းကျင်ရှိ ဒေသခံများ၏ အမှိုက်သရိုက်များ စွန့်ပစ်မှုကြောင့်လည်းကောင်း စိုက်ပျိုးရေပေးဝေရေးမှာ များစွာ နှောင့်နှေးလျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည့်တောင်သူများမှာ အခက်အခဲများ ကြုံတွေ့ရသည်။ ယခုအမှိုက်များ ပိတ်ဆို့နေသည့် စိုက်ပျိုးရေပေးမြောင်းမှ စိုက်ပျိုးရေကို လျှော်ဖြူကန်၊ ကန်တိုင်ပေါက်၊ မန်ကျည်းစု၊ ကွမ်းခြံရိုး၊ ရှမ်းတဲစသည့်ကျေးရွာများမှ ဒေသခံတောင်သူများ မိုးစပါးစိုက်ပျိုးရေးအတွက် ပေးဝေခြင်းဖြစ်သည်။

အဆိုပါ စိုက်ပျိုးရေပေးဝေရေးမြောင်းသည် မန်ကျည်းချောက်ကျေးရွာအနီးတွင် လည်းကောင်း၊ ပြည်သာယာ မြောက်ပိုင်းရပ်ကွက်အနီးတွင်လည်းကောင်း အပင်များ၊ အမှိုက်သရိုက်များ ပိတ်ဆို့လျက်ရှိရာ သက်ဆိုင်ရာက ရှင်းလင်းဖယ်ရှားပေးရန်လိုအပ်လျက်ရှိကြောင်း သိရသည်။ **တီလာသား**

ထင်သာမြင်သာ ပြုပြင်စရာ

သမဝါယမ မွမ်းမံသင်တန်းဖွင့်

မော်လမြိုင် ဇူလိုင် ၇

သမဝါယမ သင်တန်းကျောင်း (မော်လမြိုင်)တွင် ဇူလိုင်၂ရက် မွန်းလွဲ ၂ နာရီက သမဝါယမမွမ်းမံသင်တန်းဆင်းပွဲ ကျင်းပခဲ့သည်။ သင်တန်းတွင် သမဝါယမ သဘောတရားများ နားလည်စေရန်၊ စာရင်းဇယားထားသိုမှု၊ ရေးဆွဲမှုများ စနစ်တကျရှိစေရန်၊ အသင်း၏ စာရင်းဇယားများကို ကိုယ်တိုင်သိရှိ ရေးဆွဲတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းကို ဇွန် ၂၃ ရက်မှ ဇူလိုင် ၂ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းသို့ မွန်၊ ကရင်၊ တနင်္သာရီနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ သင်တန်းသား ၄၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်တွင်းသတင်း

အစိုးရအဖွဲ့အနေနဲ့ မန္တလေးမြို့တည်ငြိမ်အေးချမ်းသာယာရေး ညီညီညွတ်ညွတ်လက်တွဲလုပ်ဆောင်မှုများကို အားပေးကြဖို့ဆို

❀ ရှေ့ဖုံးမှ

တည်ဆောက်ရာမှာ အဓိကလိုအပ်ချက်ကတော့ လူ့အသိုက်အဝန်းကြားမှာ ဒီမိုကရေစီအလေ့အထများ ရှင်သန်ထွန်းကားရေးပဲဖြစ်ပါတယ်။ဒီအတွက် ကျွန်တော်တို့နိုင်ငံသားများဟာ ဒီမိုကရေစီရဲ့အနှစ်သာရများဖြစ်တဲ့ မတူကွဲပြားမှုများကိုနားလည်လက်ခံခြင်း၊ လူအများစုရဲ့ဆန္ဒနှင့်ဆုံးဖြတ်ခြင်းဖြစ်သော်လည်း လူနည်းစုရဲ့အခွင့်အရေးများကိုလည်း လေးစားခြင်းနဲ့မတူညီတဲ့ ရပ်တည်ချက်များအပေါ်မှာ ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းစတဲ့အလေ့အကျင့်များကို မွေးမြူကြရမှာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်း နိုင်ငံသားများဟာ မိမိတို့ယုံကြည်ရာ ဘာသာတရားများကို လွတ်လပ်စွာကိုးကွယ်ခွင့် အပြည့်အဝပေးအပ်ထားတာကို တွေ့ရမှာဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲရေးကာလအတွင်းမှာပဲ ကျွန်တော်တို့နိုင်ငံအနေနဲ့ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခစိန်ခေါ်မှုများကိုရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး အချို့သောပဋိပက္ခများဟာ ဆင်းရဲမွဲတေမှု၊ပညာချို့တဲ့မှု၊ ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျမှုစတဲ့ နက်နဲတဲ့အကြောင်းတရားများစွာကြောင့် ဖြစ်ပေါ်ခဲ့ရတာဖြစ်ပါတယ်။ သို့သော်လည်း အချို့သောပဋိပက္ခများကတော့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ မျှော်လင့်ချက်ဖြစ်တဲ့ ဒီမိုကရေစီအလေ့အထများ ရှင်သန်ထွန်းကားတဲ့လူ့အဖွဲ့အစည်းတည်ဆောက်ရေးကို တမင်နှောင့်ယှက်ဖျက်ဆီးလိုတဲ့သဘောနဲ့ ရည်ရွယ်ချက်ရှိရှိလှုံ့ဆော်လုပ်ဆောင်ခြင်းဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။ မိမိတို့ရဲ့ ကိုယ်ကျိုးစီးပွားကိုရှေးရှုပြီး အတ္တကိုရှေ့တန်းတင်လုပ်ဆောင်ကြသူများရဲ့ သွေးထိုးလှုံ့ဆော်မှုများကြောင့် အပြစ်မဲ့ပြည်သူများ နာကျင်ခံစားခဲ့ရပြီး နိုင်ငံတကာမှာ တိုင်းပြည်ရဲ့ပုံရိပ်နဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေခဲ့ပါတယ်။ ဒါကြောင့် ရည်ရွယ်ချက်ရှိရှိနဲ့ လူ့အသိုက်အဝန်းများကြားမှာ အမုန်းတရားများပြန့်ပွားပြီး ပဋိပက္ခဖြစ်အောင် သွေးထိုးလှုံ့ဆော်ဖန်တီးမှုများဟာ တိုင်းပြည်ကို ဖျက်လိုဖျက်ဆီးပြုလုပ်တာပဲဖြစ်ပြီး လူမျိုး၊ ဘာသာမရွေး မိမိတို့လူ့အဖွဲ့အစည်းတစ်ခုလုံးကို အန္တရာယ်ကျရောက်စေမယ့် လုပ်ရပ်များဖြစ်တဲ့အတွက် ပြတ်ပြတ်သားသားကိုင်တွယ်ပြီး ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

မန္တလေးသူ မန္တလေးသားများဟာ လူမျိုးမရွေး ဘာသာမရွေးဘဲ နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာနဲ့ အတူတကွ နေထိုင်လာခဲ့ကြတဲ့ အစဉ်အလာရှိခဲ့ကြပါတယ်။ တစ်ဦးရဲ့ ပွဲလမ်းသဘင်မှာ၊ လူမှုရေးကိစ္စရပ်များမှာ တစ်ဦးက ကူညီဆင်နွှဲရင်းနဲ့ ကိုးကွယ်ရာဘာသာချင်း မတူညီသော်လည်း အသွင်တူတဲ့ မန္တလေးသူ မန္တလေးသားဆိုတဲ့ ဒေသစွဲစိတ်နဲ့ ငြိမ်းချမ်းစွာအတူနေကြတဲ့ အခြားသောဒေသများအတွက်ပါ အတုယူစရာ စံပြလူ့အဖွဲ့အစည်းတစ်ရပ်အဖြစ်လည်း ဂုဏ်သတင်းကျော်စောပါတယ်။ ဒါကြောင့်လည်း ဒီရက်ပိုင်းအတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ မတည်မငြိမ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်မှုများကို အားလုံးလက်တွဲပြီး အသိရှိရှိ၊ သတိရှိရှိနဲ့ စဉ်းစားဆင်ခြင်ဉာဏ်ရှိရှိ တုံ့ပြန်နိုင်ခဲ့ကြတာဖြစ်ပါတယ်။ အပြစ်မဲ့သေဆုံးရမှုနဲ့ ပျက်စီးဆုံးရှုံးမှုအချို့ကြောင့် ဝမ်းနည်းစရာကိစ္စရပ်များဖြစ်ပေါ်ခဲ့ရသည့်တိုင် စိတ်ဖြေသာစရာတစ်ခုအနေနဲ့ မန္တလေးသူ မန္တလေးသားများဟာ လူတစ်စုရဲ့ မတရားဖန်တီးမှုကိုလက်မခံဘဲ အတူလက်တွဲပြီး ဟန့်တားခဲ့ကြတာပဲဖြစ်ပါတယ်။ သံဃာတော်များ၊ ဘာသာရေးခေါင်းဆောင်များနဲ့ နှစ်ဖက်ဘာသာဝင်များက လူမှုရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများဟာ ဖြစ်ပေါ်လာတဲ့အခြေအနေများကို အတူလက်တွဲရင်ဆိုင်ခဲ့ကြပြီး ဒါဟာ ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ အထူးလိုအပ်နေတဲ့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ယုံကြည်မှုနဲ့ပူးပေါင်းဆောင်ရွက်မှုဆိုတဲ့ တန်ဖိုးများကို မန္တလေးမြို့မှာ အထင်အရှား တွေ့မြင်ခဲ့ကြရတာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့လည်း မန္တလေးမြို့ တည်ငြိမ်အေးချမ်းသာယာရေးအတွက် အခုလို ညီညီညွတ်ညွတ် လက်တွဲလုပ်ဆောင်မှုများကို အားပေးကြိုဆိုပြီး စီမံခန့်ခွဲမှုများပြုလုပ်ရာမှာ အားလုံးနဲ့အတူလက်တွဲဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။

လက်ရှိမှာ မန္တလေးမြို့တည်ငြိမ်အေးချမ်းရေးအတွက် လုံလောက်တဲ့အဖွဲ့အစည်းများဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ လုံခြုံရေးအဖွဲ့အစည်းများရဲ့ အကူအညီကိုရယူပြီး လိုအပ်တဲ့စီမံခန့်ခွဲမှုများကို စနစ်တကျလုပ်ဆောင်လျက်ရှိပါတယ်။ အကြမ်းဖက်မှုအတွင်းမှာ ပါဝင်ခဲ့ကြသူများနဲ့ ပဋိပက္ခဖြစ်ပေါ်စေဖို့ရည်ရွယ်ချက်ရှိရှိဖန်တီးခဲ့သူများကိုလည်း စုံစမ်းဖော်ထုတ်ပြီး ပြတ်ပြတ်သားသားနဲ့ ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ သွေးထိုးလှုံ့ဆော်မှုများနဲ့ အကြမ်းဖက်ဖျက်ဆီးမှုများကိုလည်း နိုင်ငံတော်အနေနဲ့ လုံးဝသည်းခံမှာမဟုတ်ဘဲ ချက်ချင်းပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်မှာဖြစ်တဲ့အကြောင်း ထပ်လောင်းပြောကြားအပ်ပါတယ်။

တိုင်းပြည်နဲ့ လူ့အဖွဲ့အစည်းရဲ့အကျိုးကိုမရှေးရှုဘဲ ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင်ပြီး နိုင်ငံကိုဖျက်ဆီးလိုသူများဟာ လူမျိုးတိုင်း၊ ဘာသာတိုင်းရဲ့ လူ့အဖွဲ့အစည်းတိုင်းမှာရှိနေတာဖြစ်ပါတယ်။ အခု မန္တလေးမြို့မှာ လတ်တလောဖြစ်ပွားခဲ့တဲ့ပဋိပက္ခများဟာ လူတစ်စု၊ အဖွဲ့အစည်းတစ်ခုက ရည်ရွယ်ချက်ရှိရှိနဲ့ တမင်ဖန်တီးလုပ်ဆောင်ခြင်းဖြစ်ကြောင်း ရှင်းလင်းစွာ တွေ့မြင်ရမှာဖြစ်ပါတယ်။ အခုလို သွေးထိုးလှုံ့ဆော်မှုများ၊ ဥပဒေမဲ့လုပ်ဆောင်မှုများနဲ့ရန်ပြုမှုများကို ထောက်ခံအားပေးခြင်း၊ ဥပဒေမဲ့တုံ့ပြန်ခြင်းမပြုဘဲ တရားဥပဒေအတိုင်းဖြစ်စေဖို့အတွက် နိုင်ငံသားအားလုံးက အစိုးရအဖွဲ့နဲ့အတူ ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားအပ်ပါတယ်။

နိုင်ငံသားအချင်းချင်း အမုန်းတရားကြီးထွားစေမယ့် အပြောအဆိုများ၊ ရေးသားမှုများနဲ့ ပြုမူဆောင်ရွက်မှုများကိုအားမပေးဘဲ ရှောင်ရှားကြဖို့၊ ပါဝင်လုပ်ဆောင်မှုမပြုကြဖို့နဲ့ အဆိုပါအပြုအမူများကို ပြတ်သားစွာအရေးယူဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံသားအားလုံးက အသိရှိရှိ၊ သတိရှိရှိနဲ့ ဉာဏ်အမြော်အမြင်ကြီးကြီးထားပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ အထူးလိုအပ်ပါကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ လက်ရှိမန္တလေးမှာဖြစ်ပွားခဲ့တဲ့ ပဋိပက္ခကို သင်ခန်းစာယူပြီး မြန်မာနိုင်ငံရဲ့ အခြားမည်သည့်နေရာဒေသမှာမှ ထပ်မံမဖြစ်ပွားဖို့နဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမယ့် သွေးထိုးလှုံ့ဆော်မှုတွေကိုလည်း တရားဥပဒေနဲ့အညီ ပြတ်သားစွာ အရေးယူဆောင်ရွက်နိုင်ဖို့ ပြည်သူအားလုံးက အစိုးရနဲ့အတူ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ဝါဆိုလပြည့်နေ့ ရွှေဟင်္သာအငှားယာဉ်ငယ်များက ခရီးစဉ် ကျသင့်ငွေတစ်ဝက်နှုန်း ပို့ဆောင်ပေးမည်

ရန်ကုန် ဇူလိုင် ၇

ရွှေဟင်္သာအငှားယာဉ်ငယ်များသည် အခါကြီးရက်ကြီးများ၌ ယာဉ်စီးခ တစ်ဝက်နှုန်းဖြင့် ကုသိုလ်ယူပို့ဆောင်လျက်ရှိရာ ဝါဆိုလပြည့်နေ့တွင်လည်း ကုသိုလ်ယူပြေးဆွဲသွားမည်ဟု သိရသည်။

"ရန်ကုန်တိုင်းဒေသကြီး ရွှေဟင်္သာခရီးသည်ပို့ဆောင်ရေးနှင့် လူမှုရေးကူညီမှုအသင်းကို၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်က အသင်းဝင်အင်အား ၃၀ ဖြင့် စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ အရင် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ခရီးသွားပို့ဆောင်ရေး အငှားယာဉ်ငယ် ယာဉ်မောင်းများ စုစည်းထားတာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ အငှားယာဉ်ငယ် ယာဉ်မောင်းနဲ့ မိသားစုတို့အပေါ် ဘာသာသာသနာ၊သာရေး၊နာရေး၊ ကျန်းမာရေး၊ ပညာရေး ထောက်ပံ့ကူညီသွားရန် ဖြစ်ပါတယ်။

ယခု လာမည့်ဝါဆိုလပြည့်ဗုဒ္ဓနေ့မှာ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရား မုခ်ဦးရှေ့က နေ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရွှေဟင်္သာအငှားယာဉ်ငယ် ၁၂ စီးခန့်ကို သာသနာ့အလံနှင့် (ရဟန်းရှင်လူပြည်သူများ ယနေ့ ယာဉ်စီးခ တစ်ဝက်နှုန်း) စာတန်းချိတ်ဆွဲထားပါတယ်" ဟု အသင်းဥက္ကဋ္ဌ ဦးရန်ရှင်းက ရှင်းလင်းပြောကြားသည်။ **(ဝ၁၅)**

ရွှေတိဂုံစေတီတော် ဓမ္မစကြာအခါတော်နေ့ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

လေးဆူဓာတ်ပုံရွှေတိဂုံ စေတီတော်မြတ်ကြီး၏ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပွဲ၊ ဓမ္မစကြာအခါတော်နေ့နှင့် ဝါတွင်းသီလခံယူပွဲတို့ကို ၁၃၇၆ ခုနှစ် (ဝါဆိုလပြည့်နေ့) ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

ဝါဆိုလပြည့်နေ့ နံနက် ၅ နာရီတွင် စေတီတော်ရင်ပြင်ညှော်ခံ တန်ဆောင်း၌ စေတီတော်ကြီးအား ရည်မှန်းကာ ဆွမ်း၊ဆီမီး၊ ပန်း၊ ရေချမ်းနှင့်သစ်သီးဆွမ်းများ ဆက်ကပ်ခြင်း၊ နံနက် ၆ နာရီတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှစတင်ကာ စေတီတော်ဂေါပကအဖွဲ့ကဦးဆောင်၍ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများက ဝါဆိုရွှေကြာသင်္ကန်းတော်များအား လှည့်လည်အပူဇော်ခံပြီး ဘုရားလေးဆူနှင့် ပတ္တမြားမျက်ရှင်ဘုရားတို့အား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်မည်ဖြစ်သည်။

ယင်းနောက် နံနက် ၇ နာရီတွင် စေတီတော်ရာဟုထောင့်အောင်မြေ၌ ဓမ္မစကြာအခါတော်နေ့အခမ်းအနား ကျင်းပပြီး နံနက် ၉ နာရီခွဲတွင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဝါတွင်းသီလခံယူပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကိုချစ်

၂၀၁၄ ခုနှစ် (၁၃၇၅) ဓမ္မာစရိယစာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၇

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၄ ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ကြရာ ဓမ္မာစရိယသုံးကျမ်းအောင် ၁၃၅၄ ပါး၊ နှစ်ကျမ်းအောင် ၁၀၇၁ ပါး၊ တစ်ကျမ်းအောင် ၁၄၀၉ ပါးနှင့် မြန်မာဂုဏ်ထူးကျမ်းအောင် တစ်ပါး အောင်မြင်ခဲ့သည်။

၂၀၁၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအနက် ဓမ္မာစရိယသုံးကျမ်းအောင် (ပထမ၊ ဒုတိယ၊ တတိယ)ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ-

အောင်စဉ်	ခုံအမှတ်	ဘွဲ့တော်	ကျောင်းတိုက်
ပထမ (အဂ္ဂမဟာအကျော်)	ကန/၂၀၃၈	ဦးကုဝေရာလင်္ကာရ	ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး
ဒုတိယ	ကန/၁၁၄၆	အရှင်အဂ္ဂဝံသာလင်္ကာရ	တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး
တတိယ	ပခ/၃၁၆	ဦးဇောတိက	ဓမ္မသမိဒ္ဓိကျောင်း၊ မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီး

၂၀၁၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်စာရင်းများကို တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ရုံးများ၌လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ သက်ဆိုင်ရာစာဖြေဌာနများရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများ၌လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း သတိပေးချက် ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၇

ဇူလိုင် ၁၀ ရက်မှ ၁၇ ရက်အထိကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁ ပေခန့်မှ ၂၁ ဒသမ ၅ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၂-၂၀၁၃ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၉ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက်အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

ယူကရိန်းတပ်များမြို့ကြီးလေးမြို့ကို ၂၄ နာရီအတွင်း ပြန်လည်ရယူ

ဒိုနက်စကီ ဇူလိုင် ၇

ယူကရိန်းတပ်ဖွဲ့ဝင်များက ဒိုနက်စကီအရှေ့ပိုင်းရှိ ရုရှားလိုလားသော ခွဲထွက်ရေးသမားများထံမှ မြို့ကြီးလေးမြို့ကို ၂၄ နာရီအတွင်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ဒိုနက်စကီဒေသရှိ အာတီမော့စကီးနှင့် ဒရွတ်ကော့ကာမြို့ကြီးများကို ပြန်လည်သိမ်းပိုက်နိုင်သကဲ့သို့ ခရာမိုတော့စကီးနှင့် ကွန်စတန်တီနိုကာမြို့များကိုလည်း ယူကရိန်းတပ်များက ပြန်လည်ထိန်းချုပ်နိုင်ပြီဟု ဆိုသည်။

ယူကရိန်းတပ်များ အနေဖြင့် ခွဲထွက်ရေးသမားများ၏ စစ်အခြေစိုက်စခန်းများ၊ လေ့ကျင့်ရေးစခန်းများကို ပစ်မှတ်ထားတိုက်ခိုက်နေကြောင်း ယူကရိန်းအမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ရုရှားလိုလားသော ခွဲထွက်ရေးသမားများသည် ဒိုနက်စကီပြည်နယ်မြို့တော်၌ ပြန်လည်အုပ်စုဖွဲ့လာနေကြောင်း သတင်းများက ဆိုသည်။

၄င်းတို့အနေဖြင့် အစိုးရတပ်များကို ပြန်လည်ခုခံတိုက်ခိုက်သွားမည်ဟုဆိုသည်။ စနေနေ့က စလာဗီယန်စကီမြို့၌ ရုရှားလိုလားသူများအပေါ် အနိုင်ရလိုက်ကြောင်းယူကရိန်းအာဏာပိုင်များက ပြောသည်။

ယူကရိန်းတပ်များက ညလုံးပေါက် တိုက်ပွဲဆင်နွှဲခဲ့ပြီးနောက် ကိယက်ဗ်ဆန့်ကျင်ရေးတိုက်ခိုက်ရေးသမားများသည် ခရာဗာတော့စကီမှထွက်ခွာသွားကြသည်။ ၄င်းတို့ထွက်ခွာသွားသည်နှင့် မြို့ပေါ်တွင် ယူကရိန်းအလံများ စိုက်ထူရန် သမ္မတ ပိုရိုချင်ကိုကအမိန့်ထုတ်ပြန်ခဲ့သည်။

ယင်းကဲ့သို့ ထွက်ခွာခဲ့ရခြင်းမှာ အရပ်သားများအား ကာကွယ်ပေးရန်ဖြစ်ကြောင်း အတိုက်အခံခေါင်းဆောင် အင်ဒရီပါကျင်က ပြောသည်။

(ပရက်စ်တီဗွီ)

တောင်ကိုရီးယား၌ကျင်းပမည့် အာရှအားကစားပွဲသို့ မြောက်ကိုရီးယားအားကစားပွဲအားပေးလှုံ့ဆော်သူများ စေလွှတ်မည်

ပြုံယမ်း ဇူလိုင် ၇

မြောက်ကိုရီးယားနိုင်ငံက ဆယ်စုနှစ်တစ်ခုနီးပါး ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တောင်ကိုရီးယားသို့ အားကစားပွဲလှုံ့ဆော်အားပေးသူများ စေလွှတ်သွားမည်ဟု ဆိုသည်။

တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့၌ စက်တင်ဘာလတွင် ကျင်းပမည့် အာရှအားကစားပွဲအတွက်အားကစားသမားများနှင့်အတူ မြောက်ကိုရီးယားလှပျိုဖြူများ စေလွှတ်သွားမည်ဟု ဆိုသည်။

ယင်းကဲ့သို့ စေလွှတ်ခြင်းအားဖြင့် တောင်နှင့်မြောက် ဆက်ဆံရေးတိုးတက်လာမည် ဖြစ်ကြောင်း ကေစီအင်န်အေက ထုတ်ပြန်သော သတင်းတစ်ရပ်တွင် ဖော်ပြသည်။

မြောက်ကိုရီးယား နိုင်ငံသည် ၂၀၀၅ ခုနှစ်က အင်ချွန်၌ ကျင်းပခဲ့သော အာရှအားကစားပွဲတွင်လည်း အားကစားပွဲ လှုံ့ဆော်အားပေးသူများ စေလွှတ်ခဲ့သည်။

အဆိုပါ စည်းရုံးအားပေးရေးအဖွဲ့တွင် လူပေါင်း ၁၀၁ ဦး ပါဝင်ခဲ့ရာ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် လက်ထပ်မည့် မစ္စရီဆိုးလ်ဂျူလည်း ပါဝင်ခဲ့သည်ဟု ဆိုသည်။

ကိုရီးယားစစ်ပွဲအပြီး မြောက်ကိုရီးယားက တောင်ကိုရီးယားသို့ အားကစား လှုံ့ဆော်ရေးအဖွဲ့များ သုံးကြိမ်သာ စေလွှတ်ခဲ့သည်။ အမျိုးသား ပြန်လည်သင့်မြတ်ရေး အခြေအနေတစ်ရပ်ရရှိစေရန် ယင်းကဲ့သို့အားကစားလှုံ့ဆော်ရေးအဖွဲ့ စေလွှတ်ရခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားက တနင်္လာနေ့ နံနက်တွင် ပြောကြားသည်။

မြောက်ကိုရီးယားက တာတိုဒုံးကျည်များ စမ်းသပ်ပစ်လွှတ်နေလင့်ကစား နှစ်ဖက်စလုံးက ရန်လိုမှုများ အဆုံးသတ်ရမည်ဟုလည်း မြောက်ကိုရီးယားက တိုက်တွန်းဆော်သြလိုက်သည်။

(ဘီဘီစီ)

ဂါဇာကမ်းမြောင်ဒေသ အစ္စရေးတိုက်ခိုက် ပါလက်စတိုင်းစစ်သွေးကြွ ကိုးဦးသေဆုံး

ဂါဇာ ဇူလိုင် ၇

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုတွင် ပါလက်စတိုင်းစစ်သွေးကြွ ကိုးဦးသေဆုံးခဲ့ရသည်ဟု သိရသည်။

တောင်ပိုင်း ရာဖာအနီးတိုက်ခိုက်မှုတစ်ခုမှာပင် ၎င်းတို့၏တိုက်ခိုက်ရေးသမားခြောက်ဦးသေဆုံးခဲ့ရကြောင်း ပါလက်စတိုင်းစစ်သွေးကြွအုပ်စုက ဆိုသည်။ ဂါဇာကမ်းမြောင်ဒေသ၌ အနည်းဆုံး ဒုံးကျည်အလုံး ၂၀ ဖြင့် ပစ်ခတ်လာမှုကို လက်တုံ့ပြန်တိုက်ခိုက်ခဲ့ရာ နောက်ထပ်အစ္စရေးသုံးဦးသေဆုံးခဲ့ရသည်။

ပါလက်စတိုင်းဆယ်ကျော်သက် မိုဟာမက်အဘူခါဒီယာအသတ်ခံရပြီးနောက် လေကြောင်းတိုက်ခိုက်မှုစစ်ဆင်ရေးအား တိုးမြှင့်လုပ်ဆောင်ကြခြင်းဖြစ်သည်။

အစောပိုင်းကလည်း ဂါဇာအလယ်ပိုင်းဒုက္ခသည် စခန်းအနီးတွင် သီးခြားစီလေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းစစ်သွေးကြွအခြားနှစ်ဦး သေဆုံးခဲ့ရသည်။ အစ္စရေးဆယ်ကျော်သက် သုံးဦးကို ပြန်ပေးဆွဲခဲ့သူများအား ရှာဖွေရေးကာလတွင်း ဟားမက်စ်စစ်သွေးကြွအုပ်စုဝင် ရာကျော်အား အစ္စရေးတို့က ဖမ်းဆီးထားသည်ဟု ဂျေရုဆလင်ရောက် ဘီဘီစီသတင်းထောက်က ပြောကြားထားသည်။

(ဘီဘီစီ)

ဂျပန်နိုင်ငံတောင်ပိုင်း၌ စူပါတိုင်ဖုန်းမုန်တိုင်း နီယိုဂူရီ တိုက်ခတ်

တိုကျို ဇူလိုင် ၇

ဂျပန်နိုင်ငံတောင်ဘက်ဆုံးပိုင်း အိုကီနာဝါကျွန်းစု၌ ဇူလိုင် ၇ ရက်က စူပါတိုင်ဖုန်းမုန်တိုင်း နီယိုဂူရီ တိုက်ခတ်ခဲ့သည်။ ၄င်းနေ့မတိုင်မီက လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် ပြည်သူများကို မိမိတို့နေအိမ်အတွင်း၌သာ နေထိုင်ကြရန်၊ မလိုအပ်ဘဲခရီးသွားလာမှုမပြုလုပ်ရန် သတိပေးတားမြစ်ချက်များ ထုတ်ပြန်ခဲ့ကြောင်း အမျိုးသားသတင်းဌာနမိုးလေဝသအေဂျင်စီက သတင်းစာရှင်းလင်းပွဲ၌ ပြောခဲ့သည်။

ဂျပန်ကုန်းတွင်းပိုင်း၌ ဗုဒ္ဓဟူးနေ့နှင့်အပူလျော့ပိုင်းကျွန်းစုဒေသများ၌ အင်္ဂါနေ့အစောပိုင်းက တိုက်ခတ်ခဲ့သောလေပြင်းတိုက်ခတ်မှုနှုန်းသည် တစ်နာရီမိုင် ၁၆၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ကြောင်း ၄င်းအေဂျင်စီက ခန့်မှန်းခဲ့ကြသည်။

အိုကီနာဝါ၌ပြီးခဲ့သည့် အင်္ဂါနေ့က လေပြင်းတိုက်ခတ်ခဲ့ရာ ယခုလေပြင်းတိုက်ခတ်မှုနှင့် အချိန်သိပ်မကွာကြောင်း၊ အချို့နေရာများ၌မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် ရွှေ့ပြောင်းသွားလာနိုင်ရန်အဆင်သင့် ပြင်ထားသင့်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်။

အိုကီနာဝါတောင်ပိုင်း ကီလိုမီတာ ၃၀၀ ခန့်ကိုဝင်ရောက်တိုက်ခတ်ခဲ့ပြီး ဂျပန်ကုန်းမကြီးဘက်သို့ ဆက်လက်တိုက်ခတ်သွားမည်ဖြစ်သော်လည်း အချိန်နှင့်အမျှ အင်အားနည်းလာနိုင်ကြောင်း ခန့်မှန်းကြသည်။

(ပီတီအိုင်)

ကမ္ဘာတစ်ဝန်းရှိအမေရိကန်သံရုံးများကို ထောက်လှမ်းရေးအေဂျင်စီအဖြစ် အသုံးပြုနေဟုဆို

ဝါရှင်တန် ဇူလိုင် ၇

ကမ္ဘာတစ်ဝန်းရှိအမေရိကန်သံရုံးများကို CIA နှင့်အတူ ဝါရှင်တန်၏ ထောက်လှမ်းရေးအေဂျင်စီများအဖြစ် အသုံးချနေကြောင်း အမေရိကန် ထောက်လှမ်းရေးကျွမ်းကျင်သူဟောင်းတစ်ဦးက အီရန်သတင်းဌာန ပရက်စ်တီဗွီသို့ ပြောကြားလိုက်သည်။

“ အမေရိကန်သံရုံးတိုင်းမှာ ထောက်လှမ်းရေးသတင်းအချက်အလက်စုဆောင်းတဲ့ဌာနဆိုတာရှိပါတယ်။ သံရုံးတိုင်းရဲ့ဒုတိယအကြီးအကဲဟာ CIA ဌာနအကြီးအကဲဖြစ်ပါတယ်”ဟု အမေရိကန်ထောက်လှမ်းရေးဟောင်း စကော့ရစ်ချတ်က ပရက်စ်တီဗွီနှင့် စနေနေ့ကအင်တာဗျူးရာတွင် ပြောလိုက်သည်။

အဆိုပါသတင်းမှာ အမေရိကန်အတွက် ထောက်လှမ်းရေးလုပ်ပေးနေသော ဝန်ထမ်းတစ်ဦးအား ဂျာမနီကဖမ်းဆီးလိုက်ကြောင်း ဂျာမန်အစိုးရရှေ့နေများက လွန်ခဲ့သည့် သီတင်းပတ်တွင် စုံစမ်းဖော်ထုတ်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဘီအင်န်ဒီဝန်ထမ်းတစ်ဦးအား ဘာလင်၌အမေရိကန်အတွက် ဂျာမနီနိုင်ငံသားများနှင့်နိုင်ငံရေးသမားများအား ထောက်လှမ်းရေးလုပ်ပေးနေခြင်းဖြင့် ဖမ်းဆီးခဲ့ကြောင်း အစိုးရသတင်းရပ်ကွက်က ပြောကြားသည်။

(ပရက်စ်တီဗွီ)

ဘိုကိုဟာရမ်သူပုန်များပြန်ပေးဆွဲထားသော အမျိုးသမီးအုပ်စုမှ ဦးရေ ၆၀ ကျော်ပြန်လည်လွတ်မြောက်လာ

အဘူဂျာ ဇူလိုင် ၇

နိုင်ဂျီးရီးယား အစ္စလာမ့်မစ် ဘိုကိုဟာရမ်အုပ်စုမှ အမျိုးသမီးနှင့်အမျိုးသမီးငယ် ဦးရေ ၆၀ ကျော်ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း လုံခြုံရေးသတင်းရင်းမြစ်က ပြောကြားသည်။

၎င်းတို့သည် ပြီးခဲ့သည့်လက နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ်တွင် ဒန်ဘောမြို့အနီးမှ ပြန်ပေးဆွဲခံရသူ ၆၈ ဦး အုပ်စုတွင် ပါဝင်သူများ ဖြစ်ကြသည်။ သတင်းများတွင် ဖော်ပြချက်အရ ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စုသည် ဒန်ဘောအနီး ခြေကုပ်ယူထားသော အစိုးရတပ်ဖွဲ့အား သောကြာနေ့က တိုက်ပွဲဆင်နွှဲရန် သွားရောက်စဉ် ၎င်းအမျိုးသမီးများလွတ်မြောက်လာခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါ သောကြာနေ့ ညတိုက်ပွဲတွင် စစ်သွေးကြွသူပုန်အုပ်စုဝင် ၅၀ ကျော်ထက်မနည်းကို ရှင်းလင်းနိုင်ခဲ့သည်ဟု နိုင်ဂျီးရီးယားတပ်မတော်က ပြောကြားခဲ့သည်။

ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စုသည် ပြီးခဲ့သည့် ဧပြီလက ပြန်ပေးဆွဲထားသော ကျောင်းသူ ၂၀၀ ကျော်ကို ယခုတိုင် ဖမ်းဆီးထားဆဲဖြစ်သည်။

၎င်းအုပ်စုက ကျောင်းသူအုပ်စုနှင့် ၎င်းတို့၏ဖမ်းဆီးခံထားရသော စစ်သွေးကြွများအား အလဲအလှယ်လုပ်ရန် တောင်းဆိုထားသော်လည်း နိုင်ဂျီးရီးယားအစိုးရက ယင်းတောင်းဆိုမှုကို လက်မခံပယ်ချခဲ့သည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးညှိနှိုင်း

ကျောက်ဆည် ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ တံတားဦးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ်အတွင်းရှိ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားလိုအပ်ချက်များ ဆွေးနွေးညှိနှိုင်းပွဲကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့ မြင်စိုင်းခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ဦးမြင့်သန်းနှင့် ဦးသန်းစိုးမြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့ တက်ရောက်ခဲ့ပြီး မြို့နယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်၊ တင်ပြ ဆွေးနွေးချက်များအပေါ် ခင်မင်ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇူလိုင် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာအာနု ကူးမား ချက်ကမာ၏နေရာတွင် မစ္စတာ မိုဟာမက်ဆူဖီအူရ်ရာဟ်မာန်အား ခန့်အပ်ရန်အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မိုဟာမက် ဆူဖီအူရ် ရာဟ်မာန်ကို ၁၉၆၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူရီဂရမ်မြို့၌ မွေးဖွားခဲ့ပြီး ၎င်းသည် ဒါကာမြို့ရှိ အင်ဂျင်နီယာနှင့် နည်းပညာတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာဘွဲ့နှင့် ဒါကာမြို့ စီးပွားရေးစီမံခန့်ခွဲမှုတက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုပညာ(မဟာဘွဲ့)တို့ကို ရရှိခဲ့သည်။ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် လက်ထောက်အတွင်းဝန်ရာထူးဖြင့် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ပြည်ပရှိ ဘင်္ဂလားဒေ့ရှ်မဟာမင်းကြီးရုံးများတွင် ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့ရာ နယူးဒေလီမြို့၌ ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိလည်းကောင်း၊ ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ ဘင်္ဂလားဒေ့ရှ်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ ၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိလည်းကောင်း၊ အစ္စလာမာဘတ်မြို့၌ ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၂၀၁၀ ပြည့်နှစ် ဩဂုတ်လမှ ၂၀၁၂ ခုနှစ် စက်တင်ဘာလအထိ တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဆာ့ခ်)ဦးစီးဌာနနှင့် စီးပွားရေးဦးစီးဌာနတို့၌ ညွှန်ကြားရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သည်။

လက်ရှိတွင် သီရိလင်္ကာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှိသူဖြစ်ပြီး သမီးနှစ်ယောက်နှင့် သားတစ်ယောက်ရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) တွေ့ဆုံဆွေးနွေး

မန္တလေး ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)တို့ ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ တွေ့ဆုံ၍ မန္တလေးမြို့၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က မန္တလေးမြို့၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စတင်ဖြစ်ပွားလာရခြင်းနှင့် လက်ရှိဖြစ်ပေါ်နေမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့်ပြည်သူလူထုအားလုံးအတွက် အေးချမ်းစွာနေထိုင်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ကြိုးစားဆောင်ရွက်လျက် ရှိကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော ဖြစ်စဉ်ဖြစ်ရပ်များနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ မည်သူမဆို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မလိုလားအပ်သောဖြစ်စဉ်ကိစ္စရပ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှတာဝန်ရှိသူများ၏ ပူးပေါင်းမှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မန္တလေးမြို့ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ကောလာဟလသတင်းများကို အခြေမခံဘဲ သတင်းမှန် ဖြစ်ရပ်မှန်များကို အချိန်နှင့်တစ်ပြေးညီ သတင်းများ ဖော်ပြနိုင်ရန် သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ သတင်းမှန်များကို လူထုသိရှိအောင် ဖော်ပြခြင်းဖြင့် လူထုက စဉ်းစားဆင်ခြင်သုံးသပ်၍ အမှန်ကို သိရှိလာမှ တည်ငြိမ်အေးချမ်း သာယာလာမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က အေးချမ်းသာယာရေး ရှေးရှု၍ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်းအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) အဖွဲ့ဝင် ဘာသာရေးခေါင်းဆောင်များက ဖြစ်စဉ်ဖြစ်ရပ်များနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် သတင်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းများ ထုတ်ပြန်သွားရေးနှင့် မန္တလေးမြို့တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် ပတ်သက်၍ ပြန်လည်ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် ဗိုလ်မှူးကြီးအောင်ကျော်မိုးနှင့် ဦးသန်းစိုးမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုန်းလွင်၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးအောင်ကြီး၊ ဦးမြင့်ထွန်း၊ ဦးဝဏ္ဏရွှေ၊ ဦးကျော်ငြိမ်း၊ ဦးကျော်ခင်၊ ဦးစောရွှေလင်း၊ ဦးကိုကိုလတ်နှင့် ဦးကျော်ဝင်းတို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ သေဆုံးသူများ၏မိသားစုများအား သွားရောက်တွေ့ဆုံအားပေး

မန္တလေး ဇူလိုင် ၇

ယနေ့ နံနက်ပိုင်းက ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌဦးစိန်ဝင်းအောင်နှင့် အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အမှုဆောင်များသည် ဇူလိုင် ၁ ရက်က မန္တလေးမြို့၌ ဖြစ်ပွားခဲ့သည့် ပဋိပက္ခတွင် သေဆုံးခဲ့ကြသော အောင်မြေသာစံမြို့နယ် သစ်ထုတ်လုပ်ရေးဝင်းနေ ကိုထွန်းထွန်း(ခ)ရောင်ပြန်၏ မိသားစုနှင့် ချမ်းအေးသာစံမြို့နယ် ၈၂ လမ်းနှင့် ၃၁ လမ်းထောင့်နေ ကိုစိုးမင်း၏ မိသားစုများအား သွားရောက်တွေ့ဆုံ၍ အားပေးနှစ်သိမ့်စကားပြောကြားကြပြီး မိသားစုတစ်စုလျှင် ငွေကျပ် ၁၀ သိန်းစီ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်သုံးဆီသယ်ယာဉ် တိမ်းမှောက်မှုဖြစ်ပွား

ကျွန်းလှ ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျွန်းလှ-ငါးဘတ်အိုင် ကားလမ်း တပ်ငုန်းကျေးရွာအနီးတွင် ဇူလိုင် ၃ ရက် နံနက် ၆ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း ကဲလင်းသူကုမ္ပဏီပိုင်ရှင် ဦးစိုးမြင့်အောင် ပိုင်ဆိုင်ပြီး မွန်ပြည်နယ် ကျိုက်ထိုမြို့ မြန်မာမြင့် စက်သုံးဆီဆိုင်မှ အောက်တိန်းခတ်ဆီထည့်၍ သယ်ဆောင်လာသော ယာဉ်အမှတ် ၁ဂ/---- ယူဒီကောင်တာဂါလန် ၃၂၀၀ ရှစ်ဘီးကားတိမ်းမှောက်သွားကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ဆီသယ်ယာဉ်ပေါ်တွင် ယာဉ်မောင်း တင်ကိုလတ်(ခ)ကိုလတ်(၄၇)နှစ် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်၊ ယာဉ်နောက်လိုက် သက်နိုင်ဦး (၃၁)နှစ် သန်လျင်ကျောက်တန်း ရန်ကုန်၊ ယာဉ်ပေါ် အတူပါလာသူ တင်မင်းထွန်း (၂၃)နှစ် ဒုတိယနှစ် အင်္ဂလိပ်စာကျောင်းသား ကျိုက်ထိုမြို့ မွန်ပြည်နယ်တို့ လိုက်ပါလာပြီး ယာဉ်မောင်းတွင် ဝဲလက်ကောက်ရောင် ဒဏ်ရာရရှိပြီး ယာဉ်ပေါ်အတူပါလာသူတွင် နှာခေါင်းသွေးထွက်ဒဏ်ရာရရှိ၍ ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူစေပြီး ဥပဒေအရအမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

လူကုန်ကူးသူ တို့ရန်သူ တိုက်ဖျက်ကြမည် တို့ပြည်သူ

သက်တမ်းလွန်ယာဉ်အိုယာဉ်ဟောင်းများ၊ စက်မှုဇုန်ထုတ်ယာဉ်များနှင့် သုံးဘီးယာဉ်များဖျက်သိမ်း၍ အစားထိုးတင်သွင်းခွင့်ပြုမည်

ယခင်က ပြည်ပမှ မော်တော်ကားတင်သွင်းရာတွင် ကန့်သတ်ချက်များကြောင့် တင်သွင်းရန်ခက်ခဲပြီး မော်တော်ကားဈေးနှုန်းမှာ အလွန်အမင်းမြင့်မားခဲ့သည်။ ယခုအစိုးရသစ်ကာလတွင် ပြည်ပမှ မော်တော်ကားတင်သွင်းသည့် မူဝါဒဖြေလျှော့မှုများကြောင့် လွယ်ကူစွာတင်သွင်းနိုင်ခဲ့ပြီး ဈေးနှုန်းများလည်း ပျမ်းမျှအားဖြင့် ငါးဆလျှော့နည်းကျဆင်းခဲ့သည်။ မော်တော်ယာဉ်များ တင်သွင်းရာတွင် ယာဉ်အိုယာဉ်ဟောင်းပိုင်ဆိုင်သူများသည် ဆန္ဒအရ ဖျက်သိမ်းပါက သင့်တင့်လျောက်ပတ်သော မော်တော်ကား အစားထိုးဝယ်ယူနိုင်ရေးအတွက် တင်သွင်းယာဉ်အပေါ် သတ်မှတ်ရာခိုင်နှုန်းများ လျှော့ချကောက်ခံဆောင်ရွက်ခဲ့သည့်စနစ်လည်းပါဝင်ပါသည်။

သတ်တမ်းကာလ ကြာမြင့်ယာဉ်များသည် ယာဉ်ကြံ့ခိုင်မှုအားနည်း၍ အန္တရာယ်ဖြစ်စေနိုင်ခြင်း၊ လောင်စာဆီသုံးစွဲမှုမြင့်မား၍ ငွေကြေးကုန်ကျမှုများပြားခြင်း၊ ယာဉ်များမှထွက်သော မီးခိုးငွေ့များကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီး၍ လူအများအတွက် ဘေးဥပဒ်ဖြစ်စေနိုင်ခြင်း၊ မကြာခဏပျက်စီးမှုကြောင့် ပြုပြင်ရခြင်း၊ စက်ကိရိယာအစိတ်အပိုင်းများ ရှားပါး၍ ဈေးနှုန်းကြီးမြင့်ခြင်း စသည့်ဆိုးကျိုးများကြောင့် ယာဉ်ပိုင်ရှင်၏ဆန္ဒအရ မှတ်ပုံတင်ဖျက်သိမ်းလိုလျှင် ခွင့်ပြုပြီး သင့်လျော်သော ယာဉ်ဖြင့် အစားထိုးဝယ်ယူသုံးစွဲစေသည့်စနစ် ကျင့်သုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်အို ယာဉ်ဟောင်းအပ်နှံ၍ အစားထိုးတင်သွင်းရာတွင် ပြည်ပတင်သွင်းယာဉ်မှ မှတ်ပုံတင်ခကို လျှော့ပေါ့ကောက်ခံခြင်းသည် အဆိုပါ ယာဉ်အိုယာဉ်ဟောင်းပိုင်ရှင်များအား သင့်တင့်သောယာဉ် ပြန်လည်ပိုင်ဆိုင်စေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သော်လည်း ယခုအခါ အပ်နှံစလစ်အပေါ် စီးပွားရေးသမားများက ဈေးကွက်သဖွယ် ကိုယ်ကျိုးစီးပွားအတွက် လုပ်ကိုင်ဆောင်ရွက်နေခြင်းနှင့် ထိုသို့ဆောင်ရွက်မှုအပေါ် တားဆီးရန် လိုအပ်ခြင်း၊ အချို့ဖျက်သိမ်းရန်မလိုအပ်သောယာဉ်များကို ငွေကြေးအမြတ်အစွန်းရယူလိုမှုကြောင့် ဖျက်သိမ်းဆောင်ရွက်နေခြင်း၊ ဖျက်သိမ်းခွင့်မရရှိသေးသည့် အန္တရာယ်ဖြစ်နိုင်သော အနေအထားရှိသည့် စက်မှုဇုန်ယာဉ်များ၊ သုံးဘီးယာဉ်များကိုလည်းဖျက်သိမ်း၍ အစားထိုးရန်လိုအပ်ခြင်း စသည့်အခြေအနေများကြောင့် သက်တမ်းလွန် ယာဉ်အိုယာဉ်ဟောင်းများနှင့် စက်မှုဇုန်ယာဉ်များ၊ သုံးဘီးယာဉ်များနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိပါသည်-

- ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကောက်ခံခြင်းအပေါ် “စ” မှ “ပ” အက္ခရာအထိ အပ်နှံယာဉ်များ ၄၀ ရာခိုင်နှုန်း၊ “ဗ” အက္ခရာမှစ၍ “၂က” အက္ခရာအထိ အပ်နှံယာဉ်များ ၆၀ ရာခိုင်နှုန်း၊ လေလံပြန်လည်မှတ်ပုံတင်ယာဉ်များ ၆၀ ရာခိုင်နှုန်း၊ Taxi အငှားယာဉ်များ (ရာသက်ပန် Taxi အဖြစ်သာ မှတ်ပုံတင်ရခြင်း) ၈၀ ရာခိုင်နှုန်းလျှော့ပေးခြင်းကို ၂၀၁၄ ခုနှစ်အတွင်းသာ ဆက်လက်ဆောင်ရွက်ခွင့်ပြုမည်။
- ၁-၉-၂၀၁၄ ရက်မှစ၍အထက်ဖော်ပြပါ ယာဉ်များမှအပ မည်သည့်အက္ခရာမဆို မော်တော်ယာဉ်ထုတ်လုပ်သည့်ခုနှစ်ပုံစံ အနှစ် (၂၀)ကျော် ယာဉ်များဖျက်သိမ်း အစားထိုးတင်သွင်းလျှင် ၂၀ ရာခိုင်နှုန်းသာ လျှော့ပေါ့ဆောင်ရွက်ခွင့်ပြုမည်။
- ၁၄-၇-၂၀၁၄ ရက်မှစ၍ ပြည်တွင်းစက်မှုဇုန်ထုတ်ယာဉ်များကို ဖျက်သိမ်းခွင့်ပြု၍ အစားထိုးယာဉ်တင်သွင်းရာတွင် CIF ၁၅၀၀၀ USS နှင့်အောက် ယာဉ်ကိုသာ တင်သွင်းခွင့်ပြုပြီး ၂၀ ရာခိုင်နှုန်းသာ လျှော့ပေါ့ဆောင်ရွက်ခွင့်ပြုမည်။
- ၁-၈-၂၀၁၄ ရက်မှစ၍ သုံးဘီးယာဉ် (သုံးဘီးဆိုင်ကယ်မပါ)များအား ဖျက်သိမ်းခွင့်ပြု၍ အစားထိုးယာဉ်တင်သွင်းရာတွင် သုံးဘီးယာဉ်တင်သွင်းပါက ၄၀ ရာခိုင်နှုန်းလျှော့ပေါ့ခြင်း၊ အကယ်၍ မော်တော်ယာဉ်အစားထိုးတင်သွင်းလျှင် ယာဉ်တန်ဖိုး CIF ၁၀၀၀၀ USS ထက်လျှော့နည်းသည့် အင်ဂျင်ပါဝါ ၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များကိုသာ တင်သွင်းခွင့်ပြုပြီး ၂၀ ရာခိုင်နှုန်းထက် လျှော့ပေါ့ဆောင်ရွက်ခွင့်ပြုမည်။
- ၁-၈-၂၀၁၄ ရက်မှစ၍ ယာဉ်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသောယာဉ်များ၊ မီးလောင်ပျက်စီးယာဉ်များ၊ သဘာဝဘေးဒဏ်ကြောင့် အန္တရာယ်ကင်းရှင်းစွာမောင်းနှင်နိုင်သည့်အခြေအနေမရှိသော ယာဉ်များဖျက်သိမ်းခွင့် လျှောက်ထားလျှင် ခွင့်ပြု၍ ဖျက်သိမ်းသည့်ယာဉ်နှင့် CIF တန်ဖိုးတူညီသည့် ယာဉ်ကိုသာတင်သွင်းခွင့်ပြုပြီး ၁၀ ရာခိုင်နှုန်း လျှော့ပေါ့ခွင့်ပြုမည်။ (စက်မှုဇုန်ထုတ်နှင့် သုံးဘီးယာဉ်များ ယာဉ်တိုက်မှုဖြစ်ပွားပြီးအပ်နှံလျှင် အထက်တွင်ဖော်ပြထားသည့် သတ်မှတ်ခွင့်ပြုမည့်ယာဉ်သာ တင်သွင်းခွင့်ပြုပြီး ၁၀ ရာခိုင်နှုန်း လျှော့ပေါ့ဆောင်ရွက်ခွင့်ပြုမည်။)
- ၁-၁-၂၀၁၅ ရက်မှစ၍ ယာဉ်ဟောင်းအပ်နှံပြီး အစားထိုးတင်သွင်းသည့် ယာဉ်အမျိုးအစားအားလုံးကို ရာခိုင်နှုန်းလျှော့ပေါ့ပေးခြင်းမပြုလုပ်တော့ဘဲ အစားထိုးတင်သွင်း/ ဝယ်ယူခွင့်ကိုသာ ဆောင်ရွက်ခွင့်ပြုမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဖွံ့ဖြိုးစည်ပင် သုဝဏ္ဏဘူမိတစ်ခွင်

နိုင်ရွှေအောင် - မင်္ဂလာပါခင်ဗျာ ဖထီးရေ . . . ခင်ဗျားက နှံ့နှံ့စပ်စပ်ရှိတော့ သထုံမြို့နယ်မှာ စီမံကိန်းအသစ်တစ်ခု တည်ဆောက်မယ်လို့ ကြားတယ်ဗျ ဘာစီမံကိန်းလဲဗျာ။

ဖထီး - နိုင်ရွှေအောင်ရယ် ခင်ဗျားကကျုပ်ကို နှံ့စပ်တယ်ဆိုပြီး မြှောက်ပြောနေပေမယ့်ခင်ဗျားလည်း ကြားသိသင့်သလောက် သိနေမယ်ထင်တယ်။ မေးတော့လည်း သိသမျှလေးရှင်းရတာပေါ့ဗျာ။ စီမံကိန်းအမည်က ကော့စတစ်ဆိုဒါ စက်ရုံစီမံကိန်းလို့ သိရတယ်ဗျ။

နိုင်ရွှေအောင် - ကော့စတစ်ဆိုဒါစက်ရုံ စီမံကိန်းဆိုတော့ ကော့စတစ်ဆိုဒါ တစ်မျိုးတည်းပဲထုတ်မှာလား။

ဖထီး - ကော့စတစ်ဆိုဒါအပြင် အရောင်ချွတ်ဆေးမှုန့်နဲ့ PAC လို့ခေါ်တဲ့ ရေသန့်ဆေးမှုန့်ထုတ်တဲ့ စက်ရုံတွေပါ တည်ဆောက်မှာဗျ။

နိုင်ရွှေအောင် - ဟာ၊ အဲ့ဒီလိုစက်ရုံတွေတည်ဆောက်မှာဆိုတော့ ဘယ်လိုရင်းနှီးမြှုပ်နှံမှုနဲ့ ဘယ်အဖွဲ့အစည်းက လုပ်မှာလဲဗျ။

ဖထီး - ဒီလိုနိုင်ရွှေအောင်ရဲ့၊ ရင်းနှီးမြှုပ်နှံမှုအတွက် တရုတ်၊မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအရ EXIM Bank က အတိုးနှုန်းသက်သာတဲ့ ချေးငွေ (Concessional Loan) ယွမ်သန်း ၆၉၀ နဲ့ စက်ပစ္စည်းတွေ ဝယ်ယူတည်ဆောက်မယ်လို့ သိရတယ်ဗျ။ ဆောင်ရွက်မယ့် အဖွဲ့အစည်းကတော့ စက်မှုဝန်ကြီးဌာန စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းတဲ့ဗျာ။

နိုင်ရွှေအောင် - နေပါဦးဗျ။ စက်မှုဝန်ကြီးဌာနဆိုတော့ အစိုးရအဖွဲ့အစည်း ဖြစ်နေတယ်။ အခုခေတ်စနစ်မှာ ပုဂ္ဂလိကစက်မှု ဖွံ့ဖြိုးရေးမူဝါဒအရ နိုင်ငံပိုင်စက်ရုံတွေ၊ ပုဂ္ဂလိကငှားရမ်းတာတွေ၊ ဖက်စပ်ဆောင်ရွက်တာတွေ လုပ်နေတယ်လို့ သိရတယ်။ ဘာဖြစ်လို့စက်မှုဝန်ကြီးဌာနက ဒီစီမံကိန်းကို ဆောင်ရွက်ရတာလဲဗျ။

ဖထီး - ကော့စတစ်ဆိုဒါဆိုတာ စက္ကူနှင့်ပျော့ဖတ်ထုတ်လုပ်ရာမှာ မရှိမဖြစ်ဓာတုပစ္စည်းဗျ။ နောက်တခြားကုန်ထုတ်လုပ်ငန်းတွေမှာလည်း အများအပြားအသုံးပြုတဲ့ပစ္စည်းလည်းဖြစ်တယ်။ စက်မှုဝန်ကြီးဌာန စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းဆိုတာ အရင်က မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းဗျ။ အဓိက စက္ကူထုတ်တဲ့ လုပ်ငန်းဆိုပါတော့ဗျာ။ အဲ့ဒီတော့စက္ကူစက်ရုံတွေမှာ ကော့စတစ်ဆိုဒါထုတ်တဲ့စက်ရုံလေးတွေ ပူးတွဲတည်ဆောက်ရတယ်။ ဒါ့အပြင် နည်းစဉ်အမျိုးမျိုးဖြစ်တဲ့ Mercury Cell နည်းစဉ်၊ Diaphragm Cell နည်းစဉ်နဲ့ နောက်ဆုံးပေါ် Membrane Cell နည်းစဉ်တွေ အသုံးပြုပြီး ကော့စတစ်ဆိုဒါထုတ်လုပ်ရာမှာ အတွေ့အကြုံတွေရှိတယ်လို့ သိရတယ်ဗျ။ ဒါကြောင့် ဒီစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရက လမ်းညွှန်မှုပြုခဲ့တာဖြစ်တယ်။ ယခုစီမံကိန်းမှာတော့ နောက်ဆုံးပေါ် Membrane Cell နည်းစဉ်ကို သုံးမှာလို့ သိရတယ်ဗျာ။

နိုင်ရွှေအောင် - နောက်ဆုံးပေါ် Membrane Cell နည်းစဉ်ဆိုတော့ ကောင်းမှာပေါ့နော်။ ဒါနဲ့ ထုတ်ကုန်အမျိုးအစားနဲ့ အရေအတွက်တွေက ဘယ်လောက်တွေလဲဗျ။

ဖထီး - တစ်နှစ်မှာ ထုတ်လုပ်မယ့် ထုတ်ကုန်တွေနဲ့ အရေအတွက်ကတော့ ၅၀ ရာခိုင်နှုန်း ကော့စတစ်ဆိုဒါ (အရည်) တန် ၂၀၀၀၀၊ ၉၉ ရာခိုင်နှုန်း ကော့စတစ်ဆိုဒါ (အမှုန့်) တန် ၂၀၀၀၀၊ ၁၀ ရာခိုင်နှုန်း ဆိုဒီယမ်ဟိုက်ပိုကလိုရိုက် တန် ၂၀၈၀၊ ၃၁ ရာခိုင်နှုန်း ဟိုက်ဒရိုကလိုရစ်အက်စစ် တန် ၁၇၀၃၂ အရောင်ချွတ်ဆေးမှုန့် (Bleaching Powder) တန် ၂၀၀၀၀ နဲ့ ပိုလီအလူမီနီယမ်ကလိုရိုဒ် (PAC) တန် ၂၀၀၀၀ ထုတ်လုပ်သွားမှာဖြစ်တယ်။

နိုင်ရွှေအောင် - ဟာ အတော်များတဲ့ ထုတ်ကုန်တွေပဲဗျ။ ဈေးကွက်ရောရှိရဲ့လားဗျာ။

ဖထီး - ရှိပါ့ဗျာ၊ ကော့စတစ်ဆိုဒါ ဓာတုပစ္စည်းဟာ စက္ကူနှင့်ပျော့ဖတ်လုပ်ငန်းတစ်ရှူးစက္ကူထုတ်တဲ့လုပ်ငန်း၊ အထည်နဲ့ပတ်သက်တဲ့လုပ်ငန်း၊ သားရေနဲ့ရော်ဘာ ပစ္စည်းနဲ့ပတ်သက်တဲ့လုပ်ငန်းနဲ့၊ ဆပ်ပြာအမျိုးမျိုးထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ အဓိကကုန်ကြမ်းဖြစ်တယ်။ အဲ့ဒီလုပ်ငန်းတွေမှာ အသုံးပြုဖို့အတွက်ကျုပ်တို့နိုင်ငံအနေနဲ့ ပြည်ပကနေ တစ်နှစ်ကို တန် ၂၀၀၀၀ လောက် Import လုပ်နေရတယ်။ ပြည်တွင်းစက်မှုလုပ်ငန်းတွေ ဒီ့ထက်ပိုဖွံ့ဖြိုးလာရင် လိုအပ်ချက်ပိုလာမှာဖြစ်တယ်။ ပြည်တွင်းလိုအပ်ချက်ထက် ပိုလျှံတာတွေကိုတော့ Export လုပ်မှာလေ။ နိုင်ငံခြားဝင်ငွေလည်းရ ပြည်တွင်းကလုပ်ငန်းရှင်တွေလည်း ဈေးသက်သက်သာသာနဲ့ အသုံးပြုနိုင်ပြီပေါ့ဗျာ။ တစ်ချက်ခုတ် သုံးချက်ပြတ်ပေါ့ဗျာ။

— ◆ကောင်းမြတ်(YIT)◆ —

နိုင်ရွှေအောင် - ကြားရတာအလွန်အားရစရာဗျာ။ ဒါနဲ့ဗျာ ဒီစီမံကိန်းကို ဘာလို့ သထုံကို ရွေးတာလဲဗျ။

ဖထီး - ဒီစက်ရုံတွေရဲ့ အဓိကကုန်ကြမ်းများဟာ နေလှန်းဆားနဲ့ထုံးကျောက်ဗျ။ အရင်က ကုန်ကြမ်းတွေ အနီးဆုံးရနိုင်တဲ့ ဧရာဝတီတိုင်းဒေသကြီးက ငရုတ်ကောင်းဒေသကို လျာထားခဲ့တာပေါ့ဗျာ။ ကုန်ကြမ်းလုံလုံလောက်လောက်ရနိုင်ပေမယ့် အဓိကကျတဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံ၊ လျှပ်စစ်နဲ့သဘာဝဓာတ်ငွေ့တို့ အတွက်ကျတော့ ရင်းနှီးမြှုပ်နှံမှုပိုများနိုင်တာကြောင့် ပယ်ဖျက်ခဲ့ရတယ်ဗျာ။ ဒီသထုံဒေသမှာကကုန်ကြမ်းတွေနဲ့ စွမ်းအင်အရင်းအမြစ်တွေလည်း လွယ်လင့်တကူရနိုင်တယ်။ လျှပ်စစ်ဓာတ်အားကို အခုအချိန်မှာမဟာဓာတ်အား လိုင်းကရမယ်။ ရေရရှိဖို့အတွက်ကလည်း ဒုံသမိမြစ်ကြီးက ရှိနေတယ်။ သထုံဒေသရဲ့ လမ်းပန်းဆက်သွယ်မှုအနေနဲ့ ကားလမ်း၊ ရထားလမ်း၊ ရေလမ်းအားလုံးသုံးလို့ရနိုင်တယ်။ အာရှလမ်းမကြီးနဲ့လည်း နီးကပ်စွာရှိနေတဲ့အပြင် သဘာဝဓာတ်ငွေ့ကျတော့လည်းရှိပြီးသား သထုံ(တာယာ)စက်ရုံကနေ လိုင်းဆွဲပြီး အသုံးပြုနိုင်ဖို့အတွက် စွမ်းအင်ဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်သွားမယ်ဗျာ။ ဒီလိုအချက်တွေကြောင့် သထုံဒေသကို ရွေးချယ်ဖြစ်ခဲ့တာပေါ့ဗျာ။

နိုင်ရွှေအောင် - စက်ရုံတွေ အဲ့ဒီမှာဆောက်ရင်နယ်မြေအတွက် ဘာတွေထူးလာနိုင်လဲဗျ။

ဖထီး - ထူးပြီပေါ့ နိုင်ရွှေအောင်ရယ်။ စက်ရုံအတွက် တစ်နှစ်စာ ဆားတန်ချိန် ၆၈၀၀၀ တန်ကျော်လောက်လိုတယ်လေဗျာ။ ဒီနှစ်အတွင်းမှာ ထိုင်းနဲ့အိန္ဒိယက ဝင်လာတဲ့ ဆားတွေကြောင့် ဒေသတွင်းဆားတောင်သူတွေနဲ့ ဈေးကွက်ရပ်တည်နိုင်မှု ယိုင်နဲ့လာတာကြောင့် အလုပ်အကိုင်အခွင့်အလမ်းဖွံ့ဖြိုးမှု နည်းပါးလာတာလည်း ခင်ဗျားကြားသိမှာပေါ့ဗျာ။ ဈေးကွက်ပျောက်နေတဲ့ ဆားတောင်သူတွေအတွက် ဒီစီမံကိန်းကြီးကနေ အများကြီးအကျိုးကျေးဇူးဖြစ်ထွန်းစေမှာ အမှန်ပဲဗျ။ ဆားတောင်သူတွေကလည်းစက်ရုံကြီးမြန်မြန်ဆောက်ပါစေဆိုပြီး ဝမ်းသာအားရမျှော်လင့်နေကြဆိုပဲ နိုင်ရွှေအောင်ရေ။ ဒါ့အပြင် ထုံးကျောက်အတွက်ကလည်း တန် ၂၇၀၀၀ကျော် လိုမှာဆိုတော့ ကျောက်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာတာနဲ့အတူ ကျောက်ထုတ်လုပ်သားတွေရဲ့ အလုပ်အကိုင်ပွင့်လန်းလာပြီပေါ့ဗျာ။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေလည်း တိုးတက်လာပြီပေါ့ဗျာ။ ဒါတင်မကပါဘူး စက်ရုံကြီးကို အမှီပြုပြီးနယ်မြေဒေသရဲ့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ ဆက်သွယ်ရေးတွေပိုမိုကောင်းမွန်လာမယ်။ စက်ရုံမှာ လာရောက်တာဝန်ထမ်းဆောင်ကြမယ့် ပညာတတ်ဝန်ထမ်းတွေကြောင့် ဒေသခံပြည်သူတွေရဲ့ အသိဉာဏ်ပညာများလည်း ပိုမိုပွင့်လင်းလာနိုင်မယ်ပေါ့ဗျာ။

နိုင်ရွှေအောင် - ဒါလဲ ကျေနပ်အားရစရာပဲ ဖထီးရေ နယ်ခံလူထုအတွက်ရော အလုပ်အကိုင်အခွင့်အလမ်းထူးဦးမှာလား။

ဖထီး - ဒီလိုရှိပါတယ် နိုင်ရွှေအောင်ရယ်။ ကျွန်တော် နှစ်ပိုင်းခွဲပြီး ရှင်းပြမယ်ဗျာ။ ပထမပိုင်းအနေနဲ့ စီမံကိန်းကာလ (၃၆) လအတွင်း ဆောက်လုပ်ရေးလုပ်ငန်းတွေရှိမယ်ဗျာ။ အဲ့ဒီလုပ်ငန်းတွေမှာ သံချည်သံကွေး၊ ပန်းရန်ဂဟေဆက်လုပ်ငန်းတွေအပြင် အုတ်သယ်မြေသယ် အလုပ်ကြမ်းသမားတွေအထိ အလုပ်သမားပေါင်းအနည်းဆုံး ၅၀၀၀ လောက်အထိ အလုပ်အကိုင်ဖန်တီးပေးနိုင်မယ်ဗျာ။ ဒုတိယပိုင်း စက်ရုံတွေလည်ပတ်ပြီဆိုတာနဲ့ ဝန်ထမ်းအင်အား ၉၀၀ ကျော် လိုအပ်တဲ့အတွက် ပညာအရည်အချင်းအလိုက်ဒေသခံတွေ ဦးစားပေးခန့်ဦးမှာဗျ။ ဒီစက်ရုံတွေအပေါ် မှီပြီး ဆား၊ ထုံးကျောက်စတဲ့လုပ်ငန်းတွေမှာ တစ်ပြည်လုံးအနှံ့သွယ်ဝိုက် လုပ်သားပေါင်း တစ်သောင်းလောက် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာနိုင်တယ်လို့ထင်တယ်ဗျ။ ကျုပ်တို့ပြည်နယ်ဒေသကြီးရဲ့ GDP လဲတိုးတက်လာပြီပေါ့ဗျာ။

နိုင်ရွှေအောင် - ခင်ဗျားပြည့်ပြည့်စုံစုံရှင်းပြတာ အားရစရာကြီးဗျ။ ဒါပေမယ့် ဒီစီမံကိန်းစက်ရုံတွေကြောင့် အကျိုးရှိစရာ ကိစ္စရပ်တွေဖြစ်ထွန်းလာပေမယ့် ဓာတုပစ္စည်းတွေ ထုတ်မှာဆိုတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုတွေမရှိနိုင်ဘူးလို့ ခင်ဗျားပြောရဲလား ဖထီးရေ။

ဖထီး - သိပ်ကောင်းတဲ့မေးခွန်းပဲ နိုင်ရွှေအောင်ရေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဆုတ်ယုတ်မှုဆိုတာလဲ ဒွန်တွဲပါလာတတ်တာ သဘာဝပဲမဟုတ်လား။ နိုင်ရွှေအောင်ရဲ့။ ဒါပေမယ့် ဒီစီမံကိန်း မစမီကတည်းက စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ အတွေ့အကြုံရှိတဲ့ ပညာရှင်တွေ အင်ဂျင်နီယာတွေက လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိနိုင်တဲ့ နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးမီ ထုတ်ကုန်တွေကို ထုတ်လုပ်ဖို့ ဆွေးနွေးညှိနှိုင်းရွေးချယ်ခဲ့တယ်လို့ သိရတယ်။ ဒါ့အပြင် နိုင်ငံတကာအတွေ့အကြုံရှိတဲ့ ADTFLLA (France) ကုမ္ပဏီက ပညာရှင်တွေနဲ့လည်း ESIA လို့ခေါ်တဲ့ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင် ထိခိုက်မှုလေ့လာဆန်းစစ် ချက်တွေကို ပြုလုပ်နေတယ်။ အဲ့ဒီအဖွဲ့အစည်းက ဒီဒေသမှာရှိတဲ့ ရေ၊ မြေ၊ လေထု အခြေအနေတွေ၊ သဘာဝမျိုးစိတ်တွေ၊ သစ်ပင်နဲ့ပန်းမျိုးစိတ်တွေ စတဲ့အခြေခံအချက်တွေကို တိုင်းတာစစ်ဆေးပြီး မှတ်တမ်းတင်ထားမယ်။ အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ အဆင့်အလိုက် စနစ်တကျဆောင်ရွက်မယ်လို့ သိရတယ်ဗျ။ စက်ရုံရဲ့ထုတ်ကုန်တွေကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ ဘယ်လိုထိန်းသိမ်းမယ်။ ပို့ဆောင်မှုတွေ ဘယ်လိုဆောင်ရွက်ရမယ်။ စွန့်ပစ်ပစ္စည်းတွေကိုလည်း ဘယ်လိုစွန့်ပစ်ရမယ်ဆိုတာတွေကို ပြုစုပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကို တင်ပြအတည်ပြုချက်ရယူပြီး လမ်းညွှန်ချက်တွေနဲ့အညီ စီစဉ်ဆောင်ရွက်မှာဖြစ်တယ်လို့ သိရတယ်။

နိုင်ရွှေအောင် - စွန့်ပစ်ပစ္စည်းတွေကို နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ စွန့်ပစ်မယ်ဆိုတာ ဘယ်လိုစီစဉ်ထားသလဲဆိုတာလေး ရှင်းပြပါဦး ဖထီးရယ်။

ဖထီး - စက်ရုံ ဒီဇိုင်းရေးဆွဲကတည်းကိုက ခေတ်မီနည်းပညာအသုံးပြုထားတဲ့ ရေဆိုးသန့်စင်တဲ့စက်ရုံခွဲ (Waste Water Treatment Plant) လည်း ပါဝင်တည်ဆောက်မှာဆိုတော့ စွန့်ပစ်ပစ္စည်းတွေ သဘာဝပတ်ဝန်းကျင်မထိခိုက်ဖို့ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ညီအောင် ပြုပြင်ကြီးကြပ်စစ်ဆေးပြီးမှ စွန့်ပစ်မှာပါဗျာ။ ကဲ- ဘာတွေစိုးရိမ်နေသေးလဲ နိုင်ရွှေအောင်ရေ။

နိုင်ရွှေအောင် - ဖထီးရယ် ခင်ဗျား ဒီလိုစိတ်ရှည်လက်ရှည်နဲ့ ပြည့်ပြည့်စုံစုံရှင်းပြတာ ကျေးဇူးတင်ပါတယ်။ သထုံဒေသကို စိမ်းလန်းစိုပြည်တဲ့ သဘာဝပတ်ဝန်းကျင်နဲ့ အေးချမ်းသာယာတဲ့ လူ့အဖွဲ့အစည်းအတွက် စိုးရိမ်ပူပန်မိလို့ပါဗျာ။ ဒါနဲ့ စီမံကိန်းက သထုံဒေသရဲ့ ဘယ်နေရာမှာ အကောင်အထည်ဖော်မှာလဲဗျ။

ဖထီး - စီမံကိန်းနေရာက သထုံခရိုင် စက်မှုဝန်ကြီးဌာနရဲ့ အမှတ်(၂) အကြီးစား စက်မှုလုပ်ငန်းပိုင် ခနိုစိုက်ကွင်း(အင်းရှည်ရွာအနီး)၊ သီဟိုဠ်ပင်အိုခြံ (၄၀၇. ၁)ဧကမှာ အကောင်အထည်ဖော်မယ်လို့ သိရတယ်ဗျ။

နိုင်ရွှေအောင် - စက်မှုဝန်ကြီးဌာနရဲ့ ဌာနပိုင်မြေပေါ်မှာ တည်ဆောက်မှာဆိုတော့ မြေနေရာအတွက်လည်း ပူပန်စရာမလိုတော့ဘူးပေါ့ဗျာ။ ဒေသခံပြည်သူတွေလည်း စိုးရိမ်သောကရောက်စရာမလိုတော့ဘူးဆိုတော့ တကယ်ကောင်းမွန်ပြီးတော့ ဒေသခံတွေကို အမှန်တကယ်အကျိုးပြုမယ့်စီမံကိန်း လို့ ဆိုရမှာပေါ့ဗျာ။ ကောင်းပါပြီ ဖထီးရေ။ နောက်မှ ပြန်ဆုံဦးစို့ဗျာ။

ဖထီး - ကောင်းပါပြီဗျာ။

လက်ပစ်ဗုံးအား ကျောက်ခဲပေါ်ပစ်တင်ရာမှ ပေါက်ကွဲ၍ နှစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ

နေပြည်တော် ဇူလိုင် ၇

ဇူလိုင် ၅ ရက် ညနေ ၅ နာရီ မိနစ် ၅၀ က ရှမ်းပြည်နယ် လွိုင်လင်မြို့နယ်ပြည်သူ့ဆေးရုံသို့ လက်ပစ်ဗုံးဟောင်းပေါက်ကွဲ၍ ဒဏ်ရာရရှိသူတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ လွိုင်လင်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မောက်မယ်မြို့နယ် ကဒူးကြီးရွာနေ ကျော်ဇောအောင်(၁၁ နှစ်)နှင့် တစ်ရွာတည်းနေသူများဖြစ်ကြသည့် မောင်ကျော် (၉ နှစ်)၊ မောင်စံ (၇ နှစ်)တို့သုံးဦးသည် ရွာအရှေ့ဘက်တောထဲသို့ ငှက်ပစ်သွားရာ လုံးပတ်သုံးလက်မခွဲခန့်ရှိ သံလုံးတစ်လုံးကို တွေ့ရှိ၍ ကျောက်ခဲပေါ်သို့ ပစ်တင်ရာမှ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ထိုသို့ပေါက်ကွဲမှုကြောင့် မောင်ကျော်နှင့် မောင်စံတို့ နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ကျော်ဇောအောင်၌ ဝဲနားထင်၊ ဝဲမျက်စိအထက်နှင့် ဝမ်းဗိုက်တို့ ယမ်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် သေမှုသေခင်းဖွင့်လှစ်စစ်ဆေးရန်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

တာချီလိတ် မြို့လယ်အား ဖြတ်သန်း စီးဆင်းလျက်ရှိသော နမ့်ယွန်းချောင်းကို မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် မင်းခေတ်သစ် ဆောက်လုပ်ရေးကုမ္ပဏီကူညီမှုဖြင့် ဇူလိုင် ၆ ရက်တွင် စက်ယန္တရားများဖြင့် တူးဖော် ပေးနေစဉ်။

မောင်ယဉ်ကျေး

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကန်ထရိုက်စနစ်နှင့် အထောက်အကူပြုကော်မတီက ဦးစီး၍လုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၇

တရုတ်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်သွားရောက်နိုင်ရေးအတွက် အထောက်အထားလက်မှတ် ထုတ်ပေးနိုင်ရေးနှင့် နှစ်နိုင်ငံကြား အလုပ်သမားခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း မည်သို့ဆောင်ရွက်နေကြောင်းကို လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင် မေးမြန်းခဲ့သည့်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနက နောင်တစ်ချိန်တွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံဘက်မှ အလုပ်သမားများ တရားဝင်ခေါ်ယူကမ်းလှမ်းမှုများ ပြုလုပ်လာလျှင် မလေးရှား၊ ထိုင်း၊ ကိုရီးယားနိုင်ငံများနည်းတူ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပြီး မြန်မာရွှေ့ပြောင်း အလုပ်သမားများအား ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ၊ တရုတ်နိုင်ငံ၏ အလုပ်သမားတည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်းကို ပြန်လည်ဖြေကြားခဲ့ပါကြောင်း၊ အစိုးရ၊ လွှတ်တော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက မိမိတို့နိုင်ငံ၏ နိုင်ငံသားများ မူလအခွင့်အရေး မဆုံးရှုံးစေရေးအတွက် အဖြေရှာစဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အလေးထားရမည့်ကိစ္စတစ်ရပ်ဖြစ်သောကြောင့် နိုင်ငံတော် သမ္မတထံသို့ သဝဏ်လွှာပေးပို့ခဲ့ကြောင်းကို ယနေ့အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည်။

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ မြဝတီမြို့ ချစ်ကြည်ရေးတံတားထိပ် ယာဉ်ကြောပိတ်ဆို့မှုများ ဖြေရှင်းရန်နှင့် ခရီးသည်နှင့်ကုန်များ စနစ်တကျ အတင်အချ ပြုလုပ်နိုင်မည့် ယာဉ်ရပ်နားကွင်း အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက

ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းဖြေကြားစဉ်။

မြဝတီမြို့ ချစ်ကြည်ရေးတံတားထိပ် ယာဉ်ကြောပိတ်ဆို့မှုအား သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဖွဲ့စည်းပြီး ယာဉ်ကြောရှင်းလင်းခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်များစနစ်တကျ အတင်အချ ပြုလုပ်နိုင်မည့် ယာဉ်ရပ်နားကွင်း အကောင်အထည်ဖော်ရန် မြဝတီမြို့ပြစီမံကိန်းရေးဆွဲထားရာတွင် ယခင်နယ်စပ်ကုန်သွယ်ရေး စစ်ဆေးအကောက်ခွန် ကောက်ခံသည့် နေရာဟောင်းကို အဝေးပြေး လူစီးယာဉ်ရပ်နားစခန်းအဖြစ် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း၊ မြို့ပြစီမံကိန်း (မူကြမ်း) ရေးဆွဲခြင်းနှင့် မြို့ပြနေရာတွင် ကွင်းဆင်းတိုင်းတာမှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အသေးစိတ် စတင်တိုင်းတာခြင်း၊ နယ်မြေအလိုက် အသေးစိတ်စီမံချက်ရေးဆွဲခြင်း (မူကြမ်း)ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

နိုင်ငံတော် အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းမှတ်ပုံတင်ထားသော အစုစပ်လုပ်ငန်းများ၊ ကုမ္ပဏီများနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များ သို့မဟုတ် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ကန်ထရိုက်စာချုပ် သို့မဟုတ် သဘောတူစာချုပ် သို့မဟုတ် သဘောတူညီချက်တစ်ရပ်ရပ်ဖြင့် လုပ်ငန်းဆောင်ရွက်ပေးစေခြင်းနှင့် နိုင်ငံတော်အတွင်းမှ ပစ္စည်းဝယ်ယူခြင်းအတွက် ပေးချေရာ၌ ပေးချေသည့်အချိန်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ကြိုတင်ဝင်ငွေခွန်ကို သတ်မှတ်ထားသည့် ရာခိုင်နှုန်းအတိုင်း ဖြတ်တောက်၍ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ နုတ်ယူသည့်နေ့မှ ၇ ရက်အတွင်း ပေးသွင်းရမည်ဖြစ်ပြီး နုတ်ယူပေးသွင်းရမည့် အနိမ့်ဆုံးပမာဏကို ပစ္စည်းတန်ဖိုး သို့မဟုတ် လုပ်ငန်းတန်ဖိုးငွေကျပ်သုံးသိန်း သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ နုတ်ယူပေးသွင်းရမည့် ငွေသည် ငွေထုတ်ပေးသည့်ဌာန၊ အဖွဲ့အစည်းများက ကျခံရသည့်

မင်းလှ မဲဆန္ဒနယ်မှ ဦးမောင်တိုး မေးမြန်းစဉ်။

အခွန်ငွေများ မဟုတ်ဘဲ ငွေထုတ်ပေးသည့်ဌာန၊ အဖွဲ့အစည်းအတွက် ပစ္စည်းပေးသွင်းသူ သို့မဟုတ် လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးသူက ကျခံရသည့် အခွန်ငွေဖြစ်ပါကြောင်းဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် မြို့နယ်တစ်ခုလျှင် ငွေကျပ်သိန်း ၁၀၀၀ ခွင့်ပြုခြင်းနှင့်ပတ်သက်၍ ကျေးရွာသားများနှင့် ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များကိုယ်တိုင် လုပ်ဆောင်သော လုပ်ငန်းများအတွက် ပင်ရင်းမှ ဖြတ်တောက်ပေးသွင်းရမည့်အချိန် Withholding Tax ပေးဆောင်ရန်လို/မလို သိရှိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်ခြင်း၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများက ပစ္စည်းဝယ်ယူပေး၍ ကန်ထရိုက်အပ်နှံဆောင်ရွက်ခြင်း၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီကဦးစီး၍ လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါကြောင်း။

အထက်ပါအတိုင်း ဆောင်ရွက်ပါက လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းအပ်နှံ၍ ဆောင်ရွက်ခြင်းဖြစ်ပါက ပေးချေငွေအားလုံးအပေါ်တွင်လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီက ပစ္စည်းများဝယ်ပေး၍ ကန်ထရိုက် အပ်နှံဆောင်ရွက်ခြင်းဖြစ်လျှင် ပစ္စည်းဝယ်ယူမှုအတွက် ငွေကျပ်သုံးသိန်းနှင့်အထက် ပေးချေငွေများနှင့် ကန်ထရိုက်အပ်နှံပေးချေငွေများ အပေါ်တွင်လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီက ဦးစီး၍ လုပ်ငန်းဆောင်ရွက်လျှင် ပစ္စည်းဝယ်ယူမှုအတွက်သာ ငွေကျပ်သုံးသိန်းနှင့်အထက် ပေးချေငွေများ အပေါ်တွင်လည်းကောင်း၊ နှစ်ရာခိုင်နှုန်းသာဝင်ငွေခွန် ဖြတ်တောက်ပေးသွင်းရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် ပြည်ထောင်စု လွှတ်တော်၏ ဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် မြို့နယ်တစ်ခုလျှင် ကျပ်သိန်း ၁၀၀၀ ခွင့်ပြုပေးခြင်းအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ မြို့နယ်/ ကျေးရွာစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလီလီထုတ်ယူ၍ အသုံးပြုသည်ဖြစ်စေ၊ တစ်လုံးတစ်ခဲတည်း သုံးစွဲသည်ဖြစ်စေ ကျပ်သုံးသိန်းကျော်ပါက အဆိုပါသုံးစွဲငွေအပေါ်တွင် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ကြိုတင်ဝင်ငွေခွန်ကို ငွေထုတ်ပေးသည့် အချိန်တိုင်း ငွေထုတ်ပေးရန် တာဝန်ရှိသည့် စီမံခန့်ခွဲရေးဝန်ထမ်းမှ ၂ ရာခိုင်နှုန်းကို ပစ္စည်းပေးသွင်းသူ သို့မဟုတ် လုပ်ငန်းတာဝန်ယူ ဆောင်ရွက်သူထံမှ ဖြတ်တောက်၍ သက်ဆိုင်ရာ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများသို့

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

ကုန်ကြမ်းရော်ဘာများကို ပုဂ္ဂလိကများထံမှ တင်ဒါစည်းကမ်းနှင့်အညီ ဈေးပြိုင်ခေါ်ဝယ်ယူလျက်ရှိ

နေပြည်တော် ဇူလိုင် ၇

မိမိတို့နိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် ဘတ်ဂျက်တင်ပြမှုနှင့် အကောင်အထည်ဖော်မှုများကို ယခုထက် ပိုမိုပွင့်လင်းမြင်သာရန် ရှေးရှုဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ပါ လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာသော ဘတ်ဂျက်အဖြစ် သုံးသပ်အကဲဖြတ်ခံနိုင်စေရန်၊ နိုင်ငံတကာစံနှုန်းနှင့်အညီ Open Budget ဖြစ်စေရေးနှင့် Citizens Budget ဖြစ် လာစေရေးတို့အတွက် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်းဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ လင်းအောင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ "နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းအတွက် ပွင့်လင်းမြင်သာသော ဘတ်ဂျက်အဖြစ် သုံးသပ်အကဲဖြတ် ခံနိုင်စေရန်အတွက် ဆောင်ရွက်ရန်လိုအပ်ချက် In-year Report နှင့် Citizens Budget များကို ပြုစုထုတ်ပြန်ကာ ပေးပို့သင့်သော အဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊ နိုင်ငံတစ်ဝန်း အများပြည်သူသိရှိရေးဖြန့်ဝေခြင်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များကို သိရှိလိုကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ အထက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက နိုင်ငံသားများအနေဖြင့် ၎င်းတို့၏ အခွန်အခများကို မည်သို့ခွဲဝေသုံးစွဲသည်၊ ချေးယူငွေများအတွက် မည်သို့ပြန်လည်ပေးဆပ်မည်တို့ကို သိရှိစေရေးအတွက် အသိပေးတင်ပြရန် အစိုးရတိုင်း၏ တာဝန်ဖြစ်ပါကြောင်း၊ Citizens Budget ဆိုသည်မှာ အစိုးရအနေဖြင့် ဝင်ငွေမည်ရွေ့မည်မျှရရှိသည်၊ မည်သို့မည်ပုံ ခွဲဝေသုံးစွဲသည်ကို ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများမပါရှိဘဲ နိုင်ငံသားများအနေဖြင့် ရိုးရှင်းလွယ်ကူစွာ သိရှိနားလည်စေရန် ဘတ်ဂျက်ဆိုင်ရာ အခြေခံ သတင်းအချက်အလက်များကို ထုတ်ပြန်ပေးခြင်းဖြစ်ပါကြောင်း၊ Citizens Budget ဖြစ်စေရန် အဓိကလိုအပ်ချက်များမှာ Pre.Budget Statement၊ Executive's Budget Proposal၊ The Enacted Budget၊ နှစ်အတွင်း အစီရင်ခံစာ၊ နှစ်လယ်အစီရင်ခံစာနှင့် နှစ်ကုန်အစီရင်ခံစာများ ထုတ်ပြန်ပေးခြင်းနှင့် စာရင်းစစ် အစီရင်ခံစာ ထုတ်ပြန်ပေးခြင်းတို့ဖြစ်ပါကြောင်း။

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာကို ရေးဆွဲခဲ့ပြီး မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံချက်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အဆိုပါစီမံချက်ကို အခွန်ရငွေစုစည်းမှု ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘတ်ဂျက် အကောင်အထည်ဖော်မှု

ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြေကြားစဉ်။

နှင့် ဘဏ္ဍာရေးအစီရင်ခံမှုဖွံ့ဖြိုးတိုးတက်ရေး၊ ပြင်ပကြီးကြပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးစသည့် အပိုင်း(၅)ပိုင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ်မှစတင်ဆောင်ရွက်လျက်ရှိရာ ဘတ်ဂျက်ပွင့်လင်း မြင်သာမှုရှိရေး၊ ဘတ်ဂျက်ကို ပြင်ဆင်ရေးဆွဲသည့်အဆင့်၊ အဆင့်ဆင့်စိစစ်သည့်အဆင့်၊ ဘတ်ဂျက်အကောင်အထည်ဖော်နိုင်မှုကို အစီရင်ခံသည့်အဆင့်များတွင် နိုင်ငံတကာ စံနှုန်းများနှင့် ညီညွတ်စေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်သည် ပြည်သူ့ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုတို့ကိုဖော်ပြသည့် စာရင်းများဖြစ်၍ ရငွေများ အပြည့်အဝရရှိရေးနှင့် အသုံးစရိတ်များကိုထိရောက်မှန်ကန်စွာ သုံးစွဲနိုင်ရေးသည်အထူးအရေးကြီးသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် ဘတ်ဂျက်နှင့်ပတ်သက်၍ မိမိတို့၏ဘဏ္ဍာရေးမူဝါဒကို အခြေခံပြီး စနစ်တကျရှိရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသန့်၏ **"စက်မှု ကုန်ကြမ်းသီးနှံ ရော်ဘာကို နိုင်ငံတော်မှ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ဝယ်ယူပြီး နိုင်ငံပိုင်စက်ရုံများတွင် ကုန်ကြမ်းအဖြစ်အသုံးပြုရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က စက်မှုကုန်ကြမ်းသီးနှံရော်ဘာကိုအသုံးပြုပြီး တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်သော နိုင်ငံပိုင်အမှတ် (၂၁) အကြီးစားစက်ရုံ(သထုံ)နှင့် အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီးလင်း)တို့အပြင် စက်မှုကုန်ကြမ်းသီးနှံရော်ဘာစိုက်ပျိုးထုတ်လုပ်သော အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာန(ကျိုက်ထို)တို့ရှိပါကြောင်း၊ စက်ရုံနှစ်ရုံအတွက် လိုအပ်သော ကုန်ကြမ်းရော်ဘာများကို မိမိစက်မှုကုန်ကြမ်းဌာနမှ ရယူအသုံးပြုပြီး ထပ်မံလိုအပ်သည့်ပမာဏကို ပြင်ပပုဂ္ဂလိကများထံမှ နိုင်ငံတော်က သတ်မှတ်ထားသော တင်ဒါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဈေး

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသန့် မေးမြန်းစဉ်။

ပြိုင်ခေါ်ယူ၍ ဝယ်ယူအသုံးပြုလျက်ရှိပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ၂၀၁၄ ခုနှစ် ဖွန်လအထိ အမှတ်(၂၇)စက်မှု ကုန်ကြမ်းဌာန (ကျိုက်ထို)မှ မိုင်းခံရော်ဘာ (၅၅ ဒသမ ၃၁) တန်ထွက်ရှိပြီး အမှတ်(၂၁) အကြီးစားစက်ရုံ(သထုံ)တွင် Bias Tyre နှင့် ရော်ဘာပစ္စည်းများ ထုတ်လုပ်ရန် မိုင်းခံရော်ဘာ (၄၆ ဒသမ ၉၂) တန်ရောင်းချပေးခဲ့ပါကြောင်း၊ သို့သော် အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)မှ ထုတ်လုပ်မှုများဆောင်ရွက်ရန် ရော်ဘာ လုံလောက်မှုမရှိသဖြင့် ပြင်ပမှမိုင်းခံရော်ဘာ ၁၀၅တန်ကို နိုင်ငံပိုင်သတင်းစာများတွင် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူရေးဆောင်ရွက်လျက်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူသည့်အခါ ရော်ဘာထုတ်လုပ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်မိုး၏ **"မြန်မာနိုင်ငံအတွင်းရှိ မြို့၊ ရွာများတွင် ဂရန်မြေမပေါက်ဘဲ လူများနေထိုင်နေခြင်းအား တရားဝင်ဂရန် မြေအဖြစ် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက မြို့နှင့် ကျေးရွာနယ်နိမိတ်အတွင်း ကျရောက်မှုမရှိသော နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများကို လူနေထိုင်ရန်အတွက် ခွင့်ပြုပေးပါက မလိုလားအပ်သောအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုပြဿနာများ ဖြစ်ပေါ်နိုင်သည့်အတွက် မြေငှားဂရန် ခွင့်ပြုထုတ်ပေးခြင်း မရှိပါကြောင်း၊ မြေငှားဂရန်၊ မြေငှားစာချုပ်ဆိုသည်မှာ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေကို စည်းကမ်းချက်များသတ်မှတ်ပြီး နှစ်ကာလအပိုင်းအခြားဖြင့် အငှားချထားသည့် မြေငှားဂရန်၊ မြေငှားစာချုပ်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကို ပိုင်ဆိုင်မှု အထောက်အထားများနှင့် အတူ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအစီအစဉ်ထူထောင်၍ ကျေးလက်ဒေသလူမှုစီးပွားဘဝ မြှင့်တင်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးတစ်ခ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ Ms.Hong Bo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအစီအစဉ်ထူထောင်၍ ကျေးလက်ဒေသလူမှုစီးပွားဘဝမြှင့်တင်ရေး အထူးစီးပွားရေးဇုန်များတွင် တာဝန်သိ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်မှ

ပေးသွင်းရမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက ကြေးနီမိုင်းတူးခြင်းကြောင့် ကျင်းချိုင့်ရေအိုင်များသည် ပတ်ဝန်းကျင်အတွက် ကြီးမားသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေပါကြောင်း၊ ထိုကျင်းချိုင့်ရေပုပ်အိုင်သည် ရေတွင်ပျော်ဝင်နေသော အောက်ဆီဂျင်များအဖြစ် သတ္တုရိုင်းများနှင့် ကျင်းချိုင့်များ၏ ကျောက်သားနံရံမှ ပါးရိုက်နှင့် ဆာလဖိုက်သည် သတ္တုကိုဆွေးမြည့်စေပြီး အက်စစ်များ ဖြစ်ပေါ်စေပါကြောင်း၊ ထို့အပြင် ကျင်းချိုင့်ရေပုပ်အိုင်သည် ငရဲမီးပါဝင်သော ရေအဖြစ်သို့ ရောက်ရှိစေပါကြောင်း၊ ထိုကျောက်သားများမှ ထွက်လာသည့် အန္တရာယ်ရှိစေသော ဓာတုပစ္စည်းများဖြစ်သည့် အာဆင်းနစ်၊ ကက်ဒ်မီယမ်၊ သွပ်နှင့် ဆာလဖျူရစ် အက်စစ်တို့ အများအပြား ပါဝင်ကြောင်းကို တွေ့ရှိရပါကြောင်း၊ အဆိုပါ ရေပုပ်အိုင်ကြီးသည် ပတ်ဝန်းကျင်ရှိ သက်ရှိများဖြစ်သော အပင်နှင့်သတ္တဝါများကို အန္တရာယ်ဖြစ်ပေါ်စေပါကြောင်း၊ သို့ဖြစ်၍ အခြားနိုင်ငံများ၏ အကြံဉာဏ်ကိုရယူပြီး စပယ်တောင်၊ ကြေးစင်တောင်၊ လက်ပံတောင်းတောင် ကျင်းချိုင့်များမှ ရေများသည် နှစ်ပေါင်းများစွာ ပတ်ဝန်းကျင် ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ပြီး သက်ရှိသတ္တဝါများနှင့် အပင်များကို ဒုက္ခပေးတော့မည် ဖြစ်ပါသောကြောင့် **"နိုင်ငံတော်အတွင်း ကြေးနီမိုင်းတူး၍ ဖြစ်ပေါ်လာသော ကျင်းချိုင့်ကြီးများ၏ အန္တရာယ်ကို ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်သို့တင်သွင်းခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ သတ္တုတွင်းဝန်ကြီးဌာန၏ ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ဖြင့် ၅-၃-၂၀၁၀ ရက်နေ့မှ ၄-၃-၂၀၃၈ ရက်နေ့အထိ ၂၈ နှစ်ဖြစ် ခွင့်ပြုပေးထားပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့်ဖြင့် စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် စပယ်တောင်နှင့်စပယ်တောင် (တောင်ဘက်) သတ္တုတွင်းများကို မိုင်းပိတ်သိမ်းမှုများ ပြုလုပ်ရန် စီမံဆောင်ရွက်နေပါကြောင်း၊ စပယ်တောင်သတ္တုတွင်းမှာ အနက် ၂၀၀ မီတာခန့်နှင့် စပယ်တောင် (တောင်ဘက်) သတ္တုတွင်းအား သတ္တုတွင်းပိတ်သိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စပယ်တောင်နှင့် ကြေးစင်တောင်တို့၏ Mine Closure Plan ကို ၁၉၉၈ ခုနှစ်တွင် အမှတ် (၁) သတ္တုတွင်းလုပ်ငန်းသို့ တင်ပြခဲ့ပါကြောင်း၊ ကြေးစင်တောင်ရှိ ကြေးနီသတ္တုသိုက်ကို တူးဖော်ရန် အပေါ်ယံမြေသားထု အထူ ၁၃၀ မီတာခန့်ကို ဖယ်ရှားပစ်ရမည်ဖြစ်ပါကြောင်း။

အဆိုပါစပယ်တောင်နှင့် စပယ်တောင်(တောင်ဘက်) သတ္တုတွင်းနှစ်ခု၏ သတ္တုတွင်းပိတ်သိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားသည့်အချိန် ကျန်ရှိနေသည့် ကျင်းချိုင့်ကြီးနှစ်ခုကို ကြေးစင်တောင် ကြေးနီစီမံကိန်းလုပ်ငန်း ဆောင်ရွက်ချိန်တွင် ဖယ်ရှားရမည့် မြေစာများဖြင့် ပြန်လည်မြေဖို့ရန် အစီအစဉ်၏ Conceptual Design ကို ၂၀၁၂ ခုနှစ် အောက်တိုလတွင် ရေးဆွဲခဲ့ပြီး Preliminary Pit Closure Plan ကို ၂၀၁၄ ခုနှစ် ဧပြီလတွင် Knight Pie' Sold Consulting အဖွဲ့မှ ပြုစုရေးဆွဲခဲ့၍ ဝန်ကြီးဌာနသို့ တင်ပြပြီး အတည်ပြုချက်ရရှိပါကယင်းအတိုင်း စီမံဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ရေအရည်အသွေး ထိန်းသိမ်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ သတ္တုတွင်းစတင်တူးဖော်စဉ်က ထွက်ရှိသော မြေအောက်ရေများကို ရေကန်အဆင့်ဆင့်ဖြင့် စုဆောင်း၍ထားပြီး ရေအရည်အသွေးကို ကမ္ဘာ့စံချိန်စံညွှန်းများနှင့်အညီ ရှိစေရေးအတွက် စစ်ဆေးတိုင်းတာခြင်း၊ ဇီဝနည်းပညာဖြင့် သန့်စင်ခြင်းတို့ကို ဆောင်ရွက်ပြီးနောက် အခါအားလျော်စွာ ရေတင်စက်များဖြင့် ရေလွှဲမြောင်းများမှတစ်ဆင့် (မြောက်) ယမားချောင်းနှင့် ချင်းတွင်းမြစ်များအတွင်းသို့ စနစ်တကျ ရေလွှဲပေးခဲ့ပါကြောင်း၊ ကြေးနီစီမံကိန်းလုပ်ငန်းကြောင့် လူမှုပတ်ဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေရေးအတွက် ISO လက်မှတ်များ ရယူကာ ကြေးနီမိုင်းတူး၍ ဖြစ်ပေါ်လာမည့် ကျင်းချိုင့်ကြီးများ၏ အန္တရာယ်ကို ကြိုတင်ကာကွယ်ရေးအတွက် မိုင်းပိတ်သိမ်းမည့် အစီအမံများ ရေးဆွဲစီစဉ်ထားပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

(သတင်းစဉ်)

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး(အခြေခံပညာကဏ္ဍ)ဒုတိယနေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၇

၂၀၁၄ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှော ဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ကို ဆက်လက်ကျင်းပလျက်ရှိရာ ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ကျင်းပသည်။

နှီးနှောဖလှယ်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီအကြံပေးအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ပညာရေးကောလိပ်ကျောင်းအုပ်ကြီးများ၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ဝင်များနှင့် နှီးနှောဖလှယ်ပွဲ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ **(အောက်ပုံ)** က e-Government အစီအစဉ်နှင့်အတူ ပညာရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်အတွက် ပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တိုင်းတွင် အင်တာနက်ချိတ်ဆက်ကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သုတေသနနှင့်ပညာရေးတွင် အင်တာနက်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့အပြင် သက်ဆိုင်ရာ ဘာသာရပ်ဌာနအသီးသီးတွင် လည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် စာသင်ခန်းနှင့်အဆောင်များတွင် လည်းကောင်း အင်တာနက်အမြန်ဆုံးရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊အဝေးသင်တက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ်တို့ ပူးပေါင်း၍ ဆရာအတတ်သင်ပညာရေးကို e- Learn- ing စနစ်ဖြင့်စတင်ပို့ချရန် စီစဉ်နေပြီဖြစ်ကြောင်း၊ ပညာရေးတက္ကသိုလ်များနှင့်ပညာရေးကောလိပ်များတွင် ဆရာ ဆရာမများ ICT ကို ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင်ရှိစေရေးအတွက် ICT ဘာသာရပ်များကို အလေးထား သင်ကြားပေးရမည်ဖြစ်ကြောင်း၊ အခြေခံပညာကဏ္ဍတွင်လည်း ဆရာများနှင့် ကျောင်းသားများ Learning Centre များတွင် ICT နည်းပညာ ပိုမိုအသုံးပြုသင်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဤအစီအစဉ်များဖြင့် အင်တာနက်နှင့် ICT အသုံးပြု၍ သင်ကြားသင်ယူမှုစနစ်ကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားရန် မှာကြားသည်။

အစီအစဉ်အရ ယမန်နေ့က အုပ်စုလိုက် ဆွေးနွေးရရှိချက်များကို တင်ပြခြင်းနှင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုခြင်း၊ ထောက်ခံရရှိလာသည့် အချက်များကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများတွင် အချိန်ကာလ သတ်မှတ်ချက်မရှိဘဲ မြေငှားဂရန်နှင့် မြေငှားစာချုပ်များကို လျှောက်ထားရယူနိုင်ပါကြောင်း၊ မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်း လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရိဝုဏ်များ၊ စိုက်ပျိုးရေးအတွက် အသုံးမပြုသည့်မြေများတွင် အဆောက်အအုံများကို အခိုင်အမာဆောက်လုပ်၍ နှစ်ကာလရှည်ကြာစွာ နေထိုင်ခဲ့ခြင်း မှန်ကန်ပါက မြို့နယ်မြေစာရင်းဦးစီးဌာနတွင် မြေစာရင်းပုံစံ(၁၀၅)နှင့်လျှောက်ထားမြေ၏ မြေရာဇဝင်ကို ဖော်ပြသည့် မြေစာရင်းပုံစံ(၁၀၆) ရေးကူးခွင့်လျှောက်ထားရယူပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန် လျှောက်ထားနိုင်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် လူဦးရေအခြေအနေနှင့်အညီ မြို့ပြစီမံကိန်းများ သတ်မှတ်ဆောင်ရွက်မှုများမှအပ မြေငှားဂရန် စာချုပ်များကို စီမံချက်ချ လုပ်ဆောင်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဖိုးဇော်က **" ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုတင်သွင်းရသည့် ရည်ရွယ်ချက်မှာ မြစိမ်းရောင်စီမံကိန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရန်ပုံငွေချထားမှု မျှတညီညွတ်မှု အားနည်းနေသည့်အတွက် ပြန်လည် ပြင်ဆင်ပေးရန်၊ နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ဖြင့် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများကို ပြည်သူများအား သိရှိနားလည်သဘောပေါက်စေရန်နှင့် ချထားပေးသည့် ရန်ပုံငွေများအား ပြည်သူများ မျှမျှတတရရှိနိုင်စေရန် ရည်ရွယ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေးကျင်းပ

မန္တလေး ဇူလိုင် ၇

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၄)(ပထမနေ့)ကို ယနေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီးလွှတ်တော်၌ စတင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော်နှင့် လွှတ်တော်ကိုယ်စားလှယ် ၆၁ ဦးတို့ တက်ရောက်ကြသည်။

အထူးအစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့်မေးခွန်း(၂၅)ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ **မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ဥပဒေကြမ်းဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားတင်သွင်းမည့်နေ့ရက်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမည့်နေ့ရက် သတ်မှတ်ကြောင်း ကြေညာခြင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၄ ခုနှစ် မတ် ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့်နေ့ရက် သတ်မှတ်ကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၇

၂၀၁၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (မြဝတီ)

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ပင့်ဖိတ်ထားသည့် ဆရာတော်ကြီးများ ပါဝင်သော သံဃာတော် ၆၃ ပါး၊ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) ရုံး/ဌာနများမှ အရာရှိ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးမြို့ အတုလကာရီဆင်မင်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသထံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ကြီးများထံသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တိုင်းမှူးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ အတုလကာရီဆင်မင်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် ဆရာတော်အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (မြဝတီ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှစတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှုခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါနိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက်မှ ဝန်ထမ်းများသိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ ဖော်ပြခြင်း ဖြစ်ပါသည်။

ဝန်ထမ်းများခန့်ထားခြင်းနှင့် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခြင်း

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၃)တွင် ဝန်ထမ်းများခန့်ထားခြင်းနှင့် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၄ မှ နည်းဥပဒေ ၂၅ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ ယင်းတို့အနက် အောက်ဖော်ပြပါနည်းဥပဒေအချို့ကို ထုတ်နုတ်၍ ဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၁၅။ အောက်ပါရာထူးအဆင့်များကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများက ပြင်ပပုဂ္ဂိုလ်များအား စတင်ခန့်အပ်နိုင်သည်-

(က) အကူဝန်ထမ်းအဆင့်(၁)၊
(ခ) စာရေးဝန်ထမ်းအဆင့်(၁)၊
(ဂ) ကျွမ်းကျင်ဝန်ထမ်းအဆင့်(၁)နှင့် အဆင့်(၄)၊
(ဃ) ပညာရှင်အဆင့်(၁)၊ အဆင့်(၂)နှင့် အဆင့်(၃)၊
(င) စီမံခန့်ခွဲရေးဝန်ထမ်း(စီးပွားရေး) အဆင့်(၁)
(စ) စီမံခန့်ခွဲရေးဝန်ထမ်း(အုပ်ချုပ်ရေး၊ လူမှုရေး) အဆင့်(၁)၊

နည်းဥပဒေ ၂၃။ (က) ဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကို အခြားဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုသို့ ပြောင်းရွှေ့ခန့်ထားလိုပါက သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံလျှင် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းရမည်။

(ခ) ရာထူးဝန်အဖွဲ့သည် နည်းဥပဒေခွဲ(က) အရ ညှိနှိုင်းချက်ကို စိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့ ညှိနှိုင်းလျက် အရာထမ်းကို ပြောင်းရွှေ့ခေါ်ယူလိုသော ဝန်ကြီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပြောင်းရွှေ့ရန် ကိုယ်တိုင်ဆန္ဒပြုသည့်အရာထမ်း၏ ဝန်ကြီးဌာန၊ အဖွဲ့အစည်းက သဘောထားတောင်းခံခြင်း၊

(၂) ရာထူးဝန်အဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုခံယူခြင်း၊ တင်ပြခြင်း၊

(၃) နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ရရှိလျှင် အရာထမ်းကို ပြောင်းရွှေ့ခေါ်ယူလိုသော ဝန်ကြီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပြောင်းရွှေ့ရန် ကိုယ်တိုင်ဆန္ဒပြုသည့် အရာထမ်း၏ ဝန်ကြီးဌာန၊ အဖွဲ့အစည်းက အမှာစာပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး အတည်ပြုချက်ရယူခြင်း။

နည်းဥပဒေ ၂၄။ ရာထူးဝန်အဖွဲ့သို့ သဘောထားတောင်းခံညှိနှိုင်းရာတွင် အောက်ပါစာရွက်စာတမ်းများ ပြည့်စုံစွာပါရှိရမည်-

(က) ပြောင်းရွှေ့မည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့၏ အကြီးအမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အမှာစာ၊
(ခ) ပြောင်းရွှေ့မည့်ဝန်ထမ်း၏ အချက် ၅၃ ချက်ပါ ကိုယ်ရေးမှတ်တမ်းပုံစံတစ်စုံ၊ ပုံစံ(၁)၊
(ဂ) ဌာနကူးပြောင်းတာဝန်ထမ်းဆောင်မည့် ဝန်ထမ်းသည် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုကျူးလွန်ခဲ့ဖူးခြင်း ရှိ၊ မရှိ မှတ်တမ်း၊
(ဃ) ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိများ ပြောင်းရွှေ့ခန့်အပ်လိုမှုအတွက်-

(၁) တာဝန်ထမ်းဆောင်ဆဲ အရာရှိဖြစ်ပါက စစ်ရေးချုပ်ရုံး၏ ပြစ်မှုကင်းရှင်းခြင်း ရှိ၊မရှိ မှတ်တမ်း၊
(၂) အငြိမ်းစားယူပြီးသူ အရာရှိဖြစ်ပါက စစ်ရေးချုပ်ရုံး၏ ပြစ်မှုကင်းရှင်းခြင်း ရှိ၊မရှိမှတ်တမ်းနှင့် စစ်ရာထူးခန့်ချုပ်ရုံးမှ အရာရှိနှင့် ပတ်သက်၍ နောက်ဆုံးထုတ်ပြန်ခဲ့သော စစ်ရာထူးခန့်အမိန့်၊

(င) ပြောင်းရွှေ့လာမည့်အရာထမ်းကို မည်သည့်အဆင့်ရာထူး လစာနှုန်းထားတွင် တာဝန်ပေးခန့်အပ်မည်ဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံတွင် နေရာလစ်လပ်မှု ရှိ၊ မရှိ လက်ခံရယူမည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း၏ အမှာစာ၌ ဖော်ပြချက်။

မှတ်ချက်။ (၁) နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြရမည်ဖြစ်သဖြင့် နည်းဥပဒေခွဲ(က)တွင် ဖော်ပြပါအမှာစာတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးတို့ ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

(၂) နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံးတို့၏ ဌာနကူးပြောင်းရေး ကိစ္စရပ်များဖြစ်ပါက ညွှန်ကြားရေးမှူးချုပ် အဆင့်ထက်မနိမ့်သူ သို့မဟုတ် သက်ဆိုင်ရာ အကြီးအမှူး၏ အခွင့်အာဏာလွှဲအပ်ထားသူက အမှာစာတွင် လက်မှတ်ရေးထိုးနိုင်သည်။

နည်းဥပဒေ ၂၅။ ရာထူးဝန်အဖွဲ့သည် နည်းဥပဒေ ၂၄ အရ ညှိနှိုင်းအဆိုပြုချက်များအပေါ် အသေးစိတ်စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်ထောက်ခံတင်ပြခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံခြင်းမရှိသော ကိစ္စများတွင် ငြင်းပယ်ခြင်းပြုနိုင်သည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက် အခြားသိရှိသင့်သည့်အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

■ *ကျောဖုံးမှ*

ခွဲတမ်းစနစ်ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ရောင်းချပေးခဲ့မှုကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကာလတွင် တယ်လီဖုန်းအလုံးရေ ၉၀၂၁၄ သာရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးကာလတွင် တယ်လီဖုန်းအလုံးရေပိုမိုများပြားကာ တယ်လီဖုန်းသိပ်သည်းဆသည် ၂၀၁၄ ခုနှစ် မေလကုန်အထိ ၁၅ ဒသမ ၆၀ ရာခိုင်နှုန်းရှိနေပြီ ဖြစ်သည်။

ထို့အတူ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်ကာလတွင် မြန်မာနိုင်ငံ၌ ဖုန်းသိပ်သည်းဆမှာ ၅၀ ရာခိုင်နှုန်းရှိလာမည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဘဏ္ဍာရေးနှစ်ကာလအတွင်း ဖုန်းသိပ်သည်းဆသည် ၈၀ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ၌ အင်တာနက်သုံးစွဲမှုသည် ၂၀၁၁-၂၀၁၂ တွင် ၆၆၄၅၀ ဦး၊ ၂၀၁၂-၂၀၁၃ တွင် ၉၃၀၉၁၃ ဦးနှင့် ၂၀၁၃-၂၀၁၄ ကာလ၌ အင်တာနက်သုံးစွဲသူဦးရေ ၂၅၁၃၂၀၅ ဦးရှိခဲ့ရာမှ ၂၀၁၄ ခုနှစ် မေလကုန်အထိ အင်တာနက်သုံးစွဲသူဦးရေ သုံးသန်းခန့်ရှိနေကြောင်း သိရသည်။

(မြန်မာ့အလင်း)

❖ *ကျောဖုံးမှ*

ဦးဆောင်နိုင် ခဲ့သော်လည်း ၅၈ မိနစ်တွင် ရှုံတာရိုက ဆောက်သမ်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ မိနစ် ၉၀ အထိ တစ်ဂိုးစီ သရေကျနေ၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး ရတနာပုံက အသာရကာ အနိုင်ဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ၁၀၁ မိနစ်တွင် ဇင်မင်းထွန်းနှင့် ၁၁၇ မိနစ်တွင် ရန်အောင်ဝင်းတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

စလင်းကွင်း၌ကစားသည့် ချင်းယူနိုက်တက်နှင့် မနောမြေပွဲတွင် ချင်းယူနိုက်တက်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

တတိယအဆင့်ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ပြီး ကွာတားပွဲစဉ်များအဖြစ် ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်နှင့် ရတနာပုံ၊ နေပြည်တော်နှင့် မကွေး၊ ဇူလိုင် ၂၀ ရက်တွင် ဇွဲကပင်နှင့် ဧရာဝတီ၊ ဟံသာဝတီနှင့် ချင်းယူနိုက်တက်တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြည်တွင်းသတင်း

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ဘော်လီဘောနှင့် ဘတ်စကက်ဘောပြိုင်ပွဲဖွင့်

တောင်ကြီး ဇူလိုင် ၇

တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလှည့်ကျအားကစားနည်းအလိုက် အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ ၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲနှင့် ဘတ်စကက်ဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများကို ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဇူလိုင် ၆ ရက် နံနက် ၆ နာရီက စတင်ကျင်းပရာ ရှေးဦးစွာ ဒေသတွင်းအားကစား ပြိုင်ပွဲများဖြစ်သည့် ပြည်နယ်ဝန်ကြီးချုပ်ဖလားမီနီမာရသွန်ပြိုင်ပွဲနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ သရုပ်ပြပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့သည်။

ထို့နောက် မီနီမာရသွန်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက သေနတ်ပစ်ဖောက်တာလွှတ်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မီနီမာရသွန်လမ်းကြောင်းတစ်လျှောက် ယှဉ်ပြိုင်နေမှုနှင့် ပြိုင်ပွဲဝင်အားကစားသမားများ ပန်းဝင်ရောက်လာမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး ဆုများကို ချီးမြှင့်သည်။ ဆက်လက်၍ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလားတိုင်းဒေသကြီးနှင့် ပြည်နယ်ဘော်လီဘောနှင့် ဘတ်စကက်ဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးကြသည်။

ဆက်လက်၍ ပြည်နယ်မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲကို လည်းကောင်း၊ ရှမ်းပြည်နယ်ကြက်တောင်ရုံ၌ကျင်းပသော ဒေသတွင်း အားကစားပြိုင်ပွဲဖြစ်သည့် ပန်ကြပ်ဆီလတ်ပြိုင်ပွဲကို လည်းကောင်း ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီး က ၅၅ - ၆၀ ကီလိုတန်းမှ ဆုရရှိကြသူများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက ၇၀ -၇၅ကီလိုတန်းမှ ဆုရရှိသူများကိုလည်းကောင်းဆုချီးမြှင့်ပြီး တောင်ကြီး တက္ကသိုလ်အားကစားခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲနှင့် ပြည်နယ် အားကစားကွင်း၌ ကျင်းပသည့် အသက်၂၀အောက် ခရိုင်ပေါင်းစုံဘောလုံးပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးတွင် ဈေးသည်ဈေးဝယ်များ မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ဈေးအတွင်းရှိ ရေဆိုးထုတ်မြောင်းများ၊ ဆိုင်ခန်းများ၌ ခြင်၊ ယင်ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်း ဆောင်ရွက်မှုများကို ဇူလိုင် ၅ ရက်က ဈေးတာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်နှင့် ဈေးဝန်ထမ်းများက ဆောင်ရွက်စဉ်။ (၁၅၄)

လျှပ်စစ်မီးဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ကျွန်းလှ ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ကုက္ကိုကုန်းကျေးရွာ၌ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲနှင့် မူးနဒီကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၄ ရက်နံနက်က ကျေးရွာမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ၂၄နာရီ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီး အင်ဂျင်နီယာမှူး ဦးစိန်ကျော်တင့်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစိုးကျော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ၍တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသာအေးက လျှပ်စစ်မီးလင်းရေး မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျေးရွာကျောင်းဆောက်လုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးမောင်ညွန့်က မူးနဒီကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးဒုတိယပညာရေးမှူး ဦးလူမော်က လက်ခံယူသည်။

ယင်းနောက် မူးနဒီ ကျောင်းဆောင်သစ် အထိမ်းအမှတ် အလံများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်က ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံယူ၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ကျေးရွာအလယ်တန်းကျောင်း(ခွဲ)အတွက် တီဗွီတစ်လုံး၊ ကျောင်းသုံးဗလာစာအုပ်၊ အားကစားပစ္စည်း၊ ဂျာနယ်စာစောင်၊ ကဗျာလွှတ်အဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုဆုငွေနှင့် လျှုဒါန်းပစ္စည်းများပေးအပ်ကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံယူကြပြီး ကျေးရွာရပ်မိရပ်ဖဦးတင်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၄၃၂ သိန်းဖြင့် ဆောက်လုပ်ပြီး အလျား ပေ ၁၄၀၊ အနံပေ၃၀၊ အမြင့် ၁၂ပေဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

❊ ရှေ့မှ

ထားသည့်စနစ်ကို အသုံးပြုလျက်ရှိကြောင်း ဦးတင်မောင်ဌေးထံမှ သိရှိရသည်။

ချေးငွေအာမခံစနစ်ကို အသုံးပြုကာ အပေါင်ပစ္စည်းမပါဘဲ ငွေချေးသည့်စနစ်ကို နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော်လည်း နိုင်ငံတိုင်းတွင် Credit Bureau စနစ်အောင်မြင်ထားမှုကြောင့် လုပ်ဆောင်နိုင်ခြင်းဖြစ်ပြီး အဆိုပါစနစ်မှာ လုပ်ငန်းငယ်များအတွက် အမှန်တကယ် အကျိုးကျေးဇူးများရရှိစေနိုင်ကြောင်း ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က မှတ်ချက်ပေးသည်။

ခရက်ဒစ်ဗျူရိုစနစ်အရ ငွေလိုအပ်သည့် လုပ်ငန်းရှင်သည် အပေါင်ထားရှိစရာ မလိုဘဲ ဘဏ်တစ်ခုပြီးတစ်ခု၌ ငွေချေးယူနိုင်မည်ဖြစ်သည့်အပြင် ဘဏ်များကလည်း မိမိတို့ဘဏ်တွင် ငွေချေးယူသူ၏ အချက်အလက်များကို ထိန်းသိမ်းထားရမည်ဖြစ်သည်။ သို့ရာတွင် ငွေချေးယူသူ၏ အချက်အလက်များကို အဆိုပါ ခရက်ဒစ်ဗျူရို၌ လက်ခံထားရှိကာ ချေးငွေရယူထားသည့်အချက်အလက်များနှင့် ပြန်လည်ပေးဆပ်မှု အခြေအနေများကို သိရှိနိုင်ပြီး ငွေချေးခွင့်ရှိမရှိ ဆုံးဖြတ်နိုင်ခြင်းဖြစ်ရာ Credit Bureau မရှိသေးသည့် နိုင်ငံများအဖို့ အပေါင်မပါဘဲ ငွေချေးမှုများမှာ အခက်အခဲများရှိနေကြောင်း သိရသည်။

ယခုစတင်ကျင့်သုံးမည့် ငွေချေးအာမခံ (Credit Guarantee Insurance) မှာ အပေါင်ပစ္စည်းမရှိပါက ပထမနှစ်တွင် သုံးရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် တတိယနှစ်တွင် တစ်ရာခိုင်နှုန်းခန့် သတ်မှတ်ကာ ဝယ်ယူနိုင်ပြီး အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက်မှု ငွေချေးအာမခံ ပရီမီယံကြေးကို အပေါင်ပစ္စည်း ရှိ၊ မရှိအခြေအနေပေါ်မူတည်ကာ သတ်မှတ်ထားရကြောင်း အာမခံကြီးကြပ်ရေးအဖွဲ့မှ သိရှိရသည်။

“စီးရိမ်စရာက ငွေချေးယူသူတွေကို ယုံကြည်စိတ်ချရမှုဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့က စိန်ခေါ်မှုတွေ အများကြီးရှိပါတယ်။ ဥပမာပြောရရင် နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရခဲ့တာ တစ်နှစ်ဝန်းကျင်ပဲရှိသေးတာကို နိုင်ငံခြားဘဏ်တွေနဲ့အပြိုင် လုပ်ကိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်နေရချိန်ဖြစ်ပါတယ်။ ဈေးကွက်မှာ အပြိုင်အဆိုင်တွေ အများကြီးရှိနေတဲ့အတွက် ငွေထုတ်ချေးတဲ့ ကိစ္စရပ်တွေမှာ မူဝါဒပိုင်းဆိုင်ရာ စိုးရိမ်မှုတွေရှိနေရတာဖြစ်ပါတယ်။ အပေါင်ထားတဲ့ငွေချေးမှုကို စဉ်းစားရာမှာ ယုံကြည်စိတ်ချရစေဖို့ အရင်ဆုံး ရွေးချယ်ရပါတယ်။ အတိုးနှုန်းကတော့ သတ်မှတ်ထားတဲ့ အတိုင်း ၁၃ ရာခိုင်နှုန်း ရယူပါတယ်။ အပေါင်ပစ္စည်းကိုတော့ ဗဟိုဘဏ်က သတ်မှတ်ပေးထားတဲ့အထဲက မရွှေ့ပြောင်းနိုင်တဲ့ အိမ်ခြံမြေကို အဓိကလက်ခံပေးနေပါတယ်” ဟု ဘဏ်လုပ်ငန်းလုပ်ကိုင်သူ ဒါရိုက်တာတစ်ဦးက ပြောကြားသည်။

ပြည်တွင်းလုပ်ငန်းရှင် အများစုမှာမူ ဘဏ်များမှ ငွေချေးယူကြရာတွင် ပြည်ပဘဏ်လုပ်ငန်းများ ဝင်ရောက်လာပါက ပိုမိုအခွင့်အရေးရရှိကာ အတိုးနှုန်းများလည်း ကျဆင်းလာမည်ဟု မျှော်လင့်ကြသော်လည်း ဗဟိုဘဏ်တာဝန်ရှိသူ တစ်ဦးကမူ ပြည်ပဘဏ်များဝင်ရောက်လာသော်လည်း အခြားဖွံ့ဖြိုးပြီး နိုင်ငံများကဲ့သို့ အတိုးနှုန်းကို တစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းအထိ လျှော့ချမှုများပေးအပ်နိုင်ဦးမည်မဟုတ်ဘဲ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် နိုင်ငံ့ ငွေကြေးဖောင်းပွမှုနှုန်းထားအရ အတိုးနှုန်းကိုသတ်မှတ်မည်သာ ဖြစ်ကြောင်း ရှင်းပြသည်။

လက်ရှိတွင်ပြည်တွင်း ငွေကြေးဖောင်းပွမှုမှာ တစ်နှစ်လျှင် ခြောက်ရာခိုင်နှုန်းခန့်ရှိနေခြင်းကြောင့် အတိုးနှုန်းကို ယင်းထက်ကျော်လွန်စေရန် ရှစ်ရာခိုင်နှုန်းသတ်မှတ်ထားခြင်းဖြစ်ပြီး စီးပွားရေးအားကောင်းလာပါက ငွေကြေးဖောင်းပွမှု နှုန်းထားများ လည်းလျော့ကျကာ အတိုးနှုန်းများလည်းကျဆင်းလာနိုင်ကြောင်း ဘဏ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ရန်အတွက် ဗြိတိန်၊ ဂျပန်၊ နယူးဇီလန်၊ ဗီယက်နမ်၊ ဘရူနိုင်း၊ ကိုရီးယား၊ အိန္ဒိယ၊ သြစတြေးလျစသည့်နိုင်ငံများမှ ဘဏ် ၄၂ ခုခန့်အား ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ခွင့်ပေးခဲ့ပြီး လာမည့်နှစ်များအတွင်း ဘဏ်ခွဲများအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

မကြာမီစတင်ကျင့်သုံးတော့မည်ဖြစ်သည့် ချေးငွေအာမခံစနစ်အား ဂျာမနီနိုင်ငံ GIZ နှင့် ဂျပန်နိုင်ငံ ဆူမိတိုမိုမစ်ဆူရီဘဏ်တို့မှ ပညာရှင်များ၏အကြံဉာဏ်နှင့် နည်းစနစ်များကို ရယူထားခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်ဆွေးနွေး

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်ဆွေးနွေးပွဲကို ဇူလိုင် ၄ ရက်က တိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကျော်ကျော်ကဆွေးနွေးပြီး ဖိတ်ကြားထားသော အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အငြိမ်းစားအရာရှိကြီးများက မိမိတို့ကဏ္ဍအလိုက် ဆွေးနွေးတင်ပြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော် ပြုပြင်ပြောင်းလဲမှု၏ တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များဆွေးနွေးရာတွင် အဓိကအားဖြင့် ပေါင်းစပ်ညှိနှိုင်းမှုအားနည်းခြင်း၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ လုပ်ငန်းအားနည်းချက်များကို ပြုပြင်ဆောင်ရွက်ရာတွင် MindSet နှင့်လုပ်နည်းလုပ်ငန်းပြုပြင်ပြောင်းလဲပြီး အရည်အသွေး ပိုမိုတိုးတက်လာရန်လိုကြောင်း၊ ပြည်သူများ၏လိုအပ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာစေရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်မြန်ဆန်သွက်လက်စွာ ဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန်၊ ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသောအစိုးရကို အထောက်အကူပြုရန် အလေးထားဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သိရသည်။ **မီးမီး(လှိုင်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကြိုးများလဲလှယ်

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သဃ်န်းကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောသူရနှင့်ဝန်ထမ်းများသည် ဇူလိုင် ၄ရက်တွင် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် သုဝဏ္ဏ(၂၉)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းရှိ ၄၀၀ ဗို့ဓာတ်အားလိုင်းနိမ့်သောနေရာများတွင် ကွန်ကရစ်ကျောက်တိုင်များစိုက်ထူ၍ လိုင်းမြှင့်တင်ပေးခြင်း၊ စံပြရပ်ကွက် (၄)လမ်းထိပ် သံသုမာလမ်းနှင့် (ခ)ရပ်ကွက် ပြည်တော်သာလမ်းထိပ်မှ စာတိုက်လမ်းအထိ Aerial Bundle Cable Cover ကြိုးများကို နေ့ချင်းပြီးလဲလှယ်မှုလုပ်ငန်းများဆောင်ရွက်ကြရာ အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစံဌေး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးခင်တို့က ကြည့်ရှုစစ်ဆေးသည်။ မြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ရှိနိုင်သော နေရာများ၌ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွှေးမွှေး(သဃ်န်းကျွန်း)

မြန်မာအမျိုးသမီးများနေ့ကျင်းပ

မြို့သစ် ဇူလိုင် ၇

မကွေးခရိုင် မြို့သစ်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်နံနက် ၁၀ နာရီက မြို့သစ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းက မြန်မာအမျိုးသမီးများနေ့အကြောင်း ရှင်းလင်းပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ၂၅ ဦးတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်သည်။ မြန်မာအမျိုးသမီးများနေ့ စာစီစာကုံးပြိုင်ပွဲနှင့် သားဖွားဆရာမ ဒေါ်ခိုင်ဇာခြည်နွေးနှင့် အရန်သားဖွားဆရာမများ၊ ကျောင်းတက်မှန်သူ ဆရာမတစ်ဦးကို အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းလှိုင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့များနှင့် စိတ်ဝင်စားစွာ တက်ရောက်ခဲ့ကြသော ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဇော်ဇော်(မြို့သစ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

လယ်ဝေး ဇူလိုင် ၇

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မဲဒီးကျေးရွာတွင် ဇူလိုင် ၄ ရက် နံနက် ၈ နာရီက နေပြည်တော် ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် NGO များပူးပေါင်း၍ မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ စုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်နိုင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဇော်မျိုးနိုင်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာ-အိန္ဒိယ အနုပညာရှင်များ ဖျော်ဖြေပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်သည့် The Handshake Concert-Myanmar Edition 2014 ဖျော်ဖြေပွဲအခမ်းအနားကို ဇူလိုင် ၆ ရက် ည ၇ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အိန္ဒိယနိုင်ငံမှ Hon'ble Nagaland Legislative Assembly Mr.Chotisuh Sazo၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Gautam Mukhopadhaya၊ Rattle & Hum Music Society မှ President Mr. Theja နှင့် အနုပညာရှင်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရှေးယခင်ကတည်းကပင် နှစ်နိုင်ငံ၏ ယဉ်ကျေးမှု၊ ဘာသာတရား၊ လူမျိုးစုတို့မှာ အခိုင်အမာတည်ရှိခဲ့ပြီး ကမ္ဘာ့ရင်ခုံတိုင်းတွင် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အနုပညာရှင်များအနေဖြင့်လည်း အတူတကွ ပူးပေါင်းတင်ဆက်ခြင်းဖြင့် အချင်းချင်း အပြန်အလှန် နားလည်မှု၊ လေးစားချစ်ခင်မှုတို့ကို တိုးမြှင့်စေမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသော မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်သည့် The Handshake Concert-Myanmar Edition 2014 ဖျော်ဖြေပွဲ၏ အကျိုးရလဒ်အနေဖြင့် နှစ်နိုင်ငံပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှု ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံမှ Hon'ble Nagaland Legislative Assembly Mr. Chotisuh Sazo က ဖျော်ဖြေပွဲအခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံမှ အနုပညာရှင်များနှင့် အိန္ဒိယနိုင်ငံမှ အနုပညာရှင်များက ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးများဖြင့် အလှည့်ကျ ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် Rattle & Hum Music Society မှ President Mr. Theja က ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အိန္ဒိယနိုင်ငံမှ Hon'ble Nagaland Legislative Assembly Mr.Chotisuh Sazo တို့က ဖျော်ဖြေတင်ဆက်ကြသည့် နှစ်နိုင်ငံ အနုပညာရှင်များကို ဂုဏ်ပြုပန်းစည်းများ အသီးသီးပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲအတွက် စာမူများဖိတ်ခေါ်

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်အတွက် ဝတ္ထုတိုစာမူပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ကျေးလက်အလှသဘာဝများ၊ ကျေးလက်ယဉ်ကျေးမှုဓလေ့များနှင့် ဘဝသရုပ်ဖော်အကြောင်းအရာများကို နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။ စာမူကို A4 စာမျက်နှာဖြင့် ကွန်ပျူတာဖြင့် လေးမျက်နှာ သို့မဟုတ် လက်နှိပ်စက် ငါးမျက်နှာ သို့မဟုတ် လက်ရေးဖြင့် ခြောက်မျက်နှာထက်မပိုဘဲ ရေးဖွဲ့နိုင်သည်။

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာ ရေးသား၍ မူရင်းနှင့် မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူသည် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင်ရေးသားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များ ပါရှိရပါမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၁၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၇၅၀၀၀၊ တတိယဆု ငွေကျပ် ၅၀၀၀၀၊ အထူးဆု ငွေကျပ် ၃၀၀၀၀ စီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဆုရရှိသူများစာရင်းကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဒို့ကျေးရွာဂျာနယ်တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို စာတည်းမှူး ဒို့ကျေးရွာဂျာနယ် အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း - ၂၀၁၉၃၆၊ ၃၇၁၁၄၂ သို့ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက် ညနေ ၄ နာရီနောက်ဆုံးထား ပေးပို့ရမည် ဖြစ်သည်။

(သတင်းစဉ်)

စစ်တောင်းမြစ်ရေနည်းပါး၍ ယာယီမြစ်ကူးတံတားများ ဆက်လက်အသုံးပြုနေ

ရေတာရှည် ဇူလိုင် ၇

ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ် အရှေ့ဘက်ကမ်းဒေသများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများသည် နွေရာသီ ရေနည်းပါးချိန်၌ ယာယီမြစ်ကူးတံတားများကို အဓိကအားထားသွားလာကြရသည်။

နေ့စဉ် စီးပွားရေး၊ လူမှုရေးကိစ္စများ၊ ကျန်းမာရေး၊ ပညာရေးအတွက် ခရီးသွားလာကြရာတွင် မိုးရာသီ၌ ကူးတို့စက်လှေများကို အသုံးပြုလေ့ရှိသည်။ "မနှစ်က ဒီအချိန်ဆိုရင် တံတားတွေသိမ်းပြီ အခုနှစ်မှာ မိုးနည်းတော့ မြစ်ရေကပုံမှန်ပဲ၊ များလာရင်တော့ ဖျက်ရတော့မှာ၊ စက်လှေတွေပြင်ဆင်ထားပြီ"ဟု ကူးတို့လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။ ရေတာရှည်မြို့နယ်တွင် ဆွာ-ဆွာရွာမကြီး လမ်းပိုင်းနှင့် ရေတာရှည်-ကရင်ကျောင်း လမ်းပိုင်းသည် နေ့စဉ်ခရီးသွားလာမှု အလွန်များပြားပြီး ရာသီမရွေး သွားလာနိုင်သည့် တံတားများ လိုအပ်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ရန် နှိုးဆော်

နေပြည်တော် ဇူလိုင် ၇

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ၊ နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၃ ရက်ကို ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သတ်မှတ်ထားပြီးဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၇

တာမွေမြို့နယ် အထက(၃)ကျောင်းခန်းမ၌ ဇူလိုင် ၄ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအသိပညာပေးပြပွဲနှင့် ဟောပြောပွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ မြို့နယ်ပညာရေးမှူး ဦးဉာဏ်ထွန်းနှင့် မြို့နယ်ရဲမှူး ခင်မောင်မြတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အထက (၃) ကျောင်းအုပ်ဆရာကြီး ဦးသိန်းမြင့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်လှလှမြင့်က ပြခန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ပြပွဲတွင် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါး၏ဆိုးကျိုးအန္တရာယ်များကို သိရှိစေရန် ဖြစ်ရပ်မှန်ဓာတ်ပုံမှတ်တမ်းများ၊ ဆောင်းပါးများ၊ ဝတ္ထုများ၊ ကာတွန်းများ၊ ကဗျာများ၊ နိုင်ငံတော်က မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ထိရောက်စွာ နှိမ်နင်းဖျက်ဆီးဆောင်ရွက်သည့် မှတ်တမ်းများ၊ စာအုပ်ပြပွဲများကို တက်ရောက်လာသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)မှ ရန်ကုန်အရှေ့ပိုင်းခရိုင် တာဝန်ခံ ဒေါ်သက်မာက လူငယ်နှင့် မူးယစ်အန္တရာယ်ဆက်နွယ်သည့် ကော်ရှုသည့် ပြဿနာနှင့် နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများအကြောင်း ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူ့အကျိုးဖော်ဆောင်ဖို့
အခွန်မှန်မှန်စွာ ပေးဆောင်စို့

ပခုက္ကူဧရာဝတီတံတားအောက်ကရွာကလေး ရေဘေးအန္တရာယ်ကြောင့် အကူအညီလိုအပ်နေ

ပခုက္ကူ ဇူလိုင် ၇

ပခုက္ကူ ဧရာဝတီတံတားကြီးအောက် ပခုက္ကူမြို့ဘက်ကမ်း၌ တည်ရှိသည့် ပခုက္ကူနှင့် နှစ်မိုင်ခန့်အကွာ ကွန်းညိုကြီးကျေးရွာအုပ်စု အိမ်ခြေ ၇၅ အိမ်ခန့်ရှိသော ကြက်တန်းကုန်းရွာ (စပယ်ကုန်း) လေးတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မေ ၁၉ ရက်က အိမ် ၁၀ လုံး မြစ်ကမ်းပါးပြိုမှုထဲ ပါသွားခဲ့သည်။ မြစ်ကမ်းပါးပြိုမှုကို သတင်းရလျှင်ရချင်း ပခုက္ကူမြို့မှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ သံဃာတော်များက သွားရောက်၍ နေအိမ်များကို ကူညီပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။ မဘသ သံဃာတော်များက ငွေကျပ်ခြောက်သိန်း၊ ရွာသစ်ကုန်း ဆရာတော်က ငွေကျပ်တစ်သိန်း၊ ဆင်လမ်း ဆရာတော်က ငွေကျပ်တစ်သိန်းနှင့်အလှူရှင်များက ဆန်နှင့် ငွေကြေးများ လှူဒါန်းသွားခဲ့သည်။

"အခုရက်ပိုင်းအတွင်းမှာ ရေတက်လာလို့ ကမ်းနဲ့နီးတဲ့ အိမ်တွေ ဖျက်လိုက်ရပြီ။ မြို့နယ်အုပ်ချုပ်ရေးမှူးက ပေ ၁၈၀ အရှည်ရှိတဲ့ စတီးကြိုးနှစ်ချောင်း လှူဒါန်းသွားပါတယ်။ မြို့နယ် ဖွံ့/ထောက်ကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်တို့အဖွဲ့ကလည်း ဝါးတွေကို ဖောင်ဖွဲ့ပြီး လိုင်းရိုက်သက်သာအောင်လုပ်ဆောင်ထားပါတယ်။ ကမ်းပါးပြိုမှု တားဆီးနိုင်ရန် ဝါးဖောင်တွေ သစ်လုံးတွေကို စတီးကြိုးတွေနဲ့ ဆက်လက်ပြီး လုပ်ဆောင်သွားမှာပါ"ဟု ဒေသခံ ရွာသားတစ်ဦးက ပြောသည်။ ကြက်တန်းကုန်း ရွာကလေးသည် တောင်သူလယ်ယာလုပ်ငန်း လုပ်ကိုင်စားသောက်မှုနည်းပါးပြီး နေထိုင်သော ခြံဝင်းထဲတွင်သာ ဥယျာဉ်ခြံလုပ်ငန်းနှင့် အာဆီယံသပြေများ စိုက်ပျိုး၍ ဘဝကိုရပ်တည်နေသည့် ရွာကလေးဖြစ်သည်။ လူငယ်လူရွယ်များကမူ မြို့တက်၍ ဖိနပ်လုပ်ငန်း၊ လက်သမားလုပ်ငန်း၊ ကြံ့ရာကျပန်း လုပ်ကိုင်ကြရသည်။ ဘုန်းတော်ကြီးကျောင်းမရှိ၊ မူလတန်းစာသင်ကျောင်းမရှိ၊ တစ်နေ့လုပ်မှ တစ်နေ့ စားရသည့် ရွာကလေးဖြစ်သည်။ ရွာကလေး၏ အနေအထားသည် ချိုးတဲ့ခွမ်းပါး၍ စိုက်ပျိုးရာမြေသည် ဧရာဝတီမြစ်ထဲပါသွားပြီး နေစရာမြေလည်း မဝယ်နိုင်သောကြောင့် ယနေ့တိုင် မြစ်ကမ်းပါးနှင့်နီးကပ်စွာ နေထိုင်ရကြောင်း သိရသည်။

ဆက်သွယ်နိုင်

ကြက်တန်းကုန်းရွာကလေးသို့ ကူညီလှူဒါန်းမည်ဆိုပါက ဆရာတော် ဦးဝိသုတ ဖုန်း- ၀၉-၄၂၅၂၅၂၈၈၆၊ ဦးဇော်လင်း (ကျေးရွာအုပ်ချုပ်ရေးမှူး) ၀၉-၄၀၁၅၀၉၀၁၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သမီးအိမ့်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကြိုးတံတားအကျိုး ကျေးရွာအလှတိုးခဲ့ပြီ

သတင်းဆောင်းပါး-နွေနဒီ

လှပသော မြစ်ငယ်မြစ်ကို အမှီပြုကာ ပြည်သူတို့ဝမ်းစာတွေပြည့်ဖူးခဲ့ပေသည်။ ဒီမြစ်ကိုကျော်ဖြတ်ကာ ရောင်းဝယ်ဖောက်ကားမှုတို့ ပြုခဲ့ရပေသည်။ လှေစီးရင်းနှင့် သဘာဝအခက်အခဲတို့ကို ကျော်ဖြတ်ခဲ့ရသည်။ မြစ်ငယ်မြစ်မှ ခွဲထွက်သွားတဲ့ ဒေသအခေါ် မြစ်ခွဲလေးချောင်းကလေးကြောင့် ကျွန်းကလေးတစ်ခုပေါ်ပေါက်လာခဲ့သည်။ ထိုကျွန်းကလေးသည် အမရပူရမြို့နယ်တွင် တည်ရှိပြီး မိချောင်းတက်ရွာနှင့် ဝဲကြီးဆင်ရွာဆိုသော ရွာကလေးနှစ်ရွာရှိသည်။ ဝါဆိုဝါခေါင်ရေကြီးချိန်များတွင် မြစ်ဟိုဘက်ကမ်းဒီဘက်ကမ်းကို သံကြိုးတန်းကာ လှေများရေ စီးနှင့်မျောမပါရေး သံကြိုးဆွဲကာ လှေလှော်ရင်းကူးခဲ့ကြရသည်။ တစ်ဖက်ကမ်းကို ကူးဖို့အတွက် လှေတစ်စင်းလျှင် အမျိုးသားငါးဦးခန့်ပါဝင်ကာ သံကြိုးဆွဲပြီးလှော်ခတ်ပါမှ တစ်ဖက်ကမ်းသို့ ရောက်ကြရသည်။

ကမ်းတစ်ဖက် ရောက်ဖို့အရေး တစ်နာရီမျှ အချိန်ပေးခဲ့ရသောကာလများပင်ဖြစ်သည်။ စိုက်ပျိုးရေးဖြစ်ထွန်းသည့် ကျွန်းရွာကလေး၏ မြစ်ကူးခြင်း ဒုက္ခတို့က ၂၀၁၂ အောက်တိုဘာလ မှစကာ ပြီးဆုံးသွားခဲ့ကြပေသည်။ ရွာသူ ရွာသားတို့၏ မြစ်ကူးခြင်း ဒုက္ခကို သိသွားသော မြန်မာအင်ဂျင်နီယာကိုကျော်စိုးမိုးက သူ၏ အဆက်အသွယ်ဖြင့် ဆွစ်ဇာလန်နိုင်ငံသားအလှူရှင်နှင့် ချိတ်ဆက်ပေးခဲ့သည်။ အလှူရှင်သည် စတီးကြိုးတံတားတည်ဆောက်ရန်လိုအပ်သည့် ပစ္စည်းများကိုပါ တစ်ပါတည်း ယူဆောင်လာခဲ့သည်။ တံတားတစ်ဖက်တစ်ချက်မှ အမာခံအုတ်မြစ်များနှင့် အခြားစရိတ်များအတွက် အလှူငွေကျပ်သိန်းသုံးရာကို ဒေသခံတို့ စုပေါင်းပါဝင် လှူဒါန်းကာ လုပ်အားပါ စိုက်ထုတ်လာကြသည်။

စတီးကြိုးတံတား၏ အရှည်မှာ ပေ ၃၂၀ ရှည်ပြီး မြစ်ခွဲချောင်းများတွင် မြန်မာနိုင်ငံအတွက် ဒုတိယအကြီးဆုံး ကြိုးတံတားလှူဒါန်းမှုပင် ဖြစ်သည်။ မြန်မာအင်ဂျင်နီယာ ကိုကျော်စိုးမိုး၏ အကူအညီကြောင့် ကြိုးတံတားတပ်ဆင်ချိန် နှစ်ရက်သာကြာပြီးနောက် ကျွန်းရွာကလေး၏ သွားလာမှုမှာ ပြောင်းလဲသွားခဲ့သည်။ ရေကြီးလည်း လှေစီးစရာ မလိုတော့ဘဲ ဒေသထွက်ကုန်စည်များကို အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်သွားခဲ့ပေသည်။ ဒေသခံတို့အတွက် အကျိုးပြုနေသော စတီးကြိုးတံတားကလေးကို မဂ်ကြိုးတံတား ဟု နာမည်ပေးလိုက်ကြသည်။ တစ်သက်မှာ တစ်ခါမျှ မမက်ဖူးခဲ့သော အိပ်မက်တစ်ခုပင် ဖြစ်သည်။ ကြိုးတံတားထိုးခြင်းဆိုသော စိတ်ကူးနှင့် သိန်းရာချီကုန်သောအရေး မည်သူမျှ မတွေးရဲခဲ့ကြပါပေ။ ယခုအခါ နိုင်ငံခြားမှ အပြီးအစီးသယ်ဆောင် တပ်ဆင်ကုသိုလ်ပြုခဲ့သော ဆွစ်ဇာလန်နိုင်ငံသား၏ ကြိုးတံတားကြောင့် မြစ်ငယ်မြစ်အတွင်းမှ ကျွန်းရွာကလေးနှစ်ရွာ၏ စီးပွားရေး ဖွံ့ဖြိုးမှုသည် ယခင်ကထက် ကိုးဆယ် ဆသာကာ ကြိုးတံတား အကျိုးကျေးရွာကို အလှတိုးစေခဲ့သည်။

အောင်မြင်ဖြစ်ထွန်းသော မိုးကြိုဝါ

တံတားဦး ဇူလိုင် ၇

တံတားဦးမြို့နယ် ပြူကန်ကျေးရွာ ပြူကန်မြောက်ကွင်းတွင် စိုက်ပျိုးထားသော မိုးကြို ချည်မျှင်ရှည်ဝါ ငွေချည် (၆) ဝါမျိုး စိုက်ပျိုးထားကြောင်း သိရသည်။ ယခုစိုက်ပျိုးထားသော ငွေချည် (၆) ချည်မျှင်ရှည်ဝါသည် ပြူကန်ကန်မှ ရေသွင်းစိုက်ပျိုးထားကြောင်း ဝါ တစ်ပိဿာလျှင်ငွေကျပ် ၁၂၀၀ ဖြင့် ပုဂ္ဂလိကဝါစက်ရုံတွင် ရောင်းချရကြောင်း၊ ဝါဈေးမှာလည်း အတက်အကျရှိပါကြောင်း၊ တောင်သူတစ်ဦးထံမှ သိရသည်။

(၄၀၉)

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်းတွင်ကြော်ငြာပါ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၇၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၃၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၁၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၅၀၀-၁၃၅၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၈၅
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၄၂
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၂-၃၂
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၀-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်သည်အသစ်)	တစ်အိတ်	၁၇၈၀၀
ပေါ်ကွဲ (အသစ်)	တစ်အိတ်	၂၂၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၅၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၀၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၅၈၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၆၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၁၅၀-၁၂၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၂၅-၆၂၀
ရေတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၄၀၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၃၀၀-၄၄၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

တောင်သူပညာပေး ဝါစိုက်ခင်းနှင့် ကိုယ်တိုင်မျိုးထိန်းသိမ်းနည်း သရုပ်ပြပွဲကျင်းပ

ကျောက်ဆည် ဇူလိုင် ၇

ဝါစိုက်တောင်သူများ သိပ္ပံနည်းကျစိုက်ပျိုးရန်နှင့် ထုတ်ကုန်များ တိုးတက်ပြီး တောင်သူများကိုယ်တိုင် ဒေသနှင့်ကိုက်ညီသည့် မျိုးများထိန်းသိမ်း မျိုးပွားဆောင်ရွက်နိုင်ရန်အတွက် တောင်သူပညာပေး ဝါစိုက်ခင်းသရုပ်ပြပွဲနှင့် ကိုယ်တိုင်မျိုးထိန်းသိမ်းနည်း ပညာပေးသရုပ်ပြပွဲကို ကျောက်ဆည်မြို့နယ် လွန်ကျော်သုတေသနနှင့် မျိုးသန့်ခြံစိုက်ကွင်းတွင် ဇူလိုင် ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဝါစိုက်တောင်သူများ ပညာပေးသရုပ်ပြပွဲတွင် ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းဝါမျိုးစေ့များ မျိုးထိန်း၊ မျိုးသိမ်းဆောင်ရွက်နေမှုများ၊ ငွေချည်(၆)၊ ရွှေတောင်(၈)နှင့် ငွေချည်(၉) မျိုးများ ယှဉ်ပြိုင်စိုက်ပျိုးထားရှိမှုနှင့် သီးနှံသဘာဝအပင်ဖြစ်ထွန်းမှုများ ရှင်းလင်းခြင်းနှင့် ဝါစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေနှင့် တောင်သူများ ကိုယ့်မျိုးကို ထိန်းသိမ်းစိုက်ပျိုးနိုင်မည့် နည်းစနစ်များ၊ မန္တလေးတိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး(ဝါ)ဦးထွန်းဝင်း၊ ကျောက်ဆည်ခရိုင် ဦးစီးမှူး ဦးကျော်သူရိန်နှင့် လွန်ကျော်ဝါသုတေသနနှင့် မျိုးသန့်ခြံမန်နေဂျာ ဦးဝင်းမြင့်တို့က အသေးစိတ်ရှင်းလင်း ပြသကြသည်။

အဆိုပါ ဝါပညာပေး သရုပ်ပြပွဲသို့ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များမှ ဝါစိုက်တောင်သူများ တက်ရောက်ကြပြီး စိုက်ပျိုးထားရှိသော တောင်သူပညာပေး ဝါစိုက်ခင်းနှင့် ကိုယ်တိုင်မျိုးထိန်းသိမ်းနည်း သရုပ်ပြခြင်းတို့ကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

သွေးသည် အသက်

အမည်ပြောင်း

ဦးတင်ဝင်း၏သား မင်္ဂလာဒုံမြို့နယ်၊ အထက(၅)သတ္တမတန်း(B)မှ မောင်အောင်နိုင်ဝင်းအား မောင်အောင်မြင့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်မြင့်



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ မြေကွက်အမှတ် ၃၈၉၊ မြို့မြေစာရင်းတွင် ဦးစိုးမြင့်အမည်ပေါက်လျက်ရှိသော မြေကွက်ကို စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဖြူဖြူထွန်း ၁၄/ပသန(နိုင်)၀၀၆၅၃၀ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသပေးအပ်ပြီး ဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်ကြောင်း အထောက်အထားစာရွက်စာတမ်းမူရင်းများ ယူဆောင်ပြသလျက် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမောင်မောင်ဝင်း
B.A(Eco) H.G.P, R.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၈၅၈)
တိုက်အမှတ်-၅၅၊ အခန်း ၁၅/A၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၂၅၄၃၄၆၉၅၁၊ ၀၉-၈၆၂၇၈၅၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1B/9354, TOYOTA DYNA BU 88, LIGHT TRUCK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဇော်မိုး ၁၂/သကတ(နိုင်)၀၈၃၃၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

ကန့်ကွက်နိုင်ပါသည်နှင့်အများသိသာစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ အာသာဝတီ ၄ လမ်း၊ မြေကွက်အမှတ်(၂၃၃/ခ)ဟုခေါ်တွင်သော မြေအကျယ်အဝန်း ပေ(၂၀×၆၀)ရှိ ဦးလှိုင်မြင့် TBN-၀၈၀၅၈၅ အမည်ပေါက်နှစ် ၆၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်နီနီဝင်း ၁၂/ဥကမ(နိုင်)၂၂၀၄၇၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းနိုင်အောင်(LL.B, C.B.L)
အထက်တန်းရှေ့နေ(စဉ်-၃၀၂၈၂)
အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့် ဥပဒေအကြံပေးအတိုင်ပင်ခံ
အခန်း ၅၀၂၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၅၁၂၅၆၀၊ ၀၉-၇၃၀၈၈၀၈၄၊ ၀၉-၇၃၀၈၈၅၉၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများ ပြန်လည်စတင်တူးဖော်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း
ကြေညာချက်(၄/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင် ၇ရက်

၁။ ကချင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေများအရ လုံးခင်း၊ ဖားကန့်ရတနာမြေ၊ မော်လူး-မော်ဟန်ရတနာမြေနှင့် ခန္တီးရတနာမြေတို့အတွင်း ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကို ၃၁-၅-၂၀၁၂ ရက်မှစတင်၍ ယာယီရပ်နားခဲ့ပါသည်။

၂။ ယခုအခါတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် ကေအိုင်အို၊ ကေအိုင်အေအဖွဲ့တို့ နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆောင်ရွက်မှုကြောင့် ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီး ပဋိပက္ခများဖြေရှင်းနိုင်ခဲ့ပါသည်။ နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး ကချင်ပြည်နယ်တွင် အေးချမ်းတည်ငြိမ်မှုများ ရရှိလျက်ရှိပါသည်။

၃။ ထို့အတွက် တိုင်းရင်းသားဒေသခံပြည်သူများ၏ လူမှုဘဝအခြေအနေများ မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကို ၁-၉-၂၀၁၄ ရက်မှစတင်၍ ပြန်လည်တူးဖော်ခွင့်ပြုမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

တရုတ်ယောကျ်ားနှင့်လက်ထပ်ပေးစားရန် စည်းရုံးခေါ်ဆောင်လာသူကို လွယ်ဂျယ်မြို့နယ်ခွဲ၌ ဖမ်းဆီး

လွယ်ဂျယ် ဇူလိုင် ၇

တရုတ်နိုင်ငံသို့ အကြိမ်ကြိမ်သွားရောက်နေသည့် ဗန်းမော်ခရိုင် မိုးကုတ်မြို့နေသူ ဒေါ်ချို(ခ) ဒေါ်လှခင် (၄၃ နှစ်)က မိုးကုတ်မြို့နေသူ အမျိုးသမီးငယ်တစ်ဦးကို တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားပေးစားရန် စည်းရုံးသွေးဆောင်ကာ ခေါ်ဆောင်လာစဉ် လွယ်ဂျယ်လူကုန်တားတပ်ဖွဲ့စိတ် (၂)က ဖမ်းဆီးရမိသဖြင့် လွယ်ဂျယ်နယ်မြေ ရဲစခန်းတွင် ဇူလိုင် ၆ ရက်က လူကုန်ကူးမှုဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ် (၂) လွယ်ဂျယ်မှ ရဲအုပ်ရဲနေဝင်းအောင် ဦးစီးသော တပ်ဖွဲ့ဝင်နှစ်ဦးသည် ဇူလိုင် ၅ ရက် နယ်စပ်ဝင်/ထွက် ဂိတ်အမှတ် (၁)တွင် စောင့်ဆိုင်းနေစဉ် အဖြူရောင်ဗင်ကား ယာဉ်ပေါ်မှ မသင်္ကာဖွယ်ရာ အမျိုးသမီးနှစ်ဦးကိုတွေ့ရသဖြင့် တပ်ဖွဲ့စိတ်ရုံးသို့ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ခေါ်ယူစစ်ဆေးမေးမြန်းခဲ့သည်။

တွေ့ဆုံမေးမြန်းချက်များအရ ဒေါ်ချို(ခ) ဒေါ်လှခင်သည် မိုးကုတ်မြို့နေ မ------(၁၈ နှစ်)၏ နေအိမ်သို့ ဇွန် ၁၉ ရက်က ရောက်ရှိလာပြီး တရုတ်နိုင်ငံတွင် တရုတ်နိုင်ငံသားနှင့် အိမ်ထောင်ကျနေသော သမီးဖြစ်သူ မစန်းစန်းဝင်း(ခ) ဂျာလင်း၏ခင်ပွန်း၏ ညီဖြစ်သူနှင့် လက်ထပ်ရန်၊ လက်ထပ်ပါက ရွှေတစ်ဆင်စာနှင့် ငွေကျပ်သိန်း ၃၀ ရမည်ဟု ပြောဆိုစည်းရုံးခဲ့ရာ မ---သည် မိသားစု စီးပွားရေးအကျပ်အတည်းကို ဖြေရှင်းရန်အတွက် ဒေါ်လှခင်၏ ပြောဆိုချက်ကို ယုံကြည်၍ တရုတ်ယောကျ်ားနှင့် လက်ထပ်ရန် သဘောတူညီခဲ့ကြောင်း၊ ဇူလိုင် ၃ ရက်တွင် မိုးကုတ်မှ မန္တလေးသို့ ဗင်ကားဖြင့် လည်းကောင်း၊ ဇူလိုင် ၄ ရက်တွင် မြစ်ကြီးနားသို့ ရောက်ရှိခဲ့ပြီး ဇူလိုင် ၅ ရက်တွင် မြစ်ကြီးနားမှ မြန်မာ-တရုတ်နယ်စပ် လွယ်ဂျယ်မြို့သို့ ရောက်ရှိခဲ့ကြောင်း၊ ခရီးစရိတ်များကို ဒေါ်ချို(ခ)ဒေါ်လှခင်က အကုန်အကျခံခဲ့ပြီး တစ်ဖက်နိုင်ငံသို့ ခေါ်ဆောင်သွားမည်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမျိုးသမီးငယ်တစ်ဦးကို ငွေကြေးခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် လိမ်လည်သွေးဆောင်စည်းရုံးပြီး တရုတ်မယားအဖြစ်ပေးစားရန် ခေါ်ဆောင်လာသူ ဒေါ်ချို(ခ) ဒေါ်လှခင်ကို အရေးယူပေးရန် လူကုန်ကူးတပ်ဖွဲ့စိတ် (၂) လွယ်ဂျယ်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် လွယ်ဂျယ်နယ်မြေရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ လူကုန်ကူးခံရသူ အမျိုးသမီးငယ်ကို ယာယီစောင့်ရှောက်ထားပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံနိုင်ရေး တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

တရုတ်၌ တရားမဝင်နေထိုင်သူ မြန်မာအလုပ်သမားများလွှဲပြောင်း

မူဆယ် ဇူလိုင် ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ နန်းတော်ဂိတ် နှစ်နိုင်ငံ ဝင်/ထွက်ပေါက်တွင် ဇူလိုင် ၁ ရက် ညနေ ၄ နာရီခွဲက မြန်မာနိုင်ငံမှ တရုတ်နိုင်ငံဘက်သို့ တရားမဝင် ဝင်ရောက်အလုပ်လုပ်ကိုင်နေသူ အမျိုးသား ၃၀၊ အမျိုးသမီးသုံးဦး စုစုပေါင်း ၃၃ ဦးကို တရုတ်နိုင်ငံ ရွှေလီနယ်စပ် ကာကွယ်ရေးဌာန စစ်ဆေးရေးအရာရှိ Mr. Su Qiang ဦးဆောင်သော အဖွဲ့က လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံဘက်မှ မကဖ(၅)အဖွဲ့ခေါင်းဆောင် ဦးဌေးဝင်း လွှဲပြောင်းလက်ခံခဲ့သည်။ ထိုသို့ လွှဲပြောင်းပေးအပ်သူများကို လူကုန်ကူးခံရသူများနှင့် တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်သော အလုပ်သမားများ လွှဲပြောင်းလက်ခံ ဆောင်ရွက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်ထွယ်နှင့် မကဖအဖွဲ့(၅) အဖွဲ့ခေါင်းဆောင်တို့က အသိပညာပေးဆွေးနွေးပြီး အမှာစကားပြောကြားခဲ့သည်။

ဇူလိုင် ၃ ရက် နံနက် ၉ နာရီခွဲက နန်းတော်ဂိတ် ဝင်ပေါက်/ထွက်ပေါက်တွင် တာဝန်ရှိသူများက မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ တရုတ်နိုင်ငံသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်သည့် အလုပ်သမား ၃၅၂ ဦးကိုလည်း နေရပ်ပြန်ပို့ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ထိုသို့ လွှဲပြောင်းလက်ခံပြီး တာဝန်ရှိသူများက နေရပ်ပြန်ပို့ရန် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီ (မထသ)တို့နှင့် ညှိနှိုင်း၍ မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ ကရုဏာလူမှုရေး အသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ စေတနာသဒ္ဓါတရားဖြင့် စားသောက်ဖွယ်ရာ စီစဉ်ပေးခဲ့သည်။

ထိုကဲ့သို့ နေရပ်ပြန်ပို့သော လုပ်သားများမှာ ရခိုင်ပြည်နယ်မှ ၁၆၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၈၀၊ ရှမ်းပြည်နယ်မှ ၉၂ ဦး၊ မကွေးတိုင်းဒေသကြီး မှ ၁၀ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ရှစ်ဦး၊ ကချင်ပြည်နယ်မှ တစ်ဦး စုစုပေါင်း အမျိုးသား ၂၇၆ ဦး၊ အမျိုး သမီး ၇၆ ဦး စုစုပေါင်း ၃၅၂ ဦး ဖြစ် သည်။ အများအားဖြင့် လုပ်သားများမှာ ကြက်သားထုတ်လုပ်ဖြန့်ဖြူးသော စက်ရုံတွင် လုပ်ကိုင်ကြပြီး မူဆယ်နယ်စပ်အထိ သုံးရက်ကြာ ကားစီးလာရသည်။

ယခုရက်ပိုင်းအတွင်း ဆက်တိုက်လွှဲပြောင်းခဲ့ရာ ဇွန် ၃ ရက် ညနေပိုင်းက ၄၀၊ ဇွန် ၄ ရက် နေ့ပိုင်းတွင် ၂၆ ဦး၊ ညပိုင်းက ၁၀ ဦး ထပ်မံလွှဲပြောင်းခဲ့ကြောင်း သိရသည်။ **သိန်းဇော်(ရွှေလီဦး)**

အကောက်ခွန်မဲ့ အချိုမှုန့်အိတ်ပေါင်း ၁၂၀၀ သိမ်းဆည်း

နောင်ချို ဇူလိုင် ၇

နောင်ချိုမြို့နယ် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် အခြေပြု၍ မန္တလေး-မူဆယ်ကားလမ်းတစ်လျှောက် စားသုံးသူ အကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဌာနစုံပူးပေါင်းအဖွဲ့ Mobile Team သည် ဇူလိုင် ၃ ရက် မွန်းလွဲ ၂ နာရီခန့်က မူဆယ်မှ မန္တလေးသို့မောင်းနှင်လာသော ယာဉ်အမှတ် 5E/--- ၂၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ အကောက်ခွန်မဲ့အချိုမှုန့်အိတ်ပေါင်း ၁၂၀၀ တင်ဆောင်လာသည်ကိုတွေ့ရပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ အဆိုပါ ၂၂ ဘီးယာဉ်ပေါ်ပါ အကောက်ခွန်မဲ့တင်ဆောင်လာသော ယာဉ်နှင့် အချိုမှုန့်အိတ် ၁၂၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၀၀၀၀၀ ကို နိုင်ငံဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်သည်။ အလားတူ မော်တော်ယာဉ်များပေါ်တွင် တရားမဝင် အကောက်ခွန်မဲ့၊ ပိုင်ရှင်မဲ့၊ လိုင်စင်မဲ့ဆိုင်ကယ်၊ အကြော်မှုန့်တို့ကို သိမ်းဆည်းရမိကြောင်း သိရသည်။ **(ဝ၆၁)**

တညင်းကုန်းကားမှတ်တိုင်၌ ခါးပိုက်နှိုက်သုံးဦး ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ခါးပိုက်နှိုက်မှုများ ဖမ်းဆီးရမိရေးအတွက် ဇူလိုင် ၄ ရက် နံနက် ၆ နာရီ မိနစ် ၅၀ က အင်းစိန်မြို့နယ် တညင်းကုန်းလမ်းဆုံမှတ်တိုင်၌ စောင့်ကြည့်သတင်းစုံစမ်းနေစဉ် မှတ်တိုင်သို့ဆိုက်ရောက်လာသော အမှတ် ၄၃ ဒိုင်နာ ခရီးသည်တင်ယာဉ်ပေါ်မှ ဆင်းလာသည့် ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူများဖြစ်သော ရွှေပြည်သာမြို့နယ်နေသူများဖြစ်သည့် အောင်ကျော်ဦး (၄၅ နှစ်)၊ ဇင်ဘို(၃၀ နှစ်)နှင့် ကျော်သန်း(၄၃ နှစ်)တို့ကို တွေ့ရသဖြင့် စစ်ဆေးရှာဖွေခဲ့ရာ အောင်ကျော်ဦး၏ အင်္ကျီအိတ်ကပ်အတွင်းမှ ငွေကျပ် ၂၀၇၀၀ ကို တွေ့ရှိခဲ့ ကြောင်း သိရသည်။

အဆိုပါငွေများနှင့်ပတ်သက်၍ စစ်ဆေးရာ ၎င်းတို့သုံးဦးသည် အမှတ် (၄၃) ဒိုင်နာခရီးသည်တင်ယာဉ်ကို လိုက်ပါစီးနင်းလာစဉ် အသက် ၄၀ ကျော် အမျိုးသားတစ်ဦးထံမှ နှိုက်ယူရရှိခဲ့သောငွေများဖြစ်ကြောင်း၊ ယာဉ်ပေါ်တွင် အောင်ကျော်ဦးနှင့် ကျော်သန်းတို့က အကာအကွယ်ပြုလုပ်ပေးပြီး ဇင်ဘိုက နှိုက်ယူခဲ့ကာ အောင်ကျော်ဦးထံ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ပေါ်ပေါက်ချက်အရ ၎င်းတို့သုံးဦးကို အင်းစိန်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ ယာဉ်တိုက်မှုဖြစ်

ရန်ကုန် ဇူလိုင် ၇

ပန်းဘဲတန်းမြို့နယ်အတွင်း ဇူလိုင် ၅ ရက် နံနက် ၉ နာရီ မိနစ် ၄၀ က ကမ်းနားလမ်းအတိုင်း အနောက်မှအရှေ့သို့ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ယာဉ်မောင်း မျိုးမင်းလတ် (၃၁ နှစ်) မောင်းနှင်လာသော CC/--- caldina van အဖြူရောင်အငှားယာဉ်သည် လမ်း (၃၀) မှတ်တိုင်အရောက် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ၈က/---- ဒိုင်နာအပြာရောင် ကိုယ်ပိုင်ယာဉ်ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒိုင်နာယာဉ်မှာ လမ်းလယ်၌ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးပျက်စီးပြီး CC/----ယာဉ်မောင်း မျိုးမင်းလတ်၊ ၎င်း၏ယာဉ်ပေါ်ပါခရီးသည်အမျိုးသား တစ်ဦးနှင့် ၈က/---- ယာဉ်မောင်းဦးအောင်ဝင်း တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံတွင် ပြင်ပလူနာအဖြစ် ကုသခဲ့ရကြောင်း၊ ယင်းကဲ့သို့ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း မျိုးမင်းလတ်ကို ပန်းဘဲတန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

မွေးနေ့ဆုတောင်း

ဆရာ ဦးလှထွေး၊ ညွှန်ကြားရေးမှူး(ငြိမ်း)
စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန

၈-၇-၂၀၁၄ ရက်တွင် ကျရောက်သော အသက်(၇၂)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ဘာသာ၊ သာသနာ၏အကျိုးကို ကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နေပြည်တော်မှ ချစ်တပည့်များ
တင်မောင်ဌေး၊ မြင့်ဟန်၊ ဆလိုင်း၊ သင်းသင်း၊
မိုးကြီး၊ မေနွယ်၊ ရီရီဝင်း၊ ဝါဝါနိုင်၊ တင်မျိုးခိုင်၊ ခင်ထွန်း

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့



လေဘာကန်ထရိုက်ခေါ်ယူခြင်း

Asia Myanmar Consortium Development (AMCD) Co.,Ltd.မှ တည်ဆောက်လျက်ရှိသော River View Point Project အတွက် အဆောက်အအုံအခန်းဖွဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းကျွမ်းကျင်သော၊ လက်ရာသေသပ်ကောင်းမွန်သော

- ပန်းရန်ကန်ထရိုက်
- လက်သမားကန်ထရိုက်များအား လုပ်ငန်းဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ပါသည်။

စိတ်ပါဝင်စားသူများ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

Asia Myanmar Consortium Development Co.,Ltd.

အမှတ် ဘီ/၂၀၅၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၄၀၄၂၇၊ ၀၁-၅၅၇၄၄၈(လိုင်းခွဲ-၃၂၀၅)

ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/5199 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/1995၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

နိုင်ငံတကာအားကစား

ဘရာဇီးခြေစွမ်းအားနည်းတယ်ပြောတဲ့ ဂျာမနီနည်းပြ

အာကာကျော်

၂၀၁၄ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်ပွဲတွေ မကြာမီစတင်တော့မှာပါ။ တကယ့်ဘောလုံးလောကရဲ့ အထွတ်အထိပ်ပြိုင်ပွဲတွေပါပဲ။ ဆီမီးမှာတော့ တောင်အမေရိကတိုက်က နှစ်သင်း၊ ဥရောပတိုက်က နှစ်သင်း တက်ရောက်လာတာပါ။ တောင်အမေရိကဇုန်က အိမ်ရှင်ဘရာဇီးနဲ့ အာဂျင်တီးနားတို့ဖြစ်ပြီး ဥရောပဇုန်က နယ်သာလန်နဲ့ ဂျာမနီတို့ပဲ ဖြစ်ပါတယ်။

ဇူလိုင် ၈ ရက်မှာတော့ အကြိုဗိုလ်လုပွဲအဖြစ် အိမ်ရှင်ဘရာဇီးနဲ့ ဂျာမနီတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ လက်ရှိဘရာဇီးရဲ့ ခြေစွမ်းဟာ အရင်တုန်းက ဘရာဇီးအသင်းရဲ့ ခြေစွမ်းကို မမီဘူးလို့ ဂျာမနီအသင်းနည်းပြဂျိုအာချင်လိုက ပြောလိုက်ပါတယ်။

လက်ရှိဘရာဇီး အသင်းရဲ့ ခြေစွမ်းဟာ အနည်းငယ်သာရှိတယ်လို့ ယုံကြည်မိတဲ့အကြောင်း ဂျာမန်နည်းပြက ပြောလိုက်ခြင်း ဖြစ်ပါတယ်။

လူးဝစ်စကိုလာရီရဲ့ ဘရာဇီးအသင်းဟာ လက်ရှိကမ္ဘာ့ဖလားမှာ တစ်ဖက်ကစားသမားများကို ကြမ်းတမ်းစွာကစားမှု ၉၆ ကြိမ်ပြုလုပ်ခဲ့တယ်လို့ ဂျာမနီနည်းပြက ဆိုပါတယ်။ ဒီအတောအတွင်း ဘရာဇီးကစားသမားများ အဝါကတ်အပြခံရမှု ၁၀ ကြိမ်ရှိတယ်လို့ ဆိုပါတယ်။ ဂျာမနီကွင်းလယ်ကစားသမား ရှဝိန့်စတိန်ဂါက ၎င်းရဲ့နည်းပြမှတ်ချက်ကို ထောက်ခံပြောဆိုခဲ့ပါတယ်။

ဘရာဇီး ကစားသမားတွေဟာ ကြမ်းတမ်းစွာ ကစားတတ်ပေမယ့် မိမိတို့ကြံ့ခိုင်မှု အပြည့်အဝရှိအောင် ပြင်ဆင်ထားပါတယ်လို့လည်း သူက ဆိုပါတယ်။

ဘရာဇီးအသင်းမှာ ဘောလုံးနည်းပညာအကြွယ်ဝဆုံးဖြစ်တဲ့ တိုက်စစ်မှူးနေမာ ပါဝင်နိုင်တော့မှာ မဟုတ်ဘဲ ကိုလံဘီယာနဲ့ပွဲမှာ ကျောဒဏ်ရာရသွားတဲ့အတွက် ပြိုင်ပွဲနဲ့ လွဲချော်ခဲ့ရပြီဖြစ်ပါတယ်။ ဒီအတွက် ဂျာမနီအဖို့ သက်သာရာရသွားမှာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အိမ်ရှင်အားသာချက်နဲ့ ပရိသတ်အားသာချက်ကိုတော့ ဂျာမနီတို့ဘရာဇီးကို လိုက်မမီမှာမဟုတ်ပါဘူး။

ဂျာမနီအသင်းဟာ ၂၀၀၂ ကမ္ဘာ့ဖလားမှာ ဘရာဇီးကို နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့ပြီး ဒုတိယဆုနဲ့ ကျေနပ်ခဲ့ရပါတယ်။ ဒါပေမယ့် လက်ရှိဂျာမနီအသင်းဟာ လွန်ခဲ့တဲ့လေးနှစ်ကထက် တောင့်တင်းတဲ့ အသင်းဖြစ်တယ်လို့ ရှဝိန့်စတိန်ဂါက ဝင့်ကြွားစွာ ပြောဆိုလိုက်ပါတယ်။ ။

ကမ္ဘာ့ဖလား ၁၆သင်းအဆင့်နှင့် ကွာတားအဆင့် အကောင်းဆုံးကစားသမားများ

သီဟ

အုပ်စုပွဲကျော်လွန်ပြီး ၁၆သင်းအဆင့်မှစ၍ ကွာတားအဆင့်အထိ ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆု ရရှိခဲ့သော ကစားသမားများကို ဖော်ပြရလျှင် ၁၆သင်းအဆင့် ဘရာဇီးနဲ့ ချီလီပွဲတွင် ဂိုးသမား ဆီဆာ(ဘရာဇီး)က ရရှိ ပြီး ကိုလံဘီယာနဲ့ ဥရုဂွေးပွဲတွင် ဂျိန်းစ်ရိုဒရီဂွက်ဇ် (ကိုလံဘီယာ)က ရရှိခဲ့ ပါတယ်။ ပြင်သစ်နဲ့ နိုင်ဂျီးရီးယားပွဲတွင် ပေါ့ဘာ(ပြင်သစ်)၊ ဂျာမနီနဲ့ အယ်လ်ဂျီး ရီးယားပွဲတွင် ဂိုးသမား ရေးစ်(အယ်လ်ဂျီးရီးယား) တို့ ရရှိခဲ့ပါတယ်။

နယ်သာလန်နဲ့ မက္ကဆီကိုပွဲမှာ ဂိုးသမား အိုချိုအာ(မက္ကဆီကို) ကရရှိပြီး ကော်စတာရီကာနဲ့ ဂရိပွဲတွင် ဂိုးသမား နာဗက်စ်(ကော်စတာရီကာ) က ရရှိခဲ့ပါတယ်။ အာဂျင်တီးနားနဲ့ ဆွစ်ဇာလန်ပွဲမှာ မက်ဆီ (အာဂျင်တီးနား)ကရရှိပြီး ဘယ်လ်ဂျီယံနဲ့ အမေရိကန်ပွဲမှာတော့ ဂိုးသမားတင်ဟောင်းဝပ်(အမေရိကန်) က ဆုရရှိခဲ့ပါတယ်။

ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘရာဇီးနှင့် ကိုလံဘီယာပွဲမှာတော့ ဒေးဗစ်လူးဝစ်ဇ်(ဘရာဇီး)က ဆုရရှိပြီး ပြင်သစ်နဲ့ ဂျာမနီပွဲတွင် ဟမ်မဲလ်(ဂျာမနီ) က ရရှိခဲ့ပါတယ်။ နယ်သာလန်နဲ့ ကော်စတာရီကာပွဲမှာလည်း ဂိုးသမား နာဗက်စ် (ကော်စတာရီကာ)က ရရှိပြီး အာဂျင်တီးနားနဲ့ ဘယ်လ်ဂျီယံပွဲတွင် ဟီဂူရင် (အာဂျင်တီးနား) က ဆုများရရှိခဲ့ပါတယ်။

ရွှေဘောလုံးဆု မည်သူရရှိမည်ကို စောင့်မျှော်ရင်းပြီးခဲ့သည့် ကမ္ဘာ့ဖလား ရွှေဘောလုံးဆုပိုင်ရှင်များမှာ ၂၀၁၀ ဥရုဂွေးကစားသမား ဒီယေဂိုဖော်လန်၊ ၂၀၀၆ ပြင်သစ်ကစားသမား ဇီဒန်း၊ ၂၀၀၂ ဂျာမနီဂိုးသမား အိုလီဗာခမ်းတို့က ရရှိခဲ့ပါတယ်။ ၁၉၉၈နဲ့၁၉၉၄မှာတော့ နှစ်နှစ်ဆက်တိုက် ဘရာဇီးကစားသမား ရော်နယ်ဒိုက ရရှိခဲ့ပါတယ်။

အကောင်းဆုံးဂိုးသမားဆု အနေဖြင့် ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားတွေမှာ ၂၀၁၀ ကာဆီးလက်စ် (စပိန်)၊ ၂၀၀၆ ဘက်ဖွန်(အီတလီ)၊ ၂၀၀၂ အိုလီဗာခမ်း(ဂျာမနီ)၊ ၁၉၉၈ ဘားသက်ဇ် (ပြင်သစ်)၊ ၁၉၉၄ ပရီအူဒီဟွမ်မီ(ဘယ်လ်ဂျီယံ) တို့က ရရှိခဲ့ပါတယ်။

ဆွာရက်ဇ်ကိုရောင်းပြီး ဘယ်လ်ဂျီယံတိုက်စစ်မှူးကို လီဗာပူးခေါ်ရန်ပြင်ဆင်

လီဗာပူးက ဘယ်လ်ဂျီယံတိုက်စစ်မှူး ဒီဗော့ခ်အိုရီဂီအား စာချုပ်ရန် သဘောတူလိုက်ပြီဖြစ်သည်။ ဘင်ဖီကာအသင်းမှ ဆားဘီးယားတောင်ပံကစားသမား မာကိုဗစ်ကိုလည်းခေါ်ယူရန် လီဗာပူးက ဆွေးနွေးလျက်ရှိသည်။ လီဗာပူးက အသက် ၁၉ နှစ်ရှိ အိုရီဂီအား ပေါင် ၁၀ သန်းဖြင့် စာချုပ်ဖွယ်ရှိသည်။ စာချုပ်သက်တမ်းကိုမူ ဆက်လက်ဆွေးနွေးနေကြောင်း သိရသည်။ မိမိတို့အနေဖြင့် အသက် ၂၀ အရွယ်ရှိ မာကိုဗစ်ကိုလည်း ပေါင် ၂၅ သန်းဖြင့် စာချုပ်နိုင်ရန်မျှော်လင့်ထားကြောင်း လီဗာပူးတာဝန်ရှိသူများက ပြောသည်။

လီဗာပူးက အဆိုပါကစားသမားနှစ်ဦးအား ခေါ်ယူပြီး တိုက်စစ်မှူး ဆွာရက်ဇ်ကို ပေါင် ၇၅သန်းဖြင့် ဘာစီလိုနာသို့ရောင်းချရန် ပြင်ဆင်လျက်ရှိသည်။ လီဗာပူးအသင်းသည် ဘာစီလိုနာမှဆန်ချက်ဇ်ကိုလည်း ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။ တိုက်စစ်မှူးအိုရီဂီသည် ဘယ်လ်ဂျီယံအသင်းကို ကမ္ဘာ့ဖလားကွာတားဖိုင်နယ်သို့ရောက်အောင် ပို့ပေးခဲ့ရာတွင် အဓိကကစားသမားအဖြစ် ပါဝင်သူဖြစ်သည်။ ၎င်းသည်ရုရှားနှင့်ပွဲတွင် အနိုင်ဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။

ဂျိုကိုဗစ်၏ အခက်ခဲဆုံးသောဖလားလုပွဲ

ဗြိတိန်နိုင်ငံ၌ ကျင်းပသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က ရော်ဂျာဖက်ဒဲယားကိုနိုင်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ ဂျိုကိုဗစ်က ယင်းပွဲသည် သူ၏တင်းနစ်ကစားသမားဘဝသက်တမ်းတစ်လျှောက် အထူးခြားဆုံးပြိုင်ပွဲဖြစ်ကြောင်း ပြောလိုက်သည်။

အသက် ၂၇ နှစ်ရှိ ဂျိုကိုဗစ်သည် ၆-၇၊(၇-၉)၊ ၆-၄၊ ၇-၆(၇-၄)၊ ၅-၇၊ ၆-၄ ဖြင့် အနိုင်ရခဲ့သည်။ အချိန်ကြာမြင့်စွာကစားခဲ့ရသည့် ပြိုင်ပွဲဖြစ်သည်။ ကစားသမားနှစ်ဦး၏ လက်ရည်စွမ်းမှာ တူညီနေကြပြီး ခက်ခဲစွာကစားခဲ့ရသည့် ပြိုင်ပွဲဖြစ်သည်။ "ဒီဂရင်းဆလမ်ဖလားက အထူးခြားဆုံး၊ အစိုးရိမ်ရဆုံးပြိုင်ပွဲ ဖြစ်ခဲ့ပါတယ်"ဟု ဂျိုကိုဗစ်က ပြောသည်။ ဂျိုကိုဗစ်သည် ဝင်ဘယ်ဒန်ဖလားကို ၂၀၁၁ ခုနှစ်က ဆွတ်ခူးခဲ့ရာ ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ယခုဝင်ဘယ်ဒန်ဖလားအပါအဝင် ဂရင်းဆလမ်ဖလား ခုနစ်လုံးအထိ ဆွတ်ခူးခဲ့ပြီးဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

နယ်သာလန်ဂိုးသမား တင်မ်ကာလ်ရှူး အာဂျင်တီးနားတွေ့မည်ဆို

ကမ္ဘာ့ဖလား ဆီးမီးဖိုင်နယ်ပွဲအဖြစ် အာဂျင်တီးနားနှင့် နယ်သာလန်အသင်းတို့ ဇူလိုင် ၉ ရက်တွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်ရာ နယ်သာလန်နာမည်ကြီး ဂိုးသမား တင်မ်ကာလ်ရှူးအား စောင့်မျှော်နေကြောင်း အာဂျင်တီးနားအသင်းက ပြောကြားလိုက်သည်။

လူစားဝင်ကစားသည့် နယ်သာလန်ဂိုးသမား တင်မ်ကာလ်ရှူးသည် ကော်စတာရီကာနှင့် ကစားသည့်ပွဲတွင် ပယ်နယ်တီဂိုးနှစ်ဂိုးကို ကာကွယ်ပေးနိုင်ခဲ့သူဖြစ်သည်။

ကမ္ဘာ့ဖလားကို နှစ်ကြိမ်ဆွတ်ခူးထားသည့် အာဂျင်တီးနားအသင်းက နယ်သာလန်အသင်းကို အနိုင်ကစားရန် ပြင်ဆင်လျက်ရှိသည်။

အာဂျင်တီးနား အသင်းသည် ၁၉၇၈ ခုနှစ်နှင့် ၁၉၈၆ ခုနှစ်တွင် ကမ္ဘာ့ဖလား ဆွတ်ခူးနိုင်ခဲ့သည့် အသင်း ဖြစ်သည်။

ဇူလိုင်မိသားစုမွေးနေ့ဆန္ဒမွန်

တစ်ဦးတည်းသောသားလေး မောင်ကောင်းဆက်စိုး နောက်ဆုံးနှစ်အပိုင်း(ခ) ဆေးတက္ကသိုလ်(၁)ရဲ့ ၈-၇-၂၀၁၄ရက်မှာ ကျရောက်တဲ့ မွေးနေ့အမှတ်တရ **'လူနာတွေကို ကြင်ကြင်နာနာနဲ့ စောင့်ရှောက်စေချင်တာက လူမမာဖြစ်နေတဲ့ သားမေမေရဲ့ ဆန္ဒတစ်ခုပါ'**

ဘွားဘွား - ဒေါ်နွဲ့နွဲ့အေး
ဖေဖေ - ဦးမြင့်စိုး (နတလ)-
မေမေ - ဒေါ်လှိုင်လှိုင်မင်း

မင်္ဂလာမော်ကွန်းတင်လက်မှတ်ထိုးနှင့် မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ
ဦးရဲတင့်(ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)-ဒေါ်ဝင်းရီတို့၏သားကြီး
ဗိုလ်ကြီးသီဟရဲတင့် M.B.,B.S (DSMA), M.Med.Sc(Surg)
အမှတ်(၂)တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀)နေပြည်တော်
နှင့်
နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်နေ
ဦးမြတ်မင်း(အထက်တန်းပြ-ငြိမ်း၊ အထက-၂)-ဒေါ်ရီရီငွေး(အထက်တန်းပြ-ငြိမ်း၊ အထက-၁)တို့၏သမီး
ဒေါက်တာတင်သီတာထွန်း B.D.S (Mdy), Dip.D.Sc(Ygn)
(သွားနှင့်ခံတွင်းဆရာဝန်)

တို့၏ ၄-၇-၂၀၁၄ရက်တွင် နေပြည်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးမြင့်ဟန်၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာရဲလွင် (ခွဲစိတ်အထူးကုဆရာဝန်ကြီး)နှင့် ဦးမြင့်ကျော် (ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန)တို့အားလည်းကောင်း၊ ၆-၇-၂၀၁၄ ရက်တွင် နေပြည်တော်ပျဉ်းမနားမြို့၊ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသောမင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော နေပြည်တော်အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)တပ်မှူး ဗိုလ်မှူးချုပ်ကျော်မင်းဦးနှင့်ဇနီး ပါမောက္ခဒုတိယဗိုလ်မှူးကြီးဒေါ်ခင်ဆွေဦး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော ရဲရင့်ဝေလွင်၊ မင်္ဂလာပန်းကြဲပေးပါသော မမြမင်းမဒီ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မငြိမ်းငြိမ်းအောင်နှင့် မမေသဇင်အောင်၊ သတို့သားနှင့်သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးမိုးမြင့်လှိုင်နှင့် မသင်းရန့်ဦး၊ တေးဂီတဖြင့် ကူညီဆောင်ရွက်ပေးပါသော မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့၊ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံများရိုက်ကူးပေးပါသော ပြန်ကြားရေးဝန်ကြီးဌာနမှဝန်ထမ်းများ၊ မင်္ဂလာခန်းမကို ပြည့်စုံအောင်စီစဉ်ဆောင်ရွက်ပေးပါသော နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်များ ချီးမြှင့်ပေးပို့ကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသီဟရဲတင့်-ဒေါက်တာတင်သီတာထွန်း

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမှတ်အများဆုံးရရှိသူများစာရင်း(သိပ္ပံဘာသာရပ်)

စဉ်	အမည်	ခုံအမှတ်	ကျောင်း	တိုင်းဒေသကြီး/ပြည်နယ်	ပေါင်း	အဆင့်	ဂုဏ်ထူးရဘာသာရပ်
(ကချင်ပြည်နယ်)							
၁	မသိမ့်ရည်မွန်ကျော်	ကမ ၅၂၅	အထက(၃)မြစ်ကြီးနား	ကချင်ပြည်နယ်	၅၄၆	၁	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၂	မတင်ဦးခိုင်	ကမ ၄၂၄	အထက(၂)မြစ်ကြီးနား	ကချင်ပြည်နယ်	၅၄၅	၂	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၃	မောင်ရန်အောင်ဖြိုး	ကမ ၆၅၅	အထက(၃)မြစ်ကြီးနား	ကချင်ပြည်နယ်	၅၃၆	၃	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၄	မမေသူဝင်းဇော်	ကဗ ၁၁၅	အထက(၂)ဗန်းမော်	ကချင်ပြည်နယ်	၅၃၆	၃	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၅	မမေရတနာကျော်	ကမ ၅၂၈	အထက(၃)မြစ်ကြီးနား	ကချင်ပြည်နယ်	၅၃၅	၄	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
(ကယားပြည်နယ်)							
၁	မခင်ပြည့်စုံထွန်း	ယလ ၃၃	အထက(၁)လွိုင်ကော်	ကယားပြည်နယ်	၄၉၅	၁	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၂	မောင်ဇင်ညီမ်းလွင်	ယလ ၉၇	အထက(၁)လွိုင်ကော်	ကယားပြည်နယ်	၄၈၁	၂	မြန်မာစာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၃	မောင်သက်နိုင်လင်း	ယဒ ၁၄၅	အထက(ဒီးမော့ဆို)	ကယားပြည်နယ်	၄၆၈	၃	မြန်မာစာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၄	မဝတ်ရည်မွန်အေး	ယလ ၇၄	အထက(၁)လွိုင်ကော်	ကယားပြည်နယ်	၄၆၅	၄	အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၅	မမာမာအေး	ယလ ၂၇၄	အထက(၂)လွိုင်ကော်	ကယားပြည်နယ်	၄၆၂	၅	အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
(ကရင်ပြည်နယ်)							
၁	မယွန်းရွှေလှ	လဘ ၈၂	အထက(၁)ဘားအံ	ကရင်ပြည်နယ်	၅၃၂	၁	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၂	မောင်ဂုဏ်ရည်ထွန်း	လဂ ၁၄	အထကရွှေဂွန်း	ကရင်ပြည်နယ်	၅၂၃	၂	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၃	မောင်ဈာန်နောင်	လဘ ၄၀	အထက(၁)ဘားအံ	ကရင်ပြည်နယ်	၅၁၀	၃	သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၄	မောင်စောဇော်ပိုင်ထွန်း	လက ၁၄	အထက(၁)ကော့ကရိတ်	ကရင်ပြည်နယ်	၅၀၅	၄	သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၅	စောစိုးဒို့စေး	လဂ ၅	အထကရွှေဂွန်း	ကရင်ပြည်နယ်	၅၀၄	၅	သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
(ချင်းပြည်နယ်)							
၁	မဘွေနှဲမ်းဆုန်	ခဟ ၃၀၇	အထက(၃)ဟားခါး	ချင်းပြည်နယ်	၄၇၉	၁	မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၂	မနွမ်းဆန်းလွန်း	ခတ ၁၇၃	အထက(၁)တီးတိန်	ချင်းပြည်နယ်	၄၆၃	၂	သင်္ချာ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၃	မမန်လျောန်အီယာန်း	ခဟ ၂၆၈	အထက(၁)ဟားခါး	ချင်းပြည်နယ်	၄၆၀	၃	သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၄	မဆီဇဲလ်ဗျက်နှဲမ်ဝါရ်	ခဟ ၁၆၅	အထက(၁)ဟားခါး	ချင်းပြည်နယ်	၄၅၁	၄	သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊
၅	မောင်ဂျိုးဆက်ဘွေထာ	ခဟ ၂၂၄	အထက(၁)ဟားခါး	ချင်းပြည်နယ်	၄၃၈	၅	ဓာတုဗေဒ၊ ဇီဝဗေဒ၊
(စစ်ကိုင်းတိုင်းဒေသကြီး)							
၁	မစိုးစန္ဒီသိန်း	စဇ ၁၂၁၉	ကပက (မြပန်းသဇင်)ရေဦး	စစ်ကိုင်းတိုင်းဒေသကြီး	၅၃၅	၁	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၂	မသင်းနုသော်တာချစ်	စရ ၁၂၉၈	ကပက(ရွှေကုံ့ကော်)မုံရွာ	စစ်ကိုင်းတိုင်းဒေသကြီး	၅၂၇	၂	မြန်မာစာ၊သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၃	မခင်သီသီဝေ	စရ ၁၃၆၆	ကပက(ပါရမီ)မုံရွာ	စစ်ကိုင်းတိုင်းဒေသကြီး	၅၂၃	၃	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၄	မဖြူစင်ထက်ထက်	စရ ၅၆၃	အထက(၃)မုံရွာ	စစ်ကိုင်းတိုင်းဒေသကြီး	၅၂၁	၄	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၅	မငြိမ်းငြိမ်းကျော်	စထဗ ၂	အထက(ထန်းတောဗောဓိ)ရေဦး	စစ်ကိုင်းတိုင်းဒေသကြီး	၅၂၁	၄	သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
(တနင်္သာရီတိုင်းဒေသကြီး)							
၁	မောင်ဆန်နီအေးဝင်း	တမ ၁၀၀	အထက(၁)မြိတ်	တနင်္သာရီတိုင်းဒေသကြီး	၅၃၁	၁	အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၂	မောင်သွင်ထူးအောင်	တထ ၂၂၀	အထက(၃)ထားဝယ်	တနင်္သာရီတိုင်းဒေသကြီး	၅၁၈	၂	သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၃	မမိုးစိမ့်စိမ့်အေး	တမ ၁၁၇	အထက(၁)မြိတ်	တနင်္သာရီတိုင်းဒေသကြီး	၅၁၆	၃	မြန်မာစာ၊သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၄	မခိုင်လင်းအောင်	တမ ၁၂၁	အထက(၁)မြိတ်	တနင်္သာရီတိုင်းဒေသကြီး	၅၁၄	၄	မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊
၅	မောင်ထက်အောင်ရှိုင်း	တမ ၂၇၉	က. ပ. က၊ကန်စွန်းအင်း(မြိတ်)	တနင်္သာရီတိုင်းဒေသကြီး	၅၁၄	၄	သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၁၉

ဦးဝင်းကြည် နှင့် ၁။ ဦးစိန်ဘ ၂။ ဒေါ်ထားတင်၊ ၃။ ဒေါ်မာရရန်ဘီဘီ

တရားလို **တရားပြိုင်များ**

(၁) တရားပြိုင် ဦးစိန်ဘ၊ (၂) တရားပြိုင် ဒေါ်ထားတင် အမှတ် ၂၀၊ သံလမ်း၊ (၇) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

(၂) တရားပြိုင် ဒေါ်မာရရန်ဘီဘီ အမှတ် ၁၈၊ သံလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက တရားလိုများနှင့်တရားပြိုင်တို့ ပြုလုပ်ခဲ့ကြသည့် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂ အရ (၆-၃-၂၀၁၂)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၂၂ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူများသည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်လေးမြင့်)
ဒုတိယခရိုင်တရားသူကြီး (၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၄

ဦးစံမင်း နှင့် ဦးကျော်မိုးနိုင်

တရားလို **တရားပြိုင်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့နယ်၊ ပုန်ခုန်ရပ်ကွက်နေသူ ဦးကျော်မိုးနိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးစံမင်းက ရသင့်ရထိုက်သော စက်ယန္တရားငှားရမ်းခငွေ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၃၀ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရီရီထူး)
ဒုတိယခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၇၄/၁)၊ ဧရိယာ ဝဒသမ ၀၂၁၈ဧက၊ မြေကွက်တည်နေရာအမှတ်(၃၁/က+ခ)၊ အောင်သစ္စာလမ်း၊ (၁)ရပ်ကွက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက် အစိုးရမြေအား ၁၉၇၉ခုနှစ်က လှိုင်မြို့နယ် ပြည်သူ့ကောင်စီနှင့် လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ မီးလောင်မြေ၌ နေရာပြန်လည်ချထားပေးသော ကတိခံဝန်ချက်နှင့် အရောင်းအဝယ်ကတိစာချုပ်တို့တင်ပြ၍ မြေကွက်ရရှိသူ ဦးလန်ဘား(ခ)ဦးမောင်တင်ထံမှ မြေကွက်၏ (၁၁ ပေခွဲ ×ပေ ၄၀)စီ ဝယ်ယူထားသူများဖြစ်သော ဦးမောင်မောင် ၁၂/လမန(နိုင်)၀၅၉၆၃၈နှင့် ဦးခင်မောင်ထွန်း ၁၂/လမန(နိုင်)၀၄၁၂၈၂တို့က အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်အရ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၇၃/၇)၊ ဧရိယာ ဝဒသမ ၀၁၈ဧက၊ မြေကွက်တည်နေရာအမှတ် ၁၇၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက် အစိုးရမြေအား ၁၉၇၉ခုနှစ်က လှိုင်မြို့နယ် ပြည်သူ့ကောင်စီနှင့် လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ မီးလောင်မြေ၌ နေရာပြန်လည်ချထားပေးသော ကတိခံဝန်ချက်တင်ပြ၍ မြေကွက်ရရှိသူ ဦးဝင်းမောင် ၁၂/လမန(နိုင်)၀၄၁၂၄၅က အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်အရ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်း ၁၀ (ရတနာပုံအိမ်ရာ)၊ မြေကွက် ၁၄၄/က၊ ဧရိယာ ဝဒသမ ၀၂၇ဧက၊နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်ကျင်ထွေး ဖြစ်ပါသည်။ အဆိုပါမြေ+ဆ/ဦးအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၃၅၂/၂၀၁၃)နှင့် အရောင်းအဝယ်စာချုပ်(၃၆၈/၂၀၁၄)တို့တင်ပြ၍ ဦးလှအောင် ၁၀/ပမန(နိုင်)၀၉၂၇၇၅၊ ဒေါ်သူဇာဝင်း ၁၂/စခန(နိုင်)၀၅၄၈၃၁အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သာစည်မြို့နယ်တွင် နွေစပါးရိတ်သိမ်းပြီးတောင်သူများ မိုးစပါးစိုက်ပျိုးရန် ထယ်ရေးပြင်

သာစည် ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် နွေစပါးရိတ်သိမ်းပြီး တောင်သူများ မိုးစပါးစိုက်ပျိုးရန် အခြောက်ထယ်ထိုးခြင်းဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သာစည်မြို့အမှတ်(၃) လယ်ကွင်းသည် မင်းလှကန်ရေသောက်လယ်များဖြစ်ပြီး နှစ်စဉ်နွေစပါး၊ မိုးစပါး နှစ်သီးစားစိုက်ပျိုးကြသည်။ လူဦးရေ နှစ်စဉ်တိုးတက်နေပြီး လယ်ဧကတိုးတက်မှုမရှိ၍ ဆန်စပါးပြည့်စုံဖူလုံမှုရှိစေရန် တစ်သီးစားမှ နှစ်သီးစားစိုက်ပျိုးပြီး အထွက်နှုန်းကောင်း မျိုးကောင်း မျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရသည်။ အထွက်နှုန်းလည်းကောင်းပြီး နှစ်သီးစားလည်း စိုက်ပျိုးသည့်အတွက် တောင်သူများ ဝင်ငွေကောင်းပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာသည်။ မိုးစပါးအတွက် ထယ်ရေးပြင်ရာတွင် အချို့က လက်တွန်းထွန်စက်များကို အသုံးပြုကြသကဲ့သို့ အချို့က နွားများဖြင့် ထွန်ရေးပြင်ကြသည်။ လက်တွန်းထွန်စက်ဖြင့် ထွန်ရေးပြင်ရာတွင် တစ်နာရီ ငွေကျပ် ၄၀၀၀ နှုန်း ဖြင့်ငှားရမ်းရပြီး လယ်တစ်ဧကကို လေးနာရီကြာ ထယ်ထိုးရကြောင်း သိရသည်။ လက်တွန်းထွန်စက်

တစ်နာရီမောင်းလျှင် ဒီဇယ်ဆီ တစ်ပုလင်းကုန်ကျပြီး စက်မောင်းကျွမ်းကျင်အလုပ်သမားတစ်ယောက် တစ်ရက်ငွေကျပ် ၅၀၀၀ နှုန်းပေး၍ ငှားရမ်းရသည်။ တစ်ရက်ကို ရှစ်နာရီ စက်မောင်းပေးရပြီး လက်တွန်းထွန်စက်ပိုင်ရှင်က စက်ငှားရမ်းခ တစ်ရက် ဆီဖိုးနှင့် အလုပ်သမားခ ရှင်းပြီး ငွေကျပ် ၂၀၀၀၀ ခန့် မိမိတို့အတွက်ကျန်ကြောင်း၊ နွားဖြင့်ငှားပါက ထွန်တစ်မနက် ငွေကျပ် ၅၀၀၀ နှုန်းပေးရပြီး လယ်တစ်ဧကကို နွားခြောက်ရှဉ်း ငှားရမ်းရ၍ ငွေကျပ် ၃၀၀၀၀ ကုန်ကျသည်။ လက်တွန်းထွန်စက်နှင့် နွား နှိုင်းယှဉ်ပါက စက်ကအချိန်ကုန် ငွေကုန်သက်သာကြောင်း၊ မိုးစပါးအတွက် ထယ်ရေးပြင်ရာတွင် လက်တွန်းထွန်စက်ကို ငှားရမ်းလုပ်ကိုင်လိုသူများပြားသည့်အတွက် လက်တွန်းထွန်စက်ပိုင်ရှင်များလည်း ဝင်ငွေကောင်းကြကြောင်း၊ မိုးစပါးကို ဝါခေါင်လအတွင်း ပျိုးထောင်ပြီး တော်သတင်းလတွင် စိုက်ပျိုးမှာဖြစ်သည့်အတွက် နွေစပါးရိတ်သိမ်းပြီး တောင်သူများ မိုးစပါးစိုက်ပျိုးရန် ကန်ရေမလွှတ်ခင် အခြောက်ထယ်ထိုးခြင်းများ ကြိုတင်ဆောင်ရွက်နေကြောင်း သာစည်မြို့နယ် နွေစပါး မိုးစပါးစိုက် တောင်သူတစ်ဦးက ပြောပြ၍ သိရသည်။ **မျိုးမင်း(သာစည်)**

လက်တွန်းထွန်စက်နှင့် နွားနှိုင်းယှဉ်ပါက စက်ကအချိန်ကုန် ငွေကုန်သက်သာပါသည်။

မိတ္ထီလာတွင် အမျိုးသမီးများစကားပြောစွမ်းရည်ပြိုင်

မိတ္ထီလာ ဇူလိုင် ၇

မိတ္ထီလာတွင် အမျိုးသမီးများ စကားပြောစွမ်းရည်တိုးတက်လာစေရေး၊ အမျိုးသမီးများ၏ဦးဆောင်မှုကဏ္ဍ မြင့်မားတိုးတက်စေရေး၊ အမျိုးသမီးတစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီရိုင်းပင်းတတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အမျိုးသမီးများစကားပြောစွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ဝန်ဇင်းဟိုတယ်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အက်ရှင်အေ့ဒ်မြန်မာမှ ကျင်းပသည့် အဆိုပါအမျိုးသမီးစကားပြောစွမ်းရည်ပြိုင်ပွဲသို့ မိတ္ထီလာမြို့နယ်အတွင်းရှိ ဆပ်ပြာကျင်း၊ မြိုင်သာ၊ မကျီးချိုသစ် ဆိမ့်ပင်၊ ရေဝေ၊ ဝါးရုံစု၊ ညောင်ပင်သာ၊ ရေငံ(အရှေ့)၊ ရေငံ(အနောက်)၊ ဝက်ကုန်း၊ လက်ပံအိုင်စသည့်ကျေးရွာ ၃၀ မှ ကျေးရွာဖွံ့ဖြိုးရေးလူငယ် အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်အေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးသန်းဝင်း၊ မြို့နယ်ပညာရေးမှူးဒေါ်မြမြ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တင်တင်မြင့်တို့ အမှတ်ပေးဒိုင်များအဖြစ် တာဝန်ယူဆောင်ရွက်ကြသည်။ စကားပြောစွမ်းရည်ပြိုင်ပွဲတွင် ကဗျာပြိုင်ပွဲ ထည့်သွင်းကျင်းပခဲ့ပြီး သိမ်းထုပ်သေချာအမျိုးသမီးတို့ရဲ့ အိမ်တွင်းကမ္ဘာ၊ စုပေါင်းလှုပ်ရှား အမျိုးသမီးများ၊ ပညာရေးဟာအရေးပါ အမျိုးသမီးတို့ရဲ့ဘဝမှာ၊ အကြမ်းဖက်မှုကင်းဝေးဖို့ အမျိုးသမီးထုကာကွယ်စို့ စသည့်ခေါင်းစဉ်များဖြင့် ပါဝင်ပြောဆိုယှဉ်ပြိုင်ကြရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသားများ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်

ဖျာပုံ ဇူလိုင် ၇

ဖျာပုံမြို့အလင်းရောင်ပညာရေးကော်မတီမှ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံမြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ အလင်းရောင် ပညာရေးအကျိုးဆောင်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် ကျမ်းပြုစာရေးဆရာ ဦးအုန်းသောင်းတို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် မအူပင်တက္ကသိုလ် မြန်မာစာဌာနတွဲဖက်ပါမောက္ခ ဒေါက်တာဦးသန်းဝင်းက ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်တည်ဆောက်ရာတွင် ပညာရေးကဏ္ဍ၏အရေးကြီးပုံနှင့် ဖျာပုံမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်ချောင်းက အလှူရှင်များကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ဂုဏ်ပြုဆုငွေများပေးအပ်ရာတွင် ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၄ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၅၃ ဦးတို့အတွက် တစ်ဘာသာလျှင် ငွေကျပ်တစ်သောင်းနှုန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ကြသည်။

အလင်းရောင်ပညာရေးအကျိုးဆောင်ကော်မတီအနေဖြင့် တက္ကသိုလ်ဝင်ဂုဏ်ထူးဆု ဂုဏ်ပြုပွဲကို ၂၀၁၁ ခုနှစ်ပညာသင်နှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဂုဏ်ပြုပွဲသည် စတုတ္ထအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်း(ဖျာပုံ)**

မြိတ်မြို့တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်း

မြိတ် ဇူလိုင် ၇

မြိတ်မြို့တွင် ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခရိုင်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး အပတ်စဉ်စနေနေ့တိုင်း တစ်အိမ်တက်ဆင်း ကျန်းမာရေးအသိပညာပေးခြင်းနှင့် ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပေးခြင်း၊ အဘိတ်ဆေးခတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

"အခုလိုမိုးရာသီမှာ နေပူလိုက် မိုးရွာလိုက်နဲ့ဖြစ်နေတော့ သွေးလွန်တုပ်ကွေးရောဂါဖြစ်တတ်တယ်၊ ပုံမှန်အားဖြင့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွေမှာ ရောဂါဖြစ်တယ်၊ ဒီနှစ်မှာတော့ မေလနောက်ဆုံးပတ်မှစပြီး အသက်ငါးနှစ်အောက်နှင့် ကိုးနှစ်အရွယ်ကလေးများသာမက လူကြီးတွေပါဖြစ်နေတယ်၊ ဒီနှစ်ထူးခြားတာက မြို့ရောတောပါ ဖြစ်နေတယ်၊ ယနေ့အထိ အသေအပျောက်တော့မရှိ သေးပါဘူး၊ မြိတ်မြို့ မိခင်နှင့် ကလေးအထွေထွေ ရောဂါကုဆေးရုံကြီးမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းတွေကလည်း ဆေးရုံတက်ရောက်ကုသသူများကို အထူးဂရုတစိုက် ဆေးကုသပေးနေပါတယ်။ ပြင်ပဆေးရုံ၊ ဆေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနတွေကိုလည်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလာမှုကို အထိရောက်ဆုံးကုသပေးရန် ညွှန်ကြားထားပါတယ်၊ ရောဂါအဖြစ်အများဆုံးကတော့ ဆင်ခြေဖုံးရပ်ကွက်တွေကပါ။ ဒေသခံတွေအနေနဲ့လည်း ကျန်းမာရေးအသိနဲ့ ဖုံး၊ သွန်၊ လဲ၊ စစ်ကို ပုံမှန်လုပ်သွားမယ်ဆိုရင် ရောဂါဖြစ်ပွားမှုနှုန်းကျဆင်းသွားနိုင်ပါတယ်" ဟု မြို့နယ်ကျန်းမာရေးမှူး ဦးဝင်းမောင်က ပြောသည်။

မြိတ်မြို့တွင် ပြီးခဲ့သည့်ဇွန်လမှစ၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလာမှုနှုန်း ယခင်နှစ်ကထက်ပိုမို မြင့်တက်လာကြောင်း မိခင်နှင့်ကလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ယနေ့အထိ သွေးလွန်တုပ်ကွေးရောဂါဖြင့် ဆေးကုသမှုခံယူသူ ၂၃၅ ဦးခန့် ရှိနေပြီဖြစ်ကြောင်း သိရသည်။

အသက်ငါးနှစ်အောက် ကလေးများကို မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ပြင်ပဆေးရုံ၊ ဆေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများတွင် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ဆေးဝါးများထောက်ပံ့မှုဖြင့် နေ့စဉ်အခမဲ့ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။ **မိုးဟိန်း(မြိတ်)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၂၀

ဦးဝင်းကြည် **နှင့်** ၁။ ဦးမောင်မောင်စိန်၊ ၂။ ဒေါ်မာရရန်ဘီဘီ

တရားလို **တရားပြိုင်များ**

(၁) တရားပြိုင် ဦးမောင်မောင်စိန် အမှတ်(၂၉)၊ မရမ်းမြိုင်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

(၂) တရားပြိုင် ဒေါ်မာရရန်ဘီဘီ အမှတ်(၁၈)၊ သံလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက တရားလိုများနှင့် တရားပြိုင်တို့ပြုလုပ်ခဲ့ကြသည့် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂ အရ ၁-၂-၂၀၁၂ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၂၂ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူများသည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်လေးမြင့်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အကြိမ်(၆၀)မြောက် မြန်အောင်မြို့လေးမျက်နှာမဟာစည် မဟာသတိပဋ္ဌာန်ဝိပဿနာဝါတွင်း ၁၀ ရက် တရားစခန်းပွဲများ

နှစ်စဉ်ကျင်းပမြဲ ဝါတွင်းဝိပဿနာတရားစခန်းပွဲများကို ယခု ၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက်မှ ၁၀ရက် တစ်ကြိမ်၊ ဝါခေါင်လပြည့်ကျော် ၇ရက်မှ ၁၀ရက် တစ်ကြိမ်၊ တော်သလင်းလပြည့်ကျော် ၇ရက်မှ ၁၀ရက် တစ်ကြိမ် ကျင်းပသွားမည်ဖြစ်ပါ၍ ဝိပဿနာတရားစစ်စစ်ကို နာကြားခြင်း၊ ပရိယတ်ကျင့်ပွားခြင်း၊ ပဋိပတ်သာသနာ့အလုပ်များကို လက်တွေ့ကျင့်ပွားလိုကြသော ပုဂ္ဂိုလ်များ လာရောက်အားထုတ်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးနှင့်တပည့်များ

ဆိပ်ဖြူမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ဆိပ်ဖြူမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများက စုပေါင်း၍ ၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၁ရက် ၂၇-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် ရွှေတိဂုံဘုရားအနောက်ဘက်မုခ် အဖွားခက်မွှေးရုံ၌ သံဃာတော်အရှင်မြတ်များအား ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ပါ၍ ဆိပ်ဖြူမြို့နယ်သူ မြို့နယ်သားများနှင့် စေတနာရှင်များ ကြွရောက် သာဓုခေါ်နိုင်ပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

(၁)	ဦးညဏ်စိုး	ဥက္ကဋ္ဌ	ဖုန်း-၀၉-၂၅၀၉၃၀၀၈၀
(၂)	ဦးဝင်းလွင်ဦး	အတွင်းရေးမှူး	ဖုန်း-၀၉-၄၂၀၀၇၃၃၂၂
(၃)	ဦးအောင်သိုက်	ဘဏ္ဍာရေးမှူး	ဖုန်း-၀၉-၅၀၁၉၀၁၈

အမှုဆောင်အဖွဲ့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြင်ဦးလွင်ခရိုင်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၉

ဒေါ်ကျင်မေ **နှင့်** ၁။ ဦးအေးချို၊ ၂။ ဒေါ်နန်းညွန့်ရီ
၃။ ဦးညွန့်ဝင်း၊ ၄။ ဦးရဲရွှေ
၅။ ဦးဇော်ဝင်း

တရားလို **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ အမှတ်(သ/၆၃)၊ ရကက(၈)၊ ပဒေသာမြို့သစ်နေ ဦးအေးချို (ယခုနေရပ်လိပ်စာမသိ)၊ပြင်ဦးလွင်မြို့၊ အမှတ်(အ/၇၈)၊ ရကက(၈)၊ ပဒေသာမြို့သစ်နေ ဒေါ်နန်းညွန့်ရီ၊ ဦးညွန့်ဝင်း(ယခုနေရပ်လိပ်စာမသိ)၊ ပြင်ဦးလွင်မြို့၊ အမှတ်(အေအေ/၆၂)၊ ရကက(၁၀) ပဒေသာမြို့သစ်နေ ဦးရဲရွှေ၊ ဦးဇော်ဝင်း(အတူနေမိသားစု) (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၄ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နေစိုး)
ဒုတိယခရိုင်တရားသူကြီး (၂)
ပြင်ဦးလွင်ခရိုင်တရားရုံး

သတင်းတိုများ

အရာထမ်းလောင်းအခြေခံ (အထူး)သင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၇

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများ၏ ကျန်းမာရေးသည် အရေးကြီးသောအခြေခံအချက်ဖြစ်ပြီး မြန်မာနိုင်ငံ အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မဖြစ်မနေဆောင်ရွက်နေသော ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင်လည်း ကျန်းမာရေးကဏ္ဍ သည် အရေးကြီးဆုံးအခန်းကဏ္ဍအဖြစ်ပါဝင်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဖွင့်လှစ်ဆောင်ရွက်ဆုံးပတ်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပသော အရာထမ်းလောင်း အခြေခံ(အထူး) သင်တန်းအမှတ်စဉ် (၅)ဆင်းပွဲအခမ်းအနားတွင် ပြောကြားပြီး သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။ ယင်းသင်တန်းသို့ သစ်လွင်လက်ထောက်ဆရာဝန် ၁၁၅၅ ဦးတက်ရောက်ခဲ့ရာ လက်ထောက်ဆရာဝန် ၃၅၀၀ ကျော်ကို ကျန်းမာရေးဝန်ကြီးဌာန ဆေးရုံများတွင် တာဝန်ပေးခန့်အပ်ထားပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်း

နေပြည်တော် ဇူလိုင် ၇

နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဦးဆောင်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဌာန သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့တို့ ပူးပေါင်းပြီး ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီဝင်းအတွင်းရှိ ကောင်စီဝင်များ၏ အိမ်ရာများနှင့် ဝန်ထမ်းအိမ်ရာများတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်း ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းနှင့်အဖွဲ့ဝင်များ၊ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်နှင့်အဖွဲ့ဝင်များ၊ နေပြည်တော်ကျန်းမာရေးဌာနမှ ဒေါက်တာဒေါ်လိုင်လိုင်ငွေးနှင့် ဇမ္ဗူသီရိ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ရေလှောင်ကန်များကို အဘိတ်ဆေးများခတ်ပေးခြင်း နှင့် ပိုးလောက်လမ်းများစစ်ဆေးခြင်းကို ဇွန် ၂၇ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သမအသင်းစုလီမိတက်မှ ချေးငွေများပေးအပ်

ဆိပ်ဖြူ ဇူလိုင် ၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ တောင်သူလယ်သမား များအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ဇူလိုင် ၃ရက် နံနက် ၁၀နာရီက မြို့နယ်သမဝါယမဦးစီးဌာနမျှုံရုံး၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက အမှာစကား ပြောကြားခဲ့သည်။ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးအောင်စန်းက ချေးငွေနှင့်ပတ်သက်သည့် လုပ်ငန်းလမ်းညွှန်ချက်များကို ပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကောင်းက စိုက်ပျိုး စရိတ်ထုတ်ချေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ တောင်သူအသင်းသားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးက တောင်သူများ၏ကိုယ်စား ဒေါင်းသာကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြည်အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုးဝင်း(iprd)**

ကျန်းမာရေးဆောင်းပါး

အဝလွန်သူများ အဆစ်ရောင်ပါက မသက်သာပါ

လူတွင်အသက် ၄၀ ခန့်၌ မိန်းမများတွင် ပို၍ အဖြစ်များသော အဆစ်ရောင်ရောဂါတစ်မျိုးမှာ RA ဟု အတိုကောက်ခေါ်သည့် ရူမတွိုက် အားထရိုင်းတစ် (Rheumatoid Arthritis) ရောဂါဖြစ်သည်။ ခန္ဓာကိုယ်မှ အဆစ်များဖြစ်ကြသော ခြေဆစ်လက်ဆစ်များ၊ လက်ကောက်ဝတ်များ၊ ခြေမျက်စိများ၊ ဒူး၊ တံတောင်ဆစ်စသည်ဖြင့် ဖြစ်တတ်ပါသည်။ ဘယ်ညာ တစ်ညီတည်း (ဘယ်ခြေမျက်စိနှင့် ညာခြေမျက်စိ တစ်ပြိုင်နက်ဖြစ်ပေါ်ခြင်း) ဖြစ်ပေါ်လေ့ရှိပြီး ဖြစ်လိုက်ပျောက်လိုက်ဖြင့် နာတာရှည်ရောဂါဖြစ်သည်။

ယောကျ်ားရော မိန်းမပါဖြစ်တတ်သော်လည်း အမိကအားဖြင့် မိန်းမများတွင် ပို၍ အဖြစ်များပါသည်။ မိန်းမ သုံးယောက် ဖြစ်တိုင်း ယောကျ်ားတစ်ယောက်သာ ဖြစ်ပါသည်။

ယခုပေါ်ထွက်လာသော ကျန်းမာရေးသတင်းတစ်ပုဒ်အရ သိရသည်မှာ RA အဆစ်ရောင်ရောဂါရှိကြောင်း ရောဂါဖော်ထုတ်ထားပြီးသူများ (ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ)သည် အဝလွန်ပါက ပုံမှန်ကိုယ်အလေးချိန် ရှိသူများထက် ၎င်းရောဂါကို ရောဂါအစောပိုင်းအဆင့်များ၌ သက်သာအောင် ဆောင်ရွက်ရန် ပိုမိုခက်ခဲကြောင်း ပင်ဖြစ်သည်။

RA အဆစ်ရောင် ရောဂါဖြစ်ပါက ခန္ဓာကိုယ်၏ ကိုယ်ခံစွမ်းအားစနစ်သည် မိမိ၏ကိုယ်ပိုင် တွယ်ဆက်တစ်သျှူး (Connective tissue)များကိုပင် ရန်သူအမှတ်ဖြင့် တိုက်ခိုက်ပါတော့သည်။ ထိုအခါ အဆစ်ကြားရှိ အဆစ်များကို ကာကွယ်ထားသော အရိုးနုများ ပျက်စီးသွားပါတော့သည်။ ထိုအခါ အဆစ်များ ကွေးချည် ဆန့်ချည် မလုပ်နိုင်တော့ဘဲ တောင့်တင်းခိုင်မာသွားပြီး အဆစ်များရောင်ရမ်းကြီးမားလာကာ ခန္ဓာကိုယ်တစ်ခုလုံးသည် ပင်ပန်းနွမ်းနယ် နေထိုင်မကောင်း ဖြစ်သွားပါတော့သည်။

အသက်ကြီးရင့်လာသောအခါ ဖြစ်ပေါ်တတ်သည့် ပို၍အဖြစ်များသော အရိုးအဆစ်ရောင်ရောဂါ သို့တည်းမဟုတ် ပြုလိုက်ပျက်လိုက် အဆစ်ရောင်ရောဂါနှင့်မတူ တစ်မူထူးခြားသည်မှာ RA အဆစ်ရောင်ရောဂါသည် မည်သည့်အသက်အရွယ်တွင်မဆို ဖြစ်နိုင်သည်။ (အသက် ၄၀ ခန့်တွင် အဖြစ်များခြင်းဖြစ်သည်။) RA အဆစ်ရောင်ရောဂါဟု American College of Rheumatology မှ ဆိုပါသည်။

လူနာအများစုသည် ကုသမှုခံယူကြသောအခါ ရောဂါသက်သာလာကြပါသည်။ အနည်းငယ်မျှသာ မသက်သာကြဟု အမ်စတာဒမ်တက္ကသိုလ်ရှိ Academic Medical Center မှ Dr. Paul-Peter Tak က ပြောပါသည်။

ဤလေ့လာမှုတွင် ၂၀၀၆ ခုနှစ်မှ

> **RA အဆစ်ရောင်ရောဂါသည်ယောကျ်ားရော မိန်းမပါဖြစ်တတ်သော်လည်း အမိကအားဖြင့် မိန်းမများတွင် ပို၍အဖြစ်များပါသည်**

သည်အရွယ်ရောက်ပြီးသူ အယောက် ၁၀၀တွင် တစ်ယောက်ထက် လျော့နည်းသော လူဦးရေတွင်သာ ဖြစ်ပေါ်ပြီး အမေရိကန်နိုင်ငံတွင် ယင်းရောဂါရှိသူ ၁ ဒသမ ၃ သန်းရှိသည် ၂၀၀၉ ခုနှစ်အတွင်း RA အဆစ်ရောင်ရောဂါ အစောပိုင်းအဆင့်များကို ခံစားနေရသောအရွယ်ရောက်ပြီး လူပေါင်း ၅၀၀ နီးပါး ပါဝင်ပါသည်။ **ဒေါက်တာဘိုရော်**

တိုင်းကျန်းမာရေးဌာနမှ ခွင့်ပြုဘတ်ဂျက် ငွေကျပ်သိန်း ၁၁၃၀ ဖြင့် ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းတည်ဆောက်မှု ၇၀ ရာခိုင်နှုန်းအထိပြီးစီး

မြိတ် ဇူလိုင် ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်တောင်ကျေးရွာအုပ်စု အဆင့်မြင့် မြိတ် အဝေးပြေးကားဝင်း စီမံကိန်းအနီးရှိ ရွှေပြည်တန်ရပ်ကွက်တွင် တိုင်းဒေသကြီးအစိုးရ၏စီမံမှုဖြင့် ကျေးလက်နေပြည်သူများ ကျန်းမာရေးအထောက်အကူပြုနိုင်ရန် ကျေးရွာအတွင်းရှိ ၁၃ ရပ်ကွက်မှ လူဦးရေ လေးသောင်းခန့်အတွက် တိုင်းကျန်းမာရေးဌာနမှ ခွင့်ပြုဘတ်ဂျက်ငွေကျပ် သိန်း ၁၁၃၀ ဖြင့် တည်ဆောက်ပေးသည့် ဆေးပေးခန်းသည် ၇၀ ရာခိုင်နှုန်းခန့် ပြီးနေပြီ ဖြစ်ကြောင်း ဆောက်လုပ်ရေးတာဝန်ခံတစ်ဦးထံမှ သိရသည်။

၎င်းကျေးလက်ဆေးပေးခန်းသည် တိုင်းဒေသကြီးအစိုးရက တိုင်းကျန်းမာရေးဌာနအား ဘတ်ဂျက်ငွေကျပ် သိန်း ၁၁၃၀ ကို လွှဲပြောင်းပေးအပ်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း မြိတ်တောင်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"အဆောက်အအုံက ပင်မဆေးပေးခန်းတစ်လုံး၊ သုံးခန်းတွဲပါဝန်ထမ်းအိမ်ရာ တစ်လုံး၊ နှစ်ခန်းတွဲပါဝန်ထမ်းအိမ်ရာတစ်လုံး၊ ရေကန်တစ်လုံးနှင့်အခြားကျေးလက် ဆေးပေးခန်းနဲ့ ဆိုင်တဲ့လမ်း၊ ရေပိုက်သွယ်တန်းမှု ရေလှောင်ကန်များကိုလည်း ထည့်သွင်းဆောက်လုပ်ပေးနေပါတယ်။ အရွယ်အစားက မျက်နှာဝ ၁၂၀ ပေနဲ့ နောက်ဘက်ကိုတော့ ၁၁၅ ပေရှိပါတယ်၊ ဒီအဆောက်အအုံကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ပထမပတ်ကတည်းက စတင်ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်"ဟု ဆောက်လုပ်ရေးတာဝန်ခံ ဦးညီညီဦးက ပြောသည်။

"အခုဆိုရင် ရာခိုင်နှုန်းအားဖြင့် ၇၀ ရာခိုင်နှုန်းလောက်တော့ပြီးနေပါပြီ၊ လက်ရှိက ဘာတွေကျန်သေးလဲဆိုတော့ ခေါင်သွပ်မိုးဖို့နဲ့ အတွင်းပိုင်းကွန်ကရစ်အချောကိုင်ဖို့ ကျန်ပါသေးတယ်။ တော်တော်များများတော့ ပြီးနေပါပြီ၊ အကုန်လုံးနီးပါးက စက်တင်ဘာလလောက်ဆိုရင် ပြီးမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ကျေးရွာကျေးလက်ဆေးပေးခန်း ပြီးစီးသွားပါက မြိတ်တောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာရပ်ကွက် ၁၃ ရပ်ကွက်နေ ဒေသခံပြည်သူလေးသောင်းကျော်ကို ကျန်းမာရေးအစောင့်အရှောက် အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
၁။	1(Q) Office Equipments/Local Purchase/ IRR/2014-2015	Office Equipments (4) Items
၂။	2(Q) Survey Equipments/Local Purchase/ IRR/2014-2015	Survey Equipments (3) Items

၂။ အဆိုပါ အိတ်ဖွင့်တင်ဒါကို ၃၁-၇-၂၀၁၄ရက် (ကြာသပတေးနေ့) ၁၆း၀၀နာရီတွင် နောက်ဆုံးတင်သွင်းရမည်ဖြစ်သည်။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၄၃၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၁၁၆

နေနတ်သားစာသင်တိုက်
(၅၂)ကြိမ်မြောက်
စပေါင်းဝါဆိုသင်္ကန်းလှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ နေနတ်သားစာသင်တိုက်၌ (၅၂)ကြိမ်မြောက် စပေါင်းဝါဆိုသင်္ကန်းလှူဒါန်းပွဲကို ၁၃၇၆ ခုနှစ် ဝါဆိုလပြည့်နေ့၊ (၁၁-၇-၂၀၁၄ရက်) သောကြာနေ့ မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

ပရိယတ္တိသာသနာနုဂ္ဂဟအဖွဲ့

အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရက်
တိုးမြှင့်ပြင်ဆင်သတ်မှတ်ခြင်း

၁။ ၁၄-၆-၂၀၁၄ ရက် ကြေးမုံသတင်းစာနှင့် ၁၆-၆-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာတို့တွင် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၁၆၉၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ (ယခင်ကုန်သွယ်မှုဗဟိုဌာန) ခြောက်ထပ်အဆောက်အအုံနှင့် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၆၂၂/၆၂၆၊ ကုန်သွယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ သုံးထပ်အဆောက်အအုံတို့ ငှားရမ်းမည့် တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက်ကို ၁၀-၇-၂၀၁၄ရက် ၁၃း၀၀နာရီအစား ၃၁-၇-၂၀၁၄ရက် ၁၆း၃၀နာရီမတိုင်မီအထိ တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၂။ တင်သွင်းလာသည့် တင်ဒါအဆိုပြုလွှာများအား စိစစ်ပြီး တင်ဒါစည်းကမ်းချက်များနှင့် ညီညွတ်သော အဆိုပြုလွှာများကိုသာ လက်ခံစိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
(ဘွိုင်လာစစ်ဆေးရေး)

ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(ဘွိုင်လာစစ်ဆေးရေး)မှ ဘွိုင်လာကိုင်တွယ်သူများသင်တန်းကို ၄-၈-၂၀၁၄ရက်မှ ၁၂-၉-၂၀၁၄ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၄၄းသင်တန်းကို ဌာနဆိုင်ရာဝန်ထမ်း မဟုတ်သော ပြင်ပမှ တက်ရောက်လိုသူ မည်သူမဆို ၃၁-၇-၂၀၁၄ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

ဘွိုင်လာစစ်ဆေးရေးသင်တန်းဌာန - အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၅၀၇၀၀၉၊ ၀၁-၅၅၁၉၈၇

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုဦးစီးမှူး ယန္တရားတပ်ခွဲ(တောင်)/(မြောက်)၊ ပင်မအလုပ်ရုံ(တောင်)/(မြောက်)နှင့် ရုံးချုပ် ယာဉ်လက်အောက်များရှိ စက်/ယာဉ်များ၊ ကုန်သယ်ယာဉ်ကြီးများ၊ လုပ်ငန်းသုံးယာဉ်များ၊ အုပ်ချုပ်ရေးလုပ်ငန်း သုံးယာဉ်များနှင့် ဝန်ထမ်းကြို/ပို့ယာဉ်များအတွက် လိုအပ်သော တာယာအရွယ်စုံ(၂၁၃၁) လုံးနှင့် ဘက်ထရီအရွယ်စုံ ၃၇၈လုံးတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

Sr.No	Name	Qty	Country of Origin
1.	Tyre	2131 Nos	Japan/Vietnam/India
2.	Battery	378 Nos	Japan/Thailand

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၇-၂၀၁၄ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၈-၇-၂၀၁၄ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
စက်မှုဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် (၁၁)ဝင်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉-၂၀၂၂၁၆၇၊ ၀၉-၈၆၃၆၁၈၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၅င/၄၁၁၈၊ Mitsubishi Canter FB70AB L/T (4×2)® ယာဉ်လက်ဝယ်ရှိသူ ဦးမင်းနိုင် ၁၂/တမန(နိုင်)၀၀၆၂၇၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မွန်ပြည်နယ် ရေးမြို့နယ်ထွက် မင်းကွတ်သီး၊ ကြက်မောက်သီးနှင့် ဒူးရင်းသီးများ အထွက်နှုန်းကောင်း

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ မိုးရာသီ သစ်သီးဝလံများ၏ ဈေးကွက်အခြေအနေမှာ ရေးဒူးရင်းသီးများ ယခုရက်ပိုင်းအတွင်း အသီး အရွယ်အစားပေါ် မူတည်၍ ငွေကျပ် ၆၅၀ မှ ၁၃၀၀ ဝန်းကျင်အထိ ရရှိပြီး မင်းကွတ်သီး တစ်လုံးလျှင် ငွေကျပ် ၃၀ အထိ ဈေးကောင်းရရှိကြသည်။

တွက်ခြေမကိုက်

ရေးဒူးရင်းသီး၊ မင်းကွတ်သီးများ အဝင်နည်းပြီး ဈေးကွက်အတွင်း အရောင်းအဝယ် အေးလျက်ရှိရာ သစ်သီးအရောင်းအဝယ်များက တွက်ခြေမကိုက် ဖြစ်ပေါ်နေသည့် အပြင် ကုန်သည်ပွဲစားများကလည်း အပြိုင်အဆိုင် ရောင်းဝယ်ဖောက်ကားလျက်ရှိပြီး မွန်ပြည်နယ်၊ ပဲခူး၊ ရန်ကုန်ဈေးကွက်နှင့် မြန်မာနိုင်ငံ အလယ်ပိုင်းအထိ တင်ပို့ရောင်းချနေကြသည်။ ကြက်မောက်သီးမှာမူ ယခုနှစ်အတွင်း ရေးဈေးကွက်အတွင်းသို့ မြဝတီ၊ မုဒုံ၊ သံဖြူဇရပ်မြို့မှ တင်သွင်းမှာယူ ရောင်းချလျက်ရှိရာ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ အထိ ရောင်းချလျက်ရှိပြီး အသီးလတ်ဆတ်မှု မရှိသောကြောင့် စားသုံးသူများက အကြိုက်တွေ့မှု နည်းပါးနေသည်။

အဆင်ပြေ

ရေးကြက်မောက်သီး အဓိကစိုက်ပျိုးသူအများစုသည် ယခုနှစ် အသီးထွက်နှုန်း လှိုင်လှိုင်ထွက်ရှိမည်ဟု ယုံကြည်နေကြသည်။ ရေးကြက်မောက်သီးဆိုသော်လည်း ထိုင်းနိုင်ငံမှ အကိုင်းဆက်မျိုးများကို အဓိကစိုက်ပျိုးကြ၍ အရသာချိုမြိန်ပြီး စားသုံးသူများ အကြိုက်တွေ့စေသဖြင့် ဈေးလည်း ထိုက်သင့်သောဈေးနှုန်းများ ရရှိကြသည်။ ရေးဈေးကွက်အတွင်း ရေးကြက်မောက်သီးများမှာ ရေပန်းစားပြီး ကြက်မောက်စိုက်ပျိုးသူအများစုက အသီးထွက်နှုန်း အားကောင်း၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်းသိရသည်။ **နေမျိုးထွန်း(ရေး)**

အခမဲ့ဆေးကုသ

ကျိုက်ထို ဇူလိုင် ၇

ကျိုက်ထိုမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဇူလိုင် ၁ ရက် နံနက် ၁၀နာရီက စစ်တောင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကုသပေးခဲ့သည်။

ထိုသို့ ကုသပေးရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာန မြို့နယ်ဆေးခန်းမှူး ဒေါ်ခင်သန္တာလွင်က ဆေးဖက်ဝင်အပင်များအကြောင်း ရှင်းလင်းပြောကြားပြီးနောက် တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(iprd)**

မြေသားလမ်းမှ ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်

တံတားဦး ဇူလိုင် ၇

တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာသည် တံတားဦးမြို့နယ်နှင့် နှစ်မိုင်ခန့် ကွာဝေးသည်။ ထိုသို့ ကွာဝေးသော မြေသားလမ်းအား ကျောက်ချောလမ်း အဖြစ်သို့ အဆင့်မြှင့်တင်ထားကြောင်း သိရသည်။

လှူဒါန်း

မိုးရာသီသွားလာရေးခက်ခဲသည့် ဘဝမှလွတ်မြောက်အောင် ဆောင်ရွက်ခြင်းဖြစ်ကာ ကျောက်ချောကား (ထော်လာဂျီ) တစ်စီးကို ကျပ် ၁၀၀၀၀ ဖြင့်ငှားပြီး ကျောက်ချောကားစီး ၁၅၀ ဖြင့် ဖို့ထားကြောင်း၊ စုစုပေါင်း ကုန်ကျ ငွေကျပ် သိန်း ၁၅၀ ကုန်ကျပါကြောင်း၊ ထိုကုန်ကျငွေများကို အလှူရှင်များမှ မိမိတို့တတ်နိုင်သလောက် လှူဒါန်းကြကြောင်း လမ်းဖြစ်မြောက်ရေးကော်မတီ ဦးသိန်းအောင်က ပြောပြသည်။

အဆိုပါလမ်းမှာ ပေ ၁၂၀၀ ရှည်လျားပြီး လမ်းအကျယ်ပေ ၃၀ရှိကာ လမ်းဘေးဝဲ/ယာတွင်လည်း ရေနုတ်မြောင်းများ တူးဖော်ထားကြောင်း၊ ယခုလို လမ်းမြှင့်ထားမှုကြောင့် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် သွားလာရသည်မှာ အဆင်ပြေချောမွေ့ကြောင်း ကျေးရွာသားတစ်ဦးထံမှ သိရသည်။

(၄၀၉)

မြန်မာ့အလင်း စာတည်းထံပေးစာများ

လမ်းပေါ်မှအဆောက်အအုံ ဖယ်ရှားပေးစေချင်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ သံလမ်းအနောက်ဘက်ခြမ်းရှိ ဆရာစံရပ်ကွက်သည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ကပင်တည်ရှိခဲ့ပြီး အောင်သီဟလမ်း၏ မြောက်ဘက်ခြမ်းအား ယခုအခါနယ်မြေ (၄) အဖြစ် သတ်မှတ်ထားပါသည်။

နယ်မြေ(၄)တွင် အိမ်ခြေ ၅၀၀ ခန့်ရှိပြီး သံလမ်းဘေးရှိအိမ်များသည် သံလမ်းဘက်သို့မျက်နှာမူကာ ဥပစာမျက်နှာထား၍ ဆောက်လုပ်နေထိုင်ကြသည်။ ယခုအခါ တောင်သူများသွားလာရာ လှည်းလမ်း၊ ရေစီးရေလာလမ်းပေါ်တွင် အမာခံလူနေအိမ်(အဆောက်အအုံ)တစ်ခု ဆောက်လုပ်ထားပါသည်။ ရပ်ကွက်နေအိမ်များ၏ မျက်နှာစာတွင် အဆောက်အအုံများ ယခုကဲ့သို့ ဆောက်လုပ်ခြင်း၊ ထပ်မံတိုးချဲ့လာခြင်းများပြုလုပ်လာပါက ရေထွက်လမ်းပိတ်ခြင်း၊ ရေဝပ်ဧရိယာဖြစ်လာနိုင်ခြင်း၊ အများပြည်သူနေအိမ်မျက်နှာစာများ ပိတ်ဆို့ခြင်းတို့ကြောင့် လမ်းပေါ်မှ ထိုအဆောက်အအုံလူနေအိမ်ကို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **တောင်သူတစ်ဦး**

ဆေးရွက်ကြီးအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ လက်သမားရပ် ဦးရွှေဒွေးလမ်းရှိ အိမ်တစ်အိမ်သည် ဆေးရွက်ကြီးများကို စီးပွားဖြစ်သိုလှောင် ထားရှိပြီး ရောင်းဝယ်လျက်ရှိပါသည်။ ၎င်းဆေးရွက်ကြီးလုပ်ငန်းမှ နေ့စဉ်ထွက်ရှိသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ ကျန်းမာရေးထိခိုက်လျက်ရှိပါသည်။

သို့ပါ၍ စည်းကမ်းမဲ့လုပ်ကိုင်ဆောင် ရွက်နေသော အဆိုပါဆေးရွက်ကြီး သိုလှောင်ရောင်းဝယ်နေသည့်လုပ်ငန်းကို သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါ သည်။

ဆေးရွက်ကြီးအနံ့မခံနိုင်သူများ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေလို

မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက်ရှိ မေဓာဝီလမ်းမကြီးနှင့်ဝဇီရာ-၁ လမ်း တောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်း၊ သုနန္ဒာ(၆) လမ်းတို့၏ကြားရှိ နောက်ဖေးလမ်းကြားကိုပိတ်၍ မြေများဖို့ထားခြင်း၊ လမ်းကြား အတွင်း အိမ်သာများ ကျူးကျော်ဆောက်လုပ်ထားခြင်းတို့ကြောင့် ရေစီးကောင်းမွန်ခြင်းမရှိဘဲ ဖြစ်နေပါသည်။

မိုးရွာသည်နှင့်တစ်ပြိုင်နက် မေဓာဝီလမ်းမကြီးနှင့် ဝဇီရာလမ်းသွယ်-၁ တောင်မြောက်ခြမ်း၊ သုနန္ဒာ(၆)လမ်းရှိ နေအိမ်များအတွင်း ရေဝင်ခြင်း၊ ရေစီးရေလာမရှိခြင်းတို့ကြောင့် လူကြီးနှင့် ကလေးများ ကျန်းမာရေးမကောင်းခြင်းများ ဖြစ်သည့်အတွက် စည်ပင်သာယာပိုင် နောက်ဖေးလမ်းကြားအတွင်း ကျူးကျော်ဆောက်လုပ်ထားသော အိမ်သာများနှင့် မြေဖို့ထားခြင်းများကို ရေစီးရေလာကောင်းမွန်ရေးအတွက် သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးစိုးရိမ်သူများ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ချင်းပြည်နယ်အတွက် အောက်ဖော်ပြပါဝန်ထမ်းနေအိမ် သုံးခု၊ ရေဒီယိုကြေးနန်းရုံး လေးခုအား တည်ဆောက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဝန်ထမ်းနေအိမ်နှစ်ခန်းတွဲ ပေ(၃၀×၃၀×၁၀) အုတ်ညှပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း၊ မင်းတပ်မြို့တစ်ခု၊ ဟားခါး တစ်ခု၊ မတူပီ တစ်ခု။

(ခ) ရေဒီယိုကြေးနန်းရုံး ပေ(၂၀×၂၀×၁၀) အုတ်ညှပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း၊ ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးကျေးရွာ၊ မတူပီမြို့နယ်၊ လိုင်လဲမ်းပီကျေးရွာ၊ လေဆင်းကျေးရွာ၊ မားဒူးကျေးရွာ။

၂။ (က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၁၀-၇-၂၀၁၄ ရက် (ရုံးချိန်)

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၈-၂၀၁၄ ရက် ညနေ ၄ နာရီ

(ဂ) **တင်ဒါပေးသွင်းမည့်နေရာ** - ပြည်နယ်မန်နေဂျာရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ချင်းပြည်နယ်၊ ဟားခါးမြို့။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းများတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါလုပ်ငန်းကြီးကြပ်မှုကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဟားခါးမြို့
ဖုန်း-၀၇၀-၂၁၁၀၁၊ ၀၇၀-၂၁၁၉၀၊ ၀၇၀-၂၁၁၁၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ်(၇၃/၉)၊ ဧရိယာ ၀ဒသမ၀၁၇ ဧက၊ မြေကွက်တည်နေရာအမှတ် (၁၅/က)၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက် အစိုးရမြေအား ၁၉၇၉ခုနှစ်က လှိုင်မြို့နယ် ပြည်သူ့ကောင်စီနှင့် လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ မီးလောင်မြေ၌ နေရာပြန်လည်ချထားပေးသော ကတိခံဝန်ချက်နှင့် အမွေပုံစီမံခန့်ခွဲမှု သဘောတူစာချုပ်တို့ တင်ပြ၍ မြေကွက်ရရှိသူဦးပန်းညွန့်ထံမှ မြေကွက်ရရှိသူ ဦးတင်အောင် ၁၂/လမန(နိုင်)၀၄၁၃၇၉က အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်အရ နှစ်၆၀ မြေငှားစာချုပ် ဂရန်လျှောက်ထားရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မြို့မ ကျောင်းသား ကျောင်းသူဟောင်းအသင်း အာစရိယပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးဆရာကြီး ဆရာမကြီးများ၊ သက်ကြီးကျောင်းသား ကျောင်းသူဟောင်းကြီးများအား ပူဇော်ကန်တော့ရန် (၃၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၁ ရက် (ဝါဆိုလပြည့်နေ့) နံနက် ၉ နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် ၆၈၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့မ ကျောင်းသား ကျောင်းသူဟောင်းများနှင့် အထက(၂) ဒဂုံ၊ အထက(၃) ဒဂုံကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့မှ မေတ္တာရပ်ခံဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၂-၂၀၁၄)
မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း
ဖုန်း-၀၁-၂၅၀၁၅၃၊ ၀၉-၇၃၀၁၁၇၀၇

အများသိစေရန်ကြေညာခြင်း

ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စာတိုက် ၂လမ်း၊ အမှတ် ခ/၇နေ ဒေါ်လှလှအေးသည် ဦးမောင်မောင်၊ ဒေါ်လှကြည်တို့၏တတိယမြောက်သမီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိဘများအမည်ပေါက်ပိုင်ဆိုင်သည့် အမှတ် ခ/၇၊ စာတိုက် ၂လမ်း၊ ယမုံနာ (၂)ရပ်ကွက်၊ ဒေါပုံမြို့နယ် လိပ်စာတွင်သည့် ဦးမောင်မောင် ဂရန်အမည်ပေါက် ပေ(၂၅×၅၀)အကျယ်ရှိ မြေနှင့် ယင်းပေါ်ရှိ ပျဉ်ထောင်အိမ်တို့အား ဒေါ်လှလှအေး သဘောတူညီချက်မရှိ၊ မသိရှိဘဲ ရောင်းခြင်း၊ ပေါင်ခြင်း၊ အမည်လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း ကန်ထရိုက်ဆောက်လုပ်ခြင်း ပြုလုပ်မှုများအား လုံးဝ သဘောတူ ခွင့်ပြုမည်မဟုတ်ပါ။ မည်သူမဆို ဒေါ်လှလှအေး မသိရှိဘဲ ခွင့်မပြုဘဲ အထက်ပါ အကြောင်းအရာများအား ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေများအရ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှလှအေး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှ — **စဉ်-၂၉၆၆၀/၀၉**

ဒေါ်ဝါဝါကို — **စဉ်-၄၃၉၉၉/၁၄ အထက်တန်းရှေ့နေများ** — **ဖုန်း-၀၉-၄၃၀၇၃၄၂၆**

ဝိသုတာရုံဓမ္မပီမာန်(ပခုက္ကူ)ကျောင်းတိုက် အဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ စွယ်တော်မြတ်စေတီမြောက်ဘက် ဗိုလ်ဗထူးလမ်း၊ ဝိသုတာရုံဓမ္မပီမာန်(ပခုက္ကူ)ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တသောဘန(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အမှူးပြုသော စာချ/စာသင် သံဃာတော်များနှင့် ပင့်သံဃာတော် ဆရာတော်ကြီးများအား အလှူရှင်-မိဘများဖြစ်ကြသော ဗိုလ်မှူးကြီးခင်ကြူး(ငြိမ်း)-ဒေါ်မာမာလှတို့ကို အမှူးထား၍ ဒုတိယဗိုလ်မှူးကြီးသန့်ဇော်ဦး-ဒေါ်ဖြိုးသီရိခင် (ရွှေတံတိုင်း-စိန်ရွှေရတနာဆိုင်)၊ ဦးနိုင်အောင်အေး-ဒေါ်ဖြူသီ (Grandeur ကုမ္ပဏီလီမိတက်)၊ ဗိုလ်မှူးရဲထွန်းနောင် (နှလုံးအထူးကု)-ဒေါ်ဖြိုးဟေမာခင် (ရွှေတံတိုင်း-စိန်ရွှေရတနာဆိုင်)မိသားစုနှင့် မေရတနာကျောင်း ကျောင်းဒါယကာ ဦးရိုးတီ-ကျောင်းဒါယိကာမ ဒေါ်ချိုချိုမြင့် (ရိုးရတနာ-စိန်ရွှေရတနာဆိုင်) မိသားစုတို့မှမတည်လှူဒါန်း၍ ကုသိုလ်ရှင်များ ပေါင်းစုကောင်းမှုဖြင့် အဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၆ခုနှစ် ဝါဆိုလပြည့်နေ့ (၁၁-၇-၂၀၁၄ရက်) သောကြာနေ့ နံနက် ၉း၀၀နာရီတွင် ကျင်းပမည်ဖြစ်ရာ စေတနာရှင် ဒါယကာ၊ ဒါယိကာမများအနေဖြင့် ကြွရောက်ပြီး အလှူရှင်မိသားစုနှင့်အတူ ရေစက်သွန်းချ တရားတော်များ နာယူနိုင်ပါရန် မေတ္တာဖြင့် ဖိတ်ကြားအပ်ပါသည်။ **အလှူရှင်များနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့**

ဒေါ်ငြိမ်းငွေ(ခ)ဒေါ်ငြိမ်းငြိမ်းငွေနှင့်အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးမြင့်နိုင် ၁၃/နခတ(နိုင်)၀၀၅၉၃၃နှင့် ဒေါ်ငြိမ်းငွေ(ခ)ဒေါ်ငြိမ်းငြိမ်းငွေ ၁၃/နခတ(နိုင်)၀၃၇၂၅၇တို့သည် ၂-၇-၂၀၁၄ရက်တွင် နောင်ချိုမြို့နယ်၊ လုံရုံးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် နှစ်ဖက်သက်သေများရှေ့မှောက်တွင် တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ နောက်နောင်တွင် ကျွန်ုပ်အား သိက္ခာကျဆင်းစေသော အပြောအဆို၊ အပြုအမူများထပ်မံပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးမြင့်နိုင်
၁၃/နခတ(နိုင်)၀၀၅၉၃၃

ပညာရေးသတင်းများနှင့်ကြော်ငြာ

၂၀၁၄-၂၀၁၅ပညာသင်နှစ်ကျောင်းပြင်ပမူလတန်းပညာရေး ကျုံပျော်၌ဆောင်ရွက်

ကျုံပျော် ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို အခြေခံပညာ အထက်တန်းကျောင်း ကျုံပျော်၌ ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းဝင်းတို့က အခြေခံပညာကျောင်းများတွင် ပညာဆည်းပူးခွင့်မရရှိကြသည့် မူလတန်းအရွယ်ကလေးငယ်များအား မူလတန်းကျောင်း သင်ခန်းစာများကို အခွင့်အရေးပြည့်ဝစွာ သင်ယူနိုင်ကြစေရေး အမှာစကား ပြောကြားပြီး မြို့နယ်အတွင်း ဆောင်ရွက်နေသည့် အခြေအနေများကိုအသိပေးဆွေးနွေး ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်က ကျောင်းပြင်ပစခန်း တည်ရှိရာဒေသရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ တာဝန်ပေးအပ်လွှာများကို ပေးအပ်ခဲ့ကြောင်းသိရသည်။

အလှူရှင်များကလည်း ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာ သင်ကြားနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် ကျောင်းပြင်ပမူလတန်းပညာ သင်ကြားရေးအတွက် ငွေကျပ် ၃၅၈၀၀၀ နှင့် ကလေးများအတွက် ဗလာစာအုပ် ၉၃ ဒါဇင်ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ကျုံပျော်မြို့နယ်အတွင်း ကျောင်းပြင်ပ မူလတန်းပညာရေးသင်ကြားမှုများကို အထက ကျုံပျော်၊ မြို့မ အထက၊ အထောင်၊ သောင်ကြီး၊ မန်းကြာနှင့် ရေစခန်းစသည့် သင်ကြားမှုဌာနပေါင်း ခြောက်ခုတွင် ဆရာဦးရေ ၁၄ ဦးဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အသက် ၁၀ နှစ်မှ ၁၄ နှစ်အရွယ် ကျောင်းသားကျောင်းသူ ၁၀၀ ကျော်ခန့် တက်ရောက်ပညာသင်ယူလျက်ရှိပြီး ကလေးငယ်များ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် မြို့နယ်တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာများနှင့် စေတနာ့ဝန်ထမ်းများ၊ မိဘများမှ စုပေါင်းကူညီပါက ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

သာစည်မြို့နယ်၌ အခြေခံပညာအလယ်တန်းကျောင်းခွဲ မုံပင်-အုတ်ကျင်း အဆင့်တိုးမြှင့် ဖွင့်လှစ်

သာစည် ဇူလိုင် ၇

မိတ္ထီလာခရိုင် သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအုပ်စု မုံပင်-အုတ်ကျင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းကို အခြေခံပညာ အလယ်တန်းကျောင်းခွဲအဆင့် တိုးမြှင့်သတ်မှတ်လိုက်သဖြင့် ကျောင်းသားကျောင်းသူများအတွက် အလယ်တန်းပညာများကိုပါ ဆက်လက်သင်ယူနိုင်တော့မည်ဖြစ်သည်။

အဆိုပါကျောင်းခွဲ အဆင့်တိုးမြှင့်သတ်မှတ်ခြင်းအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီကကျောင်းရှေ့တွင်ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးမြင့်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိန်လှိုင်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးဆယ်ပြားတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ကျောင်းခွဲအဆင့်တိုးမြှင့်ပေးရခြင်းအပေါ် ဝမ်းမြောက်ခြင်းနှင့် ကျောင်းသား ကျောင်းသူများအတွက် အရည်အချင်းပြည့်ဝသည့် သင်ယူလေ့လာမှုများ ရရှိစေရန် မိဘ၊ ဆရာများနှင့် မြို့နယ်တာဝန်ရှိသူများက တာဝန်ယူ ဆောင်ရွက်ပေးစေလိုကြောင်း တာဝန်ရှိသူများကပြောကြားသည်။

အလယ်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ပေးခဲ့သည့် မုံပင်-အုတ်ကျင်းကျေးရွာ ကျောင်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

ထိုကဲ့သို့ ကျောင်းအဆင့်မြှင့်တင်ပေးမှုကြောင့် မုံပင်-အုတ်ကျင်းကျေးရွာ၊ ရေပေါင်းဆုံကျေးရွာနှင့် ဆင်တဲကျေးရွာများမှ ကျောင်းသားကျောင်းသူ အလယ်တန်းအဆင့် ၁၀၆ ဦး၊ မူလတန်းအဆင့် ၁၅၃ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၅၉ ဦးတက်ရောက်ပညာသင်ယူနိုင်ပြီဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

သတင်းတိုများ

ပညာရေးဝန်ကြီးဌာနစီမံချက်ဖြင့် မူလတန်းကလေးများအား အာဟာရတိုက်ကျွေး

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ကျောင်းအဆင့် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းထောက်ပံ့ကြေးစီမံချက် လုပ်ငန်းကော်မတီမှ ကျောင်းသား၊ ကျောင်းသူများအား ပဲနို့နှင့် အာဟာရ တိုက်ကျွေးခြင်းကို ဇူလိုင် ၄ ရက်က ပဲခူးတိုင်းဒေသကြီးညောင်လေးပင်မြို့နယ်ရှိအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အထက(ခွဲ)ရှိ မူလတန်းကျောင်းသား၊ ကျောင်းသူ ၃၈၀ ဦးတို့အား ပဲနို့နှင့် ကြက်ဥများ တိုက်ကျွေးခဲ့ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝင်းက ပညာသင်ထောက်ပံ့ကြေးစီမံချက်အရ ပဲနို့နှင့် အာဟာရကျွေးမွေးရခြင်းကြောင့် ရရှိလာသည့် အကျိုးကျေးဇူးများကို ပြောကြားခဲ့ကြောင်းသိရသည်။

ကလေးငယ်များအတွက် အာဟာရပြည့်မီရေးသည် ကိုယ်ကျန်းမာရေးနှင့် ဦးနှောက်အပါအဝင် စိတ်ဓာတ်ကြံ့ခိုင်ရေးအတွက်ပါလိုအပ်ခြင်းကြောင့် ယခုကဲ့သို့ အာဟာရအနေဖြင့် တိုက်ကျွေးပေးရခြင်းဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေး ဟောပြော

ညောင်တုန်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၄ ရက်က ကျင်းပရာ ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ ခြင်မကိုက်စေရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်လှက ပြောကြားခဲ့ပြီး ကျန်းမာရေးဆရာမ ဒေါ်ရီရီခိုင်က ကျောင်းသားကျောင်းသူများ ကျန်းမာရေးအသိနှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားနိုင်သည့်အခြေအနေများအတွက် ဟောပြောခဲ့ကြောင်းသိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

ကန်ကြီးထောင့်မြို့နယ် ဆိပ်သာကျေးရွာ၌ မူလတန်းကျောင်းခွဲသစ် ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ကန်ကြီးထောင့်မြို့နယ် ဆိပ်သာကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း(ခွဲ) ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉နာရီက ပညာပေးရွာသစ်ကုန်းကျေးရွာ အမက(ခွဲ)၌ကျင်းပသည်။

ကန်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူးဦးမြင့်စိန်ကအမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်လှရီက ပညာရေးဆိုင်ရာများရှင်းလင်းပြောကြားသည်။ ထို့နောက်ကန်ကြီးထောင့်မြို့ရဲမစခန်းမှူး ဦးတင်ဝင်းက မှုခင်းကျဆင်းရေးဆိုင်ရာများ ဟောပြောခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမောင်နှင့်ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ

လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၂၂

ကွယ်လွန်သူ ဒေါ်ခင်မေဦး၏ ကျန်ရစ်သောပစ္စည်းများအကြောင်း
ဒေါ်ခင်သန်း
အမှတ် ၂၂-ဘီ၊ (၂) လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **လျှောက်ထားသူ**

အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ဒေါ်ခင်သန်းက ကွယ်လွန်သူ ဒေါ်ခင်မေဦး၏ မိခင်အရင်းဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ဒေါ်ခင်မေဦး၏ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ပေးရန်ရှိသော ကြွေးမြီများကို ပေးဆပ်ရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ခင်မေဦးမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ပေးရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဇူလိုင် ၂၉ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၃ရက်)နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်ခင်သန်း၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇူလိုင်၄ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ခင်သစ်ဆွေ)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၇၂၆၄၄ V.Anbo-110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းသိန်းလွင် ၅/စကန(နိုင်) ၁၅၀၃၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)

မင်းဘူးမြို့နယ်တရားမရုံးတော်၌

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၃

မလဲ့လဲ့ခိုင်	နှင့်	၁။	မဝေဝေခိုင်
လက်ခုတ်ပင်ကျေးရွာ၊ စကုမြို့		၂။	ကိုဇော်ထွန်း
		၃။	ဦးမြင့်သိန်း စကာကျေးရွာ၊ စကုမြို့
တရားလို			**တရားပြိုင်များ**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ စကာကျေးရွာရပ်နေ မဝေဝေခိုင်(ဘ) ဦးသန့်နိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမလဲ့လဲ့ခိုင်က အတိုးမဲ့ချေးငွေကျပ် ၄၅ သိန်းနှင့် နစ်နာကြေးငွေကျပ် ၁၅ သိန်းတို့နှစ်ရပ်ပေါင်း ငွေကျပ်သိန်း ၆၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၅ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၁၀ရက်) နံနက် ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နွယ်နီဦး)
မြို့နယ်တရားသူကြီး၊ မင်းဘူးမြို့နယ်တရားရုံး

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၆-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၁ တွင် ပါရှိသော အများသိစေရန်သတိပေးကြေညာချက်တွင် မြေကွက်အမှတ် ၂၉၀ အစား ၂၉၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၂၂)

တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်၌

၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၇ နှင့်ဆက်သွယ်သည့်

၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၆

ဦးမျိုးမင်းကြည်	နှင့်	ဦးတင်ရွှေ ပါ(၄)ဦး
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

(၁)ဦးတင်ရွှေ၊ (၂)ဒေါ်သိန်းကြည် (အတူနေ) ယခင်အမှတ် ၃၈/က၊ (ယခု)မြေကွက်အမှတ် အမှန် ၃၈/ခ၊ ကေတုမာလာရိပ်သာ ၂ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ (၃) မဝေမော်၊ အမှတ်၆၆၊ ပါရမီလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ (၄)ဒေါ်မကြီး အမှတ် ၅၂၁/ခ၊ ပါရမီလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ် လိပ်စာမသိသူများ)သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၇တွင် ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမျိုးမင်းကြည်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင်၁၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇူလိုင် ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်စိုးခိုင်
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၃၅၀၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လက်ယက်ရေနံတွင်းတူးလုပ်ငန်းလုပ်ကိုင်သူများ အနက်ပေ ၁၀၀၀ အထိသာ တူးဖော်ခွင့်ပြုမည်

မကွေး ဇူလိုင် ၇

မကွေးတိုင်းဒေသကြီး ရေနံလက်ယက်တွင်းတိမ်ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း ဆိုင်ရာ လုပ်ငန်းရှင်များအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မကွေးမြို့ ရန်မျိုးအောင်ရပ်ရှိ ရေနံလက်ယက်တွင်းတိမ်ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းရှင်များ အသင်းရုံး၌ ဇူလိုင် ၄ ရက်က ကျင်းပသည်။

ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်း ရရှိစေရေး . . .

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးညီညီအောင်က မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံလုပ်ငန်းရှင်များ အနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပြောကြားသည်။

ရေနံလက်ယက်တွင်း(ပေတိမ်) တူးဖော်ရာ၌အများဆုံးအနက် ပေ ၁၀၀၀ အထိသာ တူးဖော်စေခြင်း၊ တွင်းတစ်တွင်း သို့မဟုတ် တွင်းစုများ၏ ပတ်ဝန်းကျင်ပေ ၅၀ အကွာမှ စည်းရိုးဝင်းခြံပြုလုပ်၍ အကာအကွယ်ပြုလုပ်ရန်၊ လုပ်ကိုင်ခွင့်ပြုလုပ်ထားသည့် ဧရိယာအတွင်း အသက်မပြည့်သေးသော ကလေးသူငယ်များ မဝင်ရောက်စေရန်၊ မီးဘေးအန္တရာယ်ကို အထူးသတိထားဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်မဖြစ်စေရန်အတွက် ရေနံစိမ်းများ စီးဆင်းယိုဖိတ်မှုမဖြစ်စေရေး၊ ရေနံတူးဖော်နေစဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးအကြောင်းကြားရန်၊ တူးဖော်ရာတွင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဆောင်ရွက်ရန်နှင့် လုပ်သားများ၏ သာရေး၊ နာရေး သက်သာချောင်ချိရေးကိုအလေးထားဆောင်ရွက်ရန်နှင့် ရေနံစိမ်း ဝယ်ယူနေသော ခြံများတွင် လုပ်ကိုင်ခွင့်ပြုမိန့်စာရွက်မိတ္တူမှတစ်ဆင့် လုပ်ကိုင်သူဖြစ်လျှင် တရားဝင်အငှားစာချုပ်၊ ကိုယ်စားလှယ်လွှဲစာဖြင့် လုပ်ကိုင်ရန် စသည့်အချက်များဖြင့် စနစ်တကျ တူးဖော်ဆောင်ရွက်စေကြောင်းသိရသည်။

ခင်မာလာ(မကွေး)

မန္တလေးမြို့ရှိ ပန်းရောင်းနေကြသော ကလေးငယ်လေးများနှင့်ရွှေပြည်မိုးလက်ဖက်ရည်ဆိုင်မှ စားပွဲထိုးကလေးများအား ညအချိန်ပညာသင်ကြားပေးခြင်းကို ပန်းပျိုးသူများစာသင်ဝိုင်း၏ စေတနာဝန်ထမ်း ဆရာ ဆရာမလေးများက သင်ကြားပေးလျက်ရှိရာ ကလေးငယ်များ ပျော်ရွှင်စွာ ပညာသင်ကြားနေကြစဉ်။ သတင်းမြင်ကွင်း- ကိုဝမ်း (မန္တလေး)

စစ်တွေ၌ ပုလဲသွယ်မျိုးစေ့ချပွဲကျင်းပ

စစ်တွေ ဇူလိုင် ၇

ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ တောင်သူဦးပေါ်အောင်၏ ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧက စံပြကွက်၌ ပျိုးထောင်မျိုးစေ့ချပွဲကို ဇူလိုင် ၅ ရက်ကကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးဦးလှမောင်သာ၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်စိုက်ပျိုးရေးဝန်ထမ်းများ၊ ကျေးရွာများမှ တောင်သူများ ပူးပေါင်း၍ စံပြကွက်ပေါင်ဖော်ခြင်း၊ မျိုးစေ့ချခြင်း၊ မျိုးစေ့ချပြီးစိုက်ပေါင်များကို ဖွဲ့ပြာဖုံးအုပ်ခြင်းစသည့် မျိုးစေ့မျိုးထောင်ခြင်း လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြသည်။

မျိုးစေ့ချပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးထွန်းလှဖြူက မျိုးစေ့ချနှုန်းမှန်ကန်မှသာ ပျိုးပင်များကို လယ်မြေများတွင် ပြောင်းရွှေ့စိုက်ပျိုးသည့်အခါ ပျိုးပင်များတွင် ပင်ပွားနှစ်ပင်ရရှိပြီး ကောက်စိုက်စဉ်ကတည်းက သုံးပင်ရရှိ၍ စိုက်ပျိုးသည့် စပါးသက်တမ်းတစ်လျှောက် စပါးပင်များ ၁၃ မှ ၁၅ ပင် အထိရရှိနိုင်သည့် အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

စစ်တွေမြို့နယ်၌ ၂၀၁၄-၂၀၁၅ မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးဧက ၂၃၆၈၄ ဧက စိုက်ပျိုးရန်လျာထား ဆောင်ရွက်လျက်ရှိပြီး တစ်ဧကအထွက်နှုန်းတိုးရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်တော်သာ၊ ဥယျာဉ်သာ၊ ကုတင်ပိုက်ကျေးရွာအုပ်စုများရှိ အများမြင်သာမည့် လမ်းဆုံလမ်းခွနေရာများ၌ တောင်သူပညာပေး စံပြစိုက်ကွက်များအဖြစ် တစ်ကွင်းတစ်စပ်တည်း ပုလဲသွယ်မျိုးစပါး ၁၀ ဧကနှစ်ကွက်နှင့် အထွက်ကောင်းမျိုးစပါး ဧက ၅၀ ကို တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးဆောင်ရွက်ရန်စီစဉ်နေကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မျိုးသန့်စံပြဧရာမင်းစပါးကို ပေါင်စနစ်ဖြင့် မျိုးစေ့ချပျိုးထောင်ခြင်း အရာတော်၌ပြုလုပ်

မုံရွာ ဇူလိုင် ၇

မုံရွာခရိုင် အရာတော်မြို့နယ် နေရာခင်းကျေးရွာအုပ်စု ကာဘိုဆည်ရေသောက် စိုက်ကွင်းများအတွင်း တောင်သူ ဦးဌေးလင်း၏ လယ်မြေ၌ မျိုးသန့်ဧရာမင်းစပါး ပေါင်စနစ်ဖြင့် မျိုးစေ့ချ ပျိုးထောင်ပွဲကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မျိုးသန့်ဧရာမင်းစပါး ပေါင်စနစ်ဖြင့် မျိုးစေ့ချခြင်းကြောင့် မိုးစပါးများတွင် လေလွင့်ပျက်စီးမှုနည်းပါးခြင်း၊ မျိုးစေ့နှုန်းထား သက်သာခြင်း၊ သန်မာသော ပျိုးပင်များရရှိခြင်း၊ ပင်ပွားအားကောင်းခြင်းများ ဖြစ်စေနိုင်ပြီး အဆိုပါစပါးများကို သိပ္ပံနည်းကျ အချက် ၁၄ ချက်နှင့်အညီ စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

ယင်းမျိုးသန့်စံပြဧရာမင်းစပါး ပေါင်စနစ်ဖြင့် မျိုးစေ့ချပျိုးထောင်ရာသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဘဌေးနှင့် ဝန်ထမ်းများက တောင်သူဦးဌေးလင်း၏ လယ်မြေစိုက်ကွင်း၌ မျိုးစေ့ချ ပျိုးထောင်ရာ ကျေးရွာတောင်သူတို့က လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့နောက် နေရာခင်းကျေးရွာဒေသခံတစ်ဦးက ယခင်က မျိုးစေ့မမှန် အပင်မသန်ခြင်းကြောင့် အထွက်နှုန်းများ ကျဆင်းခဲ့ရသဖြင့် စီးပွားရေးထိခိုက်ဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ ယခုကဲ့သို့ မျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာမှုကြောင့် အောင်မြင်ဖြစ်ထွန်းလာနိုင်တော့မည်ဖြစ်ကြောင်း၊ တောင်သူများအတွက် သက်သာသည့်ဈေးနှုန်းဖြင့် ပျိုးပင်များ ရောင်းချပေးစေလိုကြောင်း၊ မျိုးစပါးများ အလေအလွင့်မရှိစေရန်အတွက် ကူညီပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဖိုးချမ်း(မုံရွာ)

ရမည်းသင်းမြို့နယ်ရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေး အရှိန်မြှင့်

ရမည်းသင်း ဇူလိုင် ၇

သမဝါယမလုပ်ငန်းများ ရေရှည် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လုပ်ငန်းလုပ်ကိုင်မှုများ အရှိန်အဟုန်မြင့်မားလာစေရန်အတွက် အခြေခံသမအသင်းမှ အသင်းသားများနှင့် သမဝါယမလုပ်ငန်းများ တိုးတက်ရေးအတွက် ရမည်းသင်းမြို့နယ် ရွှေဒါးသာစည်အုပ်စုရှိ အောင်သာယာသမဝါယမအသင်း၌ ဆွေးနွေးပွဲများကို ဇူလိုင် ၄ ရက်က ကျင်းပခဲ့သည်။

အသင်းသားများအတွက် စုဆောင်းသည့်အလေ့အထများ၊ နောင်တစ်ချိန်တွင် မိမိအသင်းပိုင်အဖြစ် ဆောင်ရွက်နိုင်ရေးတို့ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံက အကြံပေးပြောကြားသည်။

ထို့နောက် တိုင်းအသင်းစုချုပ်မှ ဦးစိန်ဝင်းက တောင်သူလုပ်ငန်းသုံးစက်ပစ္စည်းများကို အသင်းဝင်တောင်သူများ အသုံးပြုလိုပါက ၂၀ ရာခိုင်နှုန်းကို ပေးချေကာ ကျန် ၈၀ ရာခိုင်နှုန်းကို အသင်းစုချုပ်မှ အတိုးနှုန်း တစ်ကျပ်ခွဲနှုန်းဖြင့် ဝယ်ယူပေးမည်ဖြစ်ကြောင်း တောင်သူအသင်းသားများထံ အသိပေးခဲ့သည်။

ထို့အပြင် မိမိနှစ်သက်ရာ ဓာတ်မြေဩဇာများကိုလည်း ငါးလပေးစနစ်ဖြင့်ဝယ်ယူအသုံးပြုနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်းသိရသည်။

အခြေခံ သမဝါယမအသင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရှင်းလင်းပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ မန္တလေးတိုင်းသမဝါယမအသင်းစုချုပ်မှ ဦးစိန်ဝင်း၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မြို့နယ်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ အသင်း၌ အသင်းသား ၅၀၁ ဦးခန့်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကရင်ပြည်နယ်အခွန်ဦးစီးဌာန၊ ဖာပွန်မြို့တွင် ဖာပွန်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ပေ(၄၀×၃၀) အရွယ်အစားရှိ ရုံးအဆောက်အအုံနှင့် ပေ(၆၀×၁၄၀) ခြံစည်းရိုးဆောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ တင်ဒါပေးသွင်းသူသည် တိုင်းရင်းသားလုပ်ငန်းရှင်ဖြစ်ပြီး ကိုယ်တိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
၃။ တင်ဒါအာမခံစပေါ်ငွေအဖြစ် ငွေကျပ်လေးသိန်းပေးသွင်းထားသော P.O Cheque အား တင်ဒါနှင့်အတူ ပူးတွဲတင်ပြရမည်။
၄။ တင်ဒါပုံစံတစ်စောင်လျှင် ငွေကျပ် ၂၀၀ဝ/- နှုန်းဖြင့်၁၀-၇-၂၀၁၄ ရက်မှစပြီး အောက်ဖော်ပြပါလိပ်စာတွင် ဝယ်ယူနိုင်ပါသည်။
၅။ အိတ်ဖွင့်တင်ဒါများကို ၁၁-၈-၂၀၁၄ ရက် နံနက် ၉း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။ နံနက် ၁၀ နာရီတွင် ဖွင့်လှစ်မည်။
၆။ ပြင်ဆင်ချက်များရှိက ပြင်ဆင်ချက်အတိုင်း လက်မှတ်တိုရေးထိုးရန်နှင့် တင်ဒါများကို ချိတ်ပိတ်စာအိတ်ဖြင့်ထည့်ရမည်။
၇။ တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့အနေဖြင့်အကြောင်းတစ်စုံတစ်ရာဖော်ပြခြင်းမရှိဘဲ တင်ဒါများကို ပယ်နိုင်သော အခွင့်အာဏာရှိသည်။
၈။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့
ကရင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး
အထက(၄)ကျောင်းလမ်းနှင့် သုခနေလမ်းထောင့်
ဘားအံမြို့
ဖုန်း-၀၅၈-၂၁၀၈၅၊ ၀၅၈-၂၁၀၉၄

ဖခင်အမည်မှန်
ဒိုက်ဦးမြို့နယ်၊ ဖအောင်ဝဲရပ်ကွက်၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်သက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမင်းနိုင်ဦး ၇/ဒဥန(နိုင်)၁၀၁၈၁၃ဖြစ်ပါသည်။

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တောင်ငူမြို့၊ ပွတ်စုကျေးရွာ၊ ကွင်းအမှတ် ၅၃၈၊ ဦးပိုင်အမှတ် ၈၄/၁၅၁၊ မြေကွက်အမှတ် ၁၉၂/၄၄၇ (လောကုတ္တရာ)ခြံသည် မောင်စံဖေ၊ မကျိန်အမည်ပေါက်ဖြစ်ပြီး အဆိုပါခြံမြေကို ရောင်းချပိုင်ခွင့်ရှိသူထံမှ ဦးကျော်မြင့်(ရဲမှူး) (ငြိမ်း) တစ်ဦးတည်း၏စုဆောင်းငွေဖြင့် ၁၉၅၅ခုနှစ် မေ ၇ရက်တွင် ဝယ်ယူခဲ့ပါသည်။ အရပ်သက်သေ၊ အရပ်စာချုပ်ဖြင့် ဦးကျော်မြင့်၏မိခင် ဒေါ်ထင် အမည်ငှားဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ မြေကွက်ချထားသော အမိန့်စာ(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များကို ဝယ်ယူစဉ်မှ ယခု ၂၀၁၄ခုနှစ်အထိ ဦးကျော်မြင့်၏လက်ဝယ်ရှိပါသဖြင့် ၎င်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အရပ်ရပ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကျော်မြင့် (ဘ)ဦးဘသိန်း ၁၂/ကတတ(နိုင်)၀၀၄၅၈၄ တစ်ဦးတည်းသာ လျှင်ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

အဆိုပါခြံမြေအား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်လွှဲထားခြင်းမရှိပါ။ အပ်နှံထားခြင်းမရှိပါ။ အဆိုပါခြံမြေနှင့်ပတ်သက်၍ မည်သူမဆို ခြံကာခြင်း၊ မြေအခွန်တောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ဖလှယ်ခြင်း၊ အမည်ပြောင်းလျှောက်ခြင်း၊ အဆောက်အအုံပြုပြင်တိုးချဲ့ခြင်း၊ ခြံအတွင်း ခွင့်မပြုဘဲ နေထိုင်ခြင်း၊ အခြားတစ်စုံတစ်ဦးအား နေထိုင်စေခြင်းနှင့် အခြားမည်သည့်နည်းနှင့်မဆို တရားမဝင်ကျော်နင်းကျူးလွန်ပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ ကန့်ကွက်လိုပါက စာချုပ်စာတမ်းအထောက်အထား(မူရင်း)နှင့်တကွ ၁၄ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်သည်။

ရဲမှူးကျော်မြင့်(ငြိမ်း) ၁၂/ကတတ(နိုင်)၀၀၄၅၈၄
ဖုန်း-၀၉-၇၃၁၈၄၇၁၆

ဖခင်အမည်မှန်
ဒိုက်ဦးမြို့နယ်၊ ဖအောင်ဝဲရပ်ကွက်၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မဖြူဖြူသင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင် ၇/ဒဥန(နိုင်)၁၄၇၂၁၉ ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူများထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။
(က) ဆေးဂိုဒေါင် (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း
(ခ) စာသင်ခန်းမ အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း
(ဂ) O_2 Plant ထားရှိရန် အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း
၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။
၃။ **တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၇-၂၀၁၄ရက် (တနင်္လာနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၄ရက် (ကြာသပတေးနေ့)၊ ၁၆း၀၀ နာရီ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၇၄/၃)၊ ဧရိယာ ၀ဒသမ၀၁၇ဧက၊ မြေကွက်တည်နေရာအမှတ် (၁၃)၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက်အစိုးရမြေအား ၁၉၇၉ခုနှစ်က လှိုင်မြို့နယ် ပြည်သူ့ကောင်စီနှင့် လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ မီးလောင်မြေ၌ နေရာပြန်လည်ချထားပေးသော ကတိခံဝန်ချက်နှင့်မြေကွက်ရရှိသူ ဖခင် ဦးမောင်တင်နှင့် မိခင် ဒေါ်ခင်မြရီ(မောင်)ဦးကျော်ကျော်နိုင်(လူပျိုကြီးဘဝဖြင့်)တို့ ကွယ်လွန်ကြသဖြင့် ဒေါ်အေးအေးမော်၊ ဒေါ်သန်းသန်းမော်နှင့် ဦးတိုးတိုးနိုင်တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် အရပ်ကတိစာချုပ်တို့တင်ပြ၍ ဒေါ်အေးအေးမော်တို့ သုံးဦးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ယဉ်ယဉ် ၁၂/မရက(နိုင်)၀၁၉၀၄၃က အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်အရ နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်စစ်ဆေးရေးဌာနအတွက် အသုံးပြုရန် လိုအပ်သောအောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကိုပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	Rectifier 30A, Single Phase	48-Nos
(ခ)	**Generator & AVR**	**2-Items**
	(၁) 15KVA Generator	15-Nos
	(၂) 10 KVA AVR	1-No
(ဂ)	**Fiber Cable & Accessories**	**2-Items**
	(၁) Fiber Cable 12 Core (O/H)	36-Kms
	(၂) Fiber Optic Joint Closure (12 Core) (Double Entry) Including Accessories Such as Pigtails (FC/PC), Protection Sleeves, Trays etc.	42-Nos
(ဃ)	**Auto Telephone CLI and Line Man Test Phone**	**2-Items**
	(၁) Auto Telephone CLI	250-Nos
	(၂) Line Man Test Telephone	8-Nos
(င)	**Concrete Posts**	**2-Items**
	(၁) Concrete Posts 7M (125 mmØ.,200mmØ)	1,185-Nos
	(၂) Concrete Posts 8M (150mmØ.,235mmØ)	1254-Nos
(စ)	**Jointing Materials**	**8-Items**
	(၁) 75 BB 600DCDC/4442	17-Sets
	(၂) 100 BB 600DCDC/4442	5-Sets
	(၃) Cabinet 800Prs	5-Sets
	(၄) DP Box (10Pairs)	393-Sets
	(၅) Eriband Reel	134-Reels
	(၆) Locking Seal	44-Rolls
	(၇) Module 4000 (120Pcs/Ctn)	16-Ctns
	(၈) O/H Closure SC2FB19	416-Nos
(ဆ)	**Overhead Cable and Underground Cable**	
	(၁) O/H Cable 10x 2 x 0.4mm	27-Kms
	(၂) O/H Cable 20x 2x 0.4mm	27-Kms
	(၃) O/H Cable 30x 2x 0.4mm	23.5-Kms
	(၄) O/H Cable 40x 2x 0.4mm	3-Kms
	(၅) O/H Cable 50x 2x 0.4mm	17.5-Kms
	(၆) O/H Cable 70x 2x 0.4mm	10.5-Kms
	(၇) O/H Cable 100x 2x 0.4mm	6-Kms
	(၈) U/G Cable 10x 2x 0.4mm	0.5-Km
	(၉) U/G Cable 20x 2x 0.4mm	2-Kms
	(၁၀)U/G Cable 30x 2x 0.4mm	2.3-Kms
	(၁၁)U/G Cable 50x 2x 0.4mm	2.5-Kms
	(၁၂)U/G Cable 70x 2x 0.4mm	1-Km
	(၁၃)U/G Cable 100x 2x 0.4mm	2-Kms
	(၁၄)U/G Cable 200x 2x 0.4mm	8.5-Kms
	(၁၅)U/G Cable 300x 2x 0.4mm	2-Kms
(ဇ)	**စာတိုက်ပုံစံ**	**56-Items**
	[MO- 1(S), MO-2(S), MO-3, MO-15, MO-16, MO-18, MO-3(a) RP-51, RP-51(a), RP-33, RP-3 etc;]	

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၃၁-၇-၂၀၁၄ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအားလက်ခံမည် မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန www.mict.gov.mm.Website နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် (၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

ရန်ကုန်စီးပွားရေးတက္ကသိုလ်
ညနေပိုင်းမဟာဘွဲ့သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (EMBA)
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (EMPA)
(ဂ) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (EMDevS)

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိလုပ်သက်(၈)နှစ်ရှိရမည်။
(ဂ) ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် Executive Level လုပ်သက်(၈)နှစ်ရှိရမည်။
